တက္ကသိုလ်

# ဝင်းကြွယ်

# မာယာတောင်ချောက်

(၄) အုပ်တွဲသိုင်းစာစဉ်




စာစဉ် (၂)

နီခွမ်း၏ ဟိကျန်ချင်စင်

2010

သိုင်းစာစဉ်များpage.

7.9.2017

အလွမ်းရင်ခွင်(ကျော်ဆန်းဦး)

Alien မှ pdf အဖြစ် စကန်ဖတ်သည်

တက္ကသိုလ်

# ဝင်းကြွယ်

## မာယာသာသောင်ချောက်

နီခွမ်း၏ တိကျန်ချင်စင်

စာစဉ်-၂



စာမူခွင့်ပြုချက်အမှတ် – ၅၀၁၅၈၂၁၁၀၉
မျက်နှာဖုံးခွင့်ပြုချက်အမှတ် – ၅၀၁၅၂၅၁၁၀၉

၂၀၁၀ - ခုနှစ်

ပထမအကြိမ် – အုပ်ရေ – ၅၀၀
တန်ဖိုး – ၁၀၀၀/– ကျပ်

**ထုတ်ဝေသူ**
ဒေါ်မိုးကေခိုင်၊ ချိုတေးသံစာပေ
ရွှေနံ့သာကျေးရွာ၊ ပုလဲမြို့ (၃)
မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။

**ပုံနှိပ်သူ**
ဦးသော်လွင်မြင့်၊ စန္ဒကူးပုံနှိပ်တိုက်
9-H နဝရတ်ရိပ်သာလမ်း၊
မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့။

**မျက်နှာဖုံးရိုက်**
ဦးဝင်းကျော်မိုး၊ မုံရွေးပုံနှိပ်တိုက်
အမှတ် ၁၄၀၊ ၄၅–လမ်း၊
ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။

တက္ကသိုလ်
ဝင်းကြွယ်

# မာယာထောင်ချောက်

စာစဉ် - ၂

## အခန်း (၈)

ဖန်ဝေး ကျေးဇူးရှင်ကြီးရှိရာ ကျောက်အိမ်လေးထဲသို့ ပြန်ရောက်လာသည်။

ထို့နောက် ဝမ်းသာအားရ လှမ်းခေါ်လိုက်၏။

"ဘွားဘွား"

အဘွားကြီးက အံ့ဩသောအမူအရာဖြင့် ဖန်ဝေးအား စိုက်ကြည့်လိုက်ပြီး ...

"လူကလေး ... ငါထွက်သွားခိုင်းတာ ဘာဖြစ်လို့ ထွက်မသွားရတာလဲ"

"ဘွားဘွား"

ဖန်ဝေး၏စကားမဆုံးမီ အဘွားကြီးက ကြားဖြတ်၍ ပြောလိုက်ပြန်သည်။

"လူကလေး ... မင်းဟာ ငယ်ငယ်လေးပဲ ရှိသေးတယ်"

ဖန်ဝေးမှာ ဝမ်းနည်းသွားပြီး စိတ်မကောင်းဖြစ်သွားကာ မျက်ရည်များကျလာသည်။

အဘွားကြီးက ဆက်ပြောပြန်သည်။

"လူကလေး ... ငါ အသက်ရှင်နေဖို့ ခြောက်လပဲ ကျန်တော့တယ်"

"မဟုတ်ဘူး ... ဘွားဘွား နောက်ထပ် အသက်သုံးလေးဆယ် ကျွန်တော်နဲ့အတူ နေရဦးမယ်"

"လူကလေးကို ဘွားဘွား ပညာကုန်ပေးခဲ့ပြီးပြီ၊ ဒီတော့ သေရမယ်ဆိုလည်း ဘွားဘွားဝမ်းမနည်းတော့ပါဘူး၊ ခုဆို ဘွားဘွားဟာ မသေသေးဘဲ ဝေဒနာကိုခံစားနေရတယ်၊ ဒီအတွက် သေသွားတာမှ ကောင်းသေးတယ်"

"ဘွားဘွား ဒီလောက်သိုင်းပညာတော်နေတာ အတွင်းအားပြန်ပြည့်အောင် ကုသတဲ့နည်းရှိမှာပေါ့"

"အင်း ... နည်းတော့ရှိတာပေါ့၊ ဒါပေမဲ့ အဲဒီနည်းက ဘွားဘွားဆီမှာမရှိဘူးကွယ့်၊ သိုင်းကျမ်းစာအုပ်တစ်အုပ်ထဲမှာ ရှိတယ်"

ဖန်ဝေး ထိုစကားကြောင့် မျက်လုံးအစုံမှာ ဝင်းလက်လာပြီး

"အဲဒီသိုင်းကျမ်း ဘယ်သူ့ဆီမှာရှိသလဲ၊ ကျွန်တော့်ကို ပြောပြပါ၊ ကျွန်တော် ခေတ္တခဏသွားငှားပေးပါ့မယ်"

ဖန်ဝေး သိုင်းလောကအကြောင်းကို သိရှိနားလည်ခြင်းမရှိ။

အဘွားကြီးပြောသည့် သိုင်းကျမ်းကို လွယ်လွယ်နှင့် ငှား၍ရမည် ထင်နေသည်။



ငယ်ရွယ်သူဖြစ်၍လည်း သိုင်းကျမ်းတစ်ကျမ်း မည်မျှတန်ဖိုးရှိသည်ကိုမသိ။

သိုင်းလောက၏ကောက်ကျစ်စဉ်းလဲပုံကိုလည်း ဖန်ဝေးနားမလည်။

အဘွားကြီးက ဖန်ဝေးအား ကြင်နာယုယဟန်ဖြင့် ...

"လူကလေး စိတ်ဆင်းရဲမယ်၊ တကယ်လို့ ဒီစာအုပ်ရှိနေရင်လည်း ဘယ်သူက ငှားမှာလဲ၊ အဲဒီသိုင်းကျမ်းက ပျောက်နေတယ်လို့ ပြောသံကြားတယ်၊ ကိစ္စမရှိပါဘူး လူလေးရယ်၊ သေတာဟာ ဝမ်းနည်းစရာ မဟုတ်ပါဘူး၊ တစ်နေ့ လူတိုင်း တွေ့ကြုံရမယ့် ကိစ္စတစ်ခုပဲ မဟုတ်လား"

ထို့နောက် အဘွားကြီးက ပြောလက်စ,စကားကိုဖြတ်ကာ ဖန်ဝေးအား စူးစိုက်ကြည့်လိုက်သည်။

ဖန်ဝေး အမှန်တကယ် မိမိအတွက် စိတ်သောကများ ခံစားနေရကြောင်း ပေါ်လွင်နေသည်ကိုတွေ့ရမှ အဘွားကြီးက ဆက်ပြောသည်။

"ငါမပြောဘူး၊ ငါပြောရင် မင်းလေပွေကျွန်းက ထွက်သွားလိမ့်မယ်၊ ငါသေခါနီးတောင် မင်းကိုတွေ့ရတော့မှာ မဟုတ်ဘူး"

ထိုစကားကြောင့် ဖန်ဝေး စိတ်ကိုမထိန်းနိုင်အောင် ဝမ်းနည်းပူဆွေးလာကာ မျက်ရည်များ ထပ်မံကျဆင်းလာပြီး ...

"ကျွန်တော် မဖြစ်ဖြစ်တဲ့နည်းနဲ့ အဲဒီသိုင်းကျမ်းစာအုပ်ကို ရှာပေးပါ့မယ်၊ ဘွားဘွားက ဘယ်နေရာမှာရှိတယ်ဆိုတာကိုသာ ပြောပါ"

စကားဆုံးသည်နှင့် ဖန်ဝေး ခုနစ်ပေါက် ဓားရှည်ကိုယူပြီး ကျောတွင်လွယ်ပိုးလိုက်၏။

ငွေရောင်တုတ်ကောက်ကိုမူ လက်တွင်ကိုင်ဆောင်ပြီး သွားမည့်ဟန်ပြင်လိုက်၏။ အဘွားကြီးက ...

"လူကလေး ... မင်း တကယ်ပဲသွားတော့မှာလား"

"ဟုတ်ကဲ့ ... ကျွန်တော် မြန်မြန်လာစေချင်ရင် အဲဒီသိုင်းကျမ်းရှိတဲ့နေရာကိုသာ ပြောပြပေတော့"

"ကောင်းပြီ ... ငါပြောပြတော့မယ် လူကလေး၊ အဲဒီသိုင်းကျမ်းက ခွန်းလွန်ဂိုဏ်းရဲ့ လျှို့ဝှက်သိုင်းကျမ်းတစ်ဆူပဲ၊ သိုင်းလောကသားတွေ အဲဒီသိုင်းကျမ်းကို အင်မတန်လိုချင်ကြတယ်ကွယ့်၊ မင်းသွားရှာမယ်ဆိုရင် ခြောက်လမပြောနဲ့ ... ခြောက်နှစ်တောင် တွေ့ဖို့မလွယ်ဘူး၊ ဒီတော့ လူကလေး ပင်ပန်းတာပဲ အဖတ်တင်နေမယ်၊ သွားမနေပါနဲ့တော့ကွယ်"

အဘွားကြီးဆီမှ မမျှော်လင့်သောစကားကို ကြားလိုက်ရ၍ ဖန်ဝေး တအံ့တသြရေရွတ်လိုက်မိသည်။

"ဘယ်လို ... ခွန်းလွန်ဂိုဏ်းက လျှို့ဝှက်သိုင်းကျမ်း ... ဟုတ်



လား"

ဖန်ဝေးထံမှ ရေရွတ်သံကိုကြားလိုက်ရသဖြင့် အဘွားကြီး ကျိတ်၍ ဝမ်းသာသွားသည်။

ဤခွန်းလွန်ဂိုဏ်းမှသိုင်းကျမ်းကို လူငယ်လေး အမှန်တကယ် သိရှိနေရမည်ဖြစ်သည်။

ထို့ကြောင့် အဘွားကြီးက အံ့သြမှုကိုဖုံးကွယ်ကာ ဟန်ဆောင် မေးလိုက်သည်။

"ဟုတ်တယ် ... ခွန်းလွန်ဂိုဏ်းက လျှို့ဝှက်သိုင်းကျမ်းပဲ၊ ဘာလဲ ... လူလေးက ဒီသိုင်းကျမ်းကို သိနေလို့လား"

"သိနေပါတယ် ဘွားဘွား ... ဒီအကြောင်းတွေကို ပြောရရင် တစ်ရက်နဲ့ ပြီးမှာမဟုတ်ဘူး၊ တစ်လလောက်တောင် ပြောရမလား မသိဘူး၊ ဘွားဘွား ဘာမှပူမနေနဲ့တော့၊ ကျွန်တော် လေပွေကျွန်းကို လေးလနဲ့ ရောက်အောင် ပြန်လာခဲ့မယ်"

အဘွားကြီးဟန်ဆောင်ကာ တားဆီးလိုက်သည်။

"လူကလေး မသွားပါနဲ့တော့ကွယ်၊ ဘွားဘွားဟာ ဒီသိုင်းကျမ်းကို လိုချင်စိတ်မရှိပါဘူး၊ လူကလေး ဘွားဘွားနားမှာရှိနေရင် ဘွားဘွား သေပျော်ပါပြီကွယ်"

"မဟုတ်ဘူး ဘွားဘွား၊ ဒီသိုင်းကျမ်းက ကျွန်တော်နဲ့ ပတ်သက်နေတယ်၊ ဒါကြောင့် ကျွန်တော်သွားလိုက်ရင် အလွန်ဆုံးလေးလ

လောက်ပဲ ကြာမှာပါ"

"အေးလေ ... တားမရတော့လည်း လူလေးသဘောပါပဲကွယ်၊ လူကလေး သွားလာရာမှာ တစ်ယောက်တည်း လူကလေးကို စိတ်မချနိုင်ဘူး"

ဖန်ဝေး ဘာမှပြန်မပြောဘဲ စဉ်းစားလိုက်၏။

ဤအဘွားကြီး မိမိအပေါ်ထားရှိသော မေတ္တာစေတနာမှာ ကြီးမားလှ၏။

မိမိ့မိခင်သာ ရှိနေပါက ခွန်းလွန်သိုဏ်း၏လျှို့ဝှက်သိုင်းကျမ်းကို အဘွားကြီးအတွက် ယူပေးရန် သဘောတူပေလိမ့်မည်။

မည်သို့ပင်ဖြစ်စေ ဤအဘွားကြီးမှာ မိမိ၏ကျေးဇူးရှင်ဖြစ်နေ၍ သူလိုချင်သောသိုင်းကျမ်းကို ယူပေးခြင်းဖြင့် ကျေးဇူးဆပ်ရာရောက်မည်ဟု တွေးလိုက်မိ၏။

* * *



## အခန်း (၉)

ဖန်ဝေး ခုနစ်ပေါက်ဓားရှည်နှင့် ငွေရောင်တုတ်ကောက်ကို ယူကာ ခရီးထွက်လာခဲ့၏။

လမ်းခရီးတွင် မိမိငယ်စဉ်က အဖြစ်အပျက်များကို ပြန်ပြောင်းစဉ်းစားလာမိသည်။

မိမိနှင့်မိခင်ကြီးသည် ဆီးနှင်းတောထဲ၌ သွားလာခဲ့ပုံများ၊

နှင်းတောထဲတွင် တောခွေးအများနှင့် သိုင်းသမားကြီးသုံးယောက် တိုက်ခိုက်ကြပုံများ၊

နောက်ဆုံး မိခင်ကြီးမှာ ပြင်းထန်လွန်းသောဒဏ်ရာကြောင့် အေးလွန်းသည့် နှင်းတောထဲတွင် သေဆုံးသွားရပုံ၊

ခွေးအများနှင့် တိုက်ခိုက်ခဲ့သော မြောက်ပိုင်းလူစွမ်းကောင်းသုံးဖော်က မိမိနှင့်မိခင်ကြီး၏အလောင်းကို ခြသေ့်နီရဲတိုက်သို့ ခေါ်ဆောင်လာပုံ၊

ထို့ကြောင့် မိခင်ကြီး၏အလောင်း ခြသေ့်နီရဲတိုက်ဝင်းအတွင်း မြှုပ်နှံပုံများ။

လူစွမ်းကောင်းညီနောင်သုံးဖော်တို့က မိမိအား ရဲတိုက်တွင် စောင့်ရှောက်ထားရင်း လူဆိုးများ လာရောက်တိုက်ခိုက်ကြကာ မိမိအား ဖမ်းဆီးခေါ်ဆောင်သွားပုံများ။

မျက်နှာမည်းကိုးဝင်စင် မိမိအား ဖမ်းဆီးသွားကာ ချောက်ထဲကျသွားပုံများနှင့်

ယခု ... လေပွေကျွန်းကိုရောက်လာပုံများ ဖန်ဝေး ပြန်၍ စဉ်းစားတွေးတောမိသည်။

မိမိတို့သားအမိ ထွက်လာစဉ်က နှင်းများ ထူထပ်စွာကျနေသည်။ ထို့ကြောင့် ဖန်ဝေး လမ်းကို မနည်းကြိုးစားကာ ရှာဖွေခဲ့ရ၏။

ယခုလည်း နှင်းများထူထပ်စွာ ကျနေသည်။

ဖန်ဝေး လျှောက်လှမ်းသွားနေစဉ် အဝေးတစ်နေရာမှ မြင်းလှည်းလာနေသည့်အသံကို ကြားနေရသည်။ မကြာမီ မြင်းလှည်းဆယ်စီးခန့် ဖန်ဝေးရှေ့မှ ဖြတ်သန်းမောင်းနှင်သွားသည်။

ဖန်ဝေးက မြင်းလှည်းများကိုတားသော်လည်း တစ်စီးမှရပ်မပေးဘဲ ဆက်လက်မောင်းနှင်သွားကြ၏။

အမှန်တွင် လူစွမ်းကောင်းသုံးဖော်နေထိုင်သော ခြင်္သေ့နီရဲတိုက်သွားရာလမ်းကို ဖန်ဝေး ရှာမတွေ့သောကြောင့် ထိုမြင်းလှည်းမောင်းသမားကို မေးဖို့စိတ်ကူး၍ထားခြင်းဖြစ်သည်။



ထို့ကြောင့် နောက်ဆုံး မြင်းလှည်းတစ်စီး ဖန်ဝေးရှေ့သို့ ရောက်လာ၍ ဖန်ဝေးက မြင်းလှည်းနောက်ပေါက်သို့ လှမ်းခုန်တက်လိုက်၏။

ဖန်ဝေး မြင်းလှည်းပေါ်ရောက်သွားသည်နှင့် မြင်းလှည်းမှာ ရုတ်တရက် ရပ်တန့်သွား၏။

မြင်းလှည်း ရပ်တန့်သွားရခြင်းမှာ မြင်းလှည်းပေါ်မှ အိပ်ပျော်နေသောလူတစ်ယောက် ကျသွားခြင်းကြောင့် ဖြစ်သည်။

မြင်းလှည်းပေါ်မှအဘိုးကြီးတစ်ယောက်နှင့် လူရယ်တစ်ယောက် မြင်းလှည်းရှေ့မှ ခုန်ဆင်းလာကြသည်။

ဖန်ဝေးက မြေပေါ်တွင်ကျနေသူအား အသေအချာကြည့်လိုက်သည်တွင် အိပ်ပျော်နေသည်မဟုတ်ဘဲ သေဆုံးနေကြောင်း သိရှိလိုက်ရ၏။

သေဆုံးနေသူ၏ခန္ဓာကိုယ်မှာ အဝါရောင်သန်းနေပြီး မျက်နှာတွင်မူ အနီရောင်လက်ဝါးအရာကြီးကို အထင်းသား တွေ့မြင်လိုက်ရ၏။

မြင်းလှည်းပေါ်မှ ဆင်းလာကြသည့် အဘိုးကြီးနှင့် လူရွယ်က မြင်းလှည်းပေါ်ရှိ ဖန်ဝေးကိုကြည့်ကာ အေးစက်စက်မေးလိုက်သည်။

"ချာတိတ် မင်း တို့မြင်းလှည်းပေါ်ကလူကို တိုက်လိုက်တဲ့

တိုက်ကွက်က တယ်မြန်ပါလား၊ မင်း ဘာလို့ သူ့ကိုသတ်ပစ်ရတာလဲ”

ဖန်ဝေး ထိုမေးခွန်းကြောင့် ကြောင်အမ်းအမ်းဖြစ်သွားကာ နားမလည်သောအမူအရာဖြင့် ပြန်မေးလိုက်၏။

“ခင်ဗျားတို့ ဘာတွေပြောနေကြတာလဲ၊ ဒီသေတဲ့လူကို ကျုပ်လည်းမသိဘူး၊ ရန်ငြိုးရန်စလည်း မရှိခဲ့ဘူး၊ ခင်ဗျားတို့မေးတာ ကျုပ်နားမရှင်းဘူး”

အဘိုးကြီးက ဖန်ဝေးကို အထင်သေးဂရုစိုက်ဟန်ဖြင့် ကြည့်ရင်း ...

“ချာတိတ် ... မင်း တစ်မိုးအောက်တစ်ယောက် ဘွဲ့ရမဟာလူဆိုးကြီးတွေကိုတောင် မချေမငံပြောရဲတယ်ပေါ့”

ဖန်ဝေး တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာလူဆိုးများ အကြောင်းကို သိလည်းမသိ၊ ကြားလည်းမကြားဖူးချေ။

လေပွေကျွန်းမှ အဘွားကြီးလည်း မိမိအား ပြောမပြဖူးပေ။

ထို့ကြောင့် အဘိုးကြီးတို့နှစ်ယောက်ကို ဖန်ဝေး ကြောက်စိတ်မရှိပေ။

မြင်းလှည်းပေါ်မှ ကျလာသူကိုလည်း မိမိ မသတ်ခဲ့။ သတ်ဖို့နေနေသာသာ ယခုမှပင် ထိုလူကိုမြင်ဖူးသည်။

ထို့ပြင် ဖန်ဝေးမှာ မဟုတ်လျှင် မခံတတ်သော ဗီဇသတ္တိနှင့် လိမ်ညာပြောဆိုခြင်း အကျင့်မရှိသောကြောင့် ဖန်ဝေး အမှန်အတိုင်း



ပြောလိုက်ခြင်းပင်။

သို့သော် အဘိုးကြီးတို့နှစ်ယောက်က ဖန်ဝေးကို မကျေမနပ်ဖြစ်နေကြ၏။

ထို့ကြောင့် ဖန်ဝေးကို အဘိုးကြီးနှင့်လူရွယ်က အထင်အမြင်မှားကာ တစ်ပြိုင်နက် ဝင်ရောက်တိုက်ခိုက်ကြလေသည်။

အဘိုးကြီးက ကျာပွတ်ပျော့ကို ကိုင်ဆောင်သည်။

ကျန်တစ်ယောက်က ဓားမောက်ကြီးကို ကိုင်ဆောင်ထား၏။

ဖန်ဝေးရှေ့မှ ကျာပွတ်ကိုင်ဆောင်ထားသူနှင့် နောက်မှ ဓားမောက်ကိုင် ရန်သူနှစ်ယောက်ကြားတွင် ရောက်နေသည်။

ကျာပွတ်ကိုင်အဘိုးကြီးက ဖန်ဝေးအား ကိုးပေမျှရှည်သော ကျာပွတ်ဖြင့် လွှဲရိုက်လိုက်သည်။

ဖန်ဝေး ကျာပွတ်ရိုက်ချက်ကို ရှောင်တိမ်းလိုက်ပြီး ကျာပွတ်ထိပ်ဖျားကို အမိအရဆွဲကိုင်ထားလိုက်၏။

ဖန်ဝေး ကျာပွတ်ထိပ်ဖျားကိုဆွဲကိုင်ထားစဉ် နောက်ဘက်ရှိလူရွယ်က ဖန်ဝေး၏ကျောပြင်ကို ဓားရှည်ဖြင့် လှမ်းခုတ်လိုက်၏။

ဖန်ဝေးက ထိုအချိန်မှာပင် ကျာပွတ်ထိပ်ဖျားကို တအားဆောင့်ဆွဲလိုက်ရာ ကျာပွတ်အဘိုးကြီး ဖန်ဝေးအနားသို့ ရောက်လာခဲ့သည်။

ဤအချိန်မှာပင် ဖန်ဝေး ဘယ်ဘက်ကို တိမ်းရှောင်ထွက်သွားလိုက်၏။

လူရွယ်၏ဓားချက်မှ ဖန်ဝေး လွတ်မြောက်သွားကာ သူတို့အချင်းချင်း တိုက်ခိုက်မိကြမည်ကဲ့သို့ ဖြစ်သွားခဲ့၏။

အဘိုးကြီးနှင့်လူရွယ်မှာ ဖန်ဝေး၏လျင်မြန်ဖျတ်လတ်မှုနှင့် ရှောင်တိမ်းပုံကိုကြည့်ကာ ချာတိတ်သည် သာမန်အဆင့်မြင့် သိုင်းသမားတစ်ယောက်မဟုတ်မှန်း ရိပ်စားမိလိုက်ကြ၏။

ထို့ကြောင့် ဂရုစိုက်တိုက်ခိုက်ကြသည်။

ဖန်ဝေးက နောက်ကျောတွင်လွယ်ထားသော ခုနစ်ပေါက်ဓားကြီးကို ယခုချိန်ထိ ထုတ်မသုံးရသေး။

လက်ထဲတွင် အသင့်ရှိနေသော ငွေရောင်တုတ်ကောက်နှင့်သာ ခုခံတိုက်ခိုက်နေသည်။

တစ်ခဏတွင်းမှာပင် တစ်ဖက်နှင့်တစ်ဖက် တိုက်ကွက်ဆယ်ကွက်ကျော်မျှ ရင်ဆိုင်တိုက်ခိုက်ပြီးသွားကြ၏။

နှစ်ဖက်စလုံး ဒဏ်ရာအနာတရမဖြစ်ကြသေး။ ဖန်ဝေးစဉ်းစားလိုက်သည်။

မိမိကို အဘိုးကြီးနှင့်လူရွယ်က အထင်အမြင်လွဲမှားကာ တိုက်ခိုက်နေကြသည်။

ထို့ကြောင့် တစ်ဖက်ရန်သူကို ခြေလွန်လက်လွန် မပြုလို။



တိုက်စစ်အစား ခံစစ်ကိုသာ ဖန်ဝေး အများဆုံးသုံးစွဲခဲ့၏။

ဖန်ဝေး စဉ်းစားနေစဉ် မိမိနောက်ဘက်မှ လေဟပ်သံကြားလိုက်ရ၍ ဖန်ဝေး နောက်လှည့်ကြည့်လိုက်ရာ လူရွယ်က မိမိ၏နောက်ကျောမှနေကာ ဓားရှည်ဖြင့် အတင်းပြေးထိုးလာသည်ကို တွေ့လိုက်ရ၏။

တစ်ချိန်တည်းမှာပင် ရှေ့ဘက်မှ အဘိုးကြီး၏ကျာပွတ်ရှည်က ပြင်းထန်သောအရှိန်အဟုန်ဖြင့် ဖန်ဝေး၏ဦးခေါင်းပေါ်သို့ ရိုက်ချလိုက်၏။

တစ်ပြိုင်တည်း ရန်သူနှစ်ယောက်က ဖန်ဝေးကို အသေသတ်လိုက်သော ရက်စက်သည့်တိုက်ကွက်ပင်ဖြစ်သည်။

ဖန်ဝေး ရုတ်ခြည်း စိတ်ကိုတည် ငြိမ်စွာထားလိုက်ပြီး နေရာမှမရွေ့ဘဲ တည်ငြိမ်စွာရပ်နေသည်။

တဒင်္ဂအချိန်တွင်းမှာပင် နောက်ကျောမှ ဓားထိုးချက်နှင့်ခြောက်လက်မအကွာသို့ ရောက်ရှိလာသည်။

ရှေ့ဘက်မှ ကျာပွတ်ရှည်ရိုက်ချက်ကလည်း ဖန်ဝေး ဦးခေါင်းနှင့်ထိရန် တစ်ပေမျှသာ လိုတော့သည်။

ဤအချိန် ဖန်ဝေး မြေပေါ်သို့လှိမ့်ချလိုက်ပြီး ဘေးဘက်သို့ ရှောင်တိမ်းထွက်ခွာသွားသည်။

ထိုအချိန်မှာ လူရွယ်၏ဓားရှည်က ဖန်ဝေး ရပ်နေခဲ့သည့်နေ

ရာမှကျော်လွန်ကာ လေကိုထိုးမိသွားပြီး ဟန်ချက်မထိန်းနိုင်ဘဲ ရှေ့သို့ ငိုက်ဆင်းသွား၏။

တစ်ဆက်တည်းမှာပင် အရှိန်ပြင်းထန်လွန်းသော ကျာပွတ်ရိုက်ချက်က ဖန်ဝေးရပ်နေရာ တည့်တည့်သို့ ကျရောက်လာသည်။

ထို့ကြောင့် အဘိုးကြီး၏ကျာပွတ်ရိုက်ချက်မှာ ပြင်းထန်သောအရှိန်ဖြင့် လူရွယ်၏ဦးခေါင်းပေါ်သို့ကျရောက်သွားပြီး ဦးခေါင်းစုတ်ပြတ်သွားကာ နေရာတွင် လဲကျငြိမ်သက်သွားတော့သည်။

ကျာပွတ်ရှင်အဘိုးကြီးမှာ လန့်ဖျပ်သွားပြီး ဖန်ဝေးကို ဆက်မတိုက်တော့ဘဲ လဲကျသွားသူ လူရွယ်ထံ ပြေးလွှားသွားပြီး ပွေ့ချီလိုက်တော့သည်။

"သား .. သား"

အဘိုးကြီး တတွတ်တွတ်နှင့်ခေါ်နေသော အသံကို လူရွယ်မကြားနိုင်တော့။

ပြင်းထန်လွန်းသော ကျာပွတ်ချက်ဖြင့် ခေါင်းဟက်တက်ကွဲကာ သေဆုံးသွားပြီဖြစ်၏။

ကျာပွတ်ရှင်အဘိုးကြီးမှာ သားဖြစ်သူအလောင်းကို မြေပေါ်သို့ ဖြည်းညင်းစွာချကာ ဖန်ဝေးရှိရာသို့ လျှောက်လာသည်။

ဤသူငယ်သည် မိမိနှင့် သားဖြစ်သူတို့နှစ်ယောက် ညှပ်တိုက်ခိုက်သည့်တိုင် ကိုင်ဆောင်ထားသော လက်နက်ကိုမသုံး။



ခုခံရုံသာ ခုခံပြီး ရှောင်တိမ်းနေခဲ့သည်။

ယခုလည်း မိမိသား သေသွားသည်မှာ လူငယ်၏တိုက်ခိုက်မှုကြောင့်မဟုတ်ဘဲ လူငယ် လျှပ်တစ်ပြက်ရှောင်တိမ်းလိုက်မှုကြောင့် အချင်းချင်းအရှိန်လွန်ကာ ယခုကဲ့သို့ မိမိသား သေဆုံးသွားရခြင်းဖြစ်ကြောင်း အဘိုးကြီး အသိပင်ဖြစ်သည်။

ထို့ကြောင့် စိတ်ထဲတွင် အနည်းငယ်ထူးဆန်းသလို ခံစားလိုက်ရပြီး လူငယ်အား အသေအချာကြည့်ရှုအကဲခတ်လိုက်သည်တွင် ... လူငယ်လေး၏လက်တွင် ထူးဆန်းသောငွေရောင်တုတ်ကောက်ကြီးတစ်ခုကို ကိုင်ဆောင်ထားလျက် ကျောတွင် အပေါက်ခုနစ်ပေါက်ပါသော သံမဏိဓားရှည်ကြီးတစ်ချောင်းလွယ်ထားသည်ကို အဘိုးကြီး တွေ့လိုက်ရသည်။

ရုတ်တရက် ကျာပွတ်ရှင်အဘိုးကြီး တစ်စုံတစ်ခုကို သတိရသွားဟန်ဖြင့် မျက်နှာပျက်ကာ လူငယ်ဖြစ်သူ ဖန်ဝေးကို မေးလိုက်သည်။

"ချာတိတ် ... မင်းနောက်ကျောကလွယ်ထားတဲ့ ဓားကြီးက အပေါက်ခုနစ်ပေါက်ပါတဲ့ ဓားကြီးလား"

ဖန်ဝေးက တည်ငြိမ်အေးဆေးစွာ ပြန်ဖြေလိုက်၏။

"ဟုတ်တယ် ... ကျုပ်လက်ထဲက တုတ်ကတော့ ငွေရောင်တုတ်ကောက်လို့ ခေါ်ပါတယ်"

အဘိုးကြီး၏မျက်နှာတွင် အံ့ဩမှုအရိပ်အယောင်များ ယှက်သန်းသွားပြီး ...

"ဟင် ... မင်းဟာ သွေးလက်ဝါးဂိုဏ်းရဲ့ငယ်သားမှ မဟုတ်ဘဲ"

"ကျုပ် ခင်ဗျားတို့ရဲ့လှည်းကိုတားတာ အခြားကြောင့် မဟုတ်ပါဘူး ... လူစွမ်းကောင်းသုံးဖော်ရဲ့ ခြသေ့်နီရဲတိုက်သွားတဲ့ လမ်းကို မေးချင်လို့ပါ၊ ခင်ဗျားတို့သားအဖက ကျုပ်ကို အထင်မှားပြီး အတင်းအဓမ္မ ဝင်တိုက်ကြတော့ ကျုပ်လည်း မတတ်နိုင်တော့ဘူး"

"ဒါနဲ့ နေပါဦး ... တို့မြင်းပေါ်က အလံကိုချိုးတာ မင်းလား"

"ကျွန်တော် မချိုးပါဘူး၊ ကျွန်တော်က လေပွေကျွန်းက လာတာပါ"

အဘိုးကြီးက ဖန်ဝေး၏သိုင်းပညာ အလွန်ထက်မြက်ကြောင်းဟု ရိပ်စားမိလိုက်သည်။

ထို့ကြောင့် ဖန်ဝေးအား အကူအညီ တောင်းလိုက်၏။

"ကျုပ်ရဲ့ပစ္စည်းတွေကို မင်းပဲ ဆက်လက်တာဝန်ယူပို့ဆောင်ပေးပါ၊ ကျုပ် အိုင်ပီခရိုင်က ပို့ဆောင်ရေးတာဝန်ခံ ထန်ပင်ပါ"

ဖန်ဝေး မည်သို့မျှ မပြောဘဲ ငြိမ်သက်နေသည်။

ပို့ဆောင်ရေးမှူး ထန်ပင်က ဆက်လက်ပြောပြန်သည်။

"မင်း လူစွမ်းကောင်းသုံးဖော်ဆီသွားမယ်ဆိုတော့ လမ်း



လည်း ကြုံနေပါတယ်၊ ဒီပစ္စည်းတွေမရောက်ရင် ကျုပ်တို့မိသားစုတွေ အသတ်ခံရပါလိမ့်မယ်၊ ပစ္စည်းတွေက စွန်ပါမြစ်ဘက်ကို ပို့ရမှာဖြစ်တယ်၊ စွန်ပါမြစ်ကျော်မှ လူစွမ်းကောင်းသုံးဖော်ရဲ့ ရဲတိုက်ရောက်မှာဖြစ်တဲ့အတွက် လမ်းကြုံနေပါတယ်"

ဖန်ဝေးစိတ်ထဲတွင် ပို့ဆောင်ပေးရကောင်းမည်လား၊ မပို့ဘဲနေရကောင်းမည်လား စဉ်းစားနေသည်။

ပို့ဆောင်ရေးမှူးထန်ပင်မှာ အားငယ်သောအကြည့်ဖြင့် ဖန်ဝေးအား ကြည့်နေသည်။

ထန်ပင် ဤပစ္စည်းများကို မပို့ဆောင်နိုင်လျှင် သူ့မိသားစုများ အသတ်ခံရမည်ဆိုသဖြင့် ဖန်ဝေး သနားလာသည်။

ထို့ပြင် သွေးလက်ဝါးဂိုဏ်းမှာ ဤပစ္စည်းများကို လမ်းမှစောင့်၍ လုယက်တိုက်ခိုက်ရန် အစီအစဉ်ရှိနေသည်ကို ထန်ပင် ကြိုသိထားသည်။

ဤသူငယ်၏သိုင်းပညာမှာ အလွန်ထက်မြက်ကောင်းမွန်နေသဖြင့် သွေးလက်ဝါးဂိုဏ်းသားများကို မုချရင်ဆိုင်နိုင်မည်ဟု သတ်မှတ်ထားခဲ့၏။

ဖန်ဝေးကိုင်ထားသောလက်နက်မှာ လေပွေကျွန်းအဘွားကြီးဆီမှ လက်နက်တွေဖြစ်မှန်း ထန်ပင်သိထားသည်။

ဖန်ဝေး မြင်းလှည်းပေါ်မှ အလံကိုကြည့်လိုက်ရာ သွေးလက်

ဝါးကိုဏ်းမှ အလံဖြစ်နေကြောင်း သိရ၏။

နောက်ဆုံး ဖန်ဝေး ထန်ပင်၏ပစ္စည်းများကို စွန်ပါမြစ်ကမ်းသို့ ပို့ဆောင်ပေးရန် ဆုံးဖြတ်လိုက်တော့၏။

မိမိတတ်နိုင်သလောက် သွားရင်းလာရင်း တစ်ပါးသူ၏ အကျိုးကို သယ်ပိုးရာလည်းရောက်သည်။

ဖန်ဝေး မြင်းလှည်းတွင်းသို့ အသေအချာစစ်ဆေးကြည့်ရှုလိုက်ရာတွင် လေးပေရှည်သော သံသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရ၏။

သံသေတ္တာကြီးတွင် ချိတ်များဖြင့် ပိတ်ထား၍ အထဲတွင် အရေးကြီးသောပစ္စည်းများ၊ သို့မဟုတ် အဖိုးထိုက်တန်သော ရတနာပစ္စည်းများ ပါရှိမည်ဟု ဖန်ဝေး တွေးမိလိုက်သည်။

ထို့နောက် ဖန်ဝေးက အဘိုးကြီးအား သူ တာဝန်ယူကြောင်း ခေါင်းတစ်ချက်ညိတ်ပြကာ မြင်းလှည်းပေါ်တက်၍ မြင်းရိုက်ကျာပွတ်ကို လှမ်းယူလိုက်၏။

မြင်းလှည်းရိုက်ကျာပွတ်ဖြင့် တစ်ချက်ဝှေ့ယမ်း အသံပေးလိုက်ရာ မြင်းလှည်းမှာ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားတော့သည်။



ဖန်ဝေး မြို့တစ်မြို့သို့ ရောက်လာသည်။

လမ်းတွင်တွေ့ရသော လူတစ်ယောက်အား ဖန်ဝေး မေးမြန်းစုံစမ်းလိုက်၏။

"ဒီမြို့ဟာ စွန်ပါမြစ်နဲ့ ဘယ်လောက်ဝေးသေးသလဲ"

"ရှေ့ဘက် တော်တော်လှမ်းလှမ်း ဝေးပါသေးတယ်၊ အဲဒီရှေ့က အဝေးပြေးလမ်းအတိုင်း မြင်းလှည်းကို ဆက်မောင်းရင် ရောက်သွားပါလိမ့်မယ်"

ဖန်ဝေး ထိုခရီးသည်အား ကျေးဇူးတင်စကားပြောကြားကာ မြို့စွန်ရှိ စားသောက်ဆိုင်တစ်ဆိုင်တွင် ထမင်းဝင်စားသည်။

ထမင်းစားပြီးသည်နှင့် ဖန်ဝေး မြင်းလှည်းဖြင့် ခရီးဆက်ခဲ့ပြန်သည်။

ဖန်ဝေး ထမင်းစားပြီး မြင်းလှည်းဖြင့် ခရီးဆ ်ခဲ့ရာ ရေနွေးအိုးတစ်အိုးဆူခန့် အချိန်လာက်တွင် မြင်းလှည်းဘေး အမိုးနားတွင် တြိဂံပုံစံ အလံနီလေးများ အစီအရီစိုက်ထားလျက်ရှိကြောင်း အံ့အား

သင့်စွာ တွေ့မြင်လိုက်ရသည်။

ဤအလံလေးများ မြန်ဆန်စွာ စိုက်သွားနိုင်ခြင်းကိုလည်း ဖန်ဝေး အံ့သြနေမိသည်။

အနီးအနားပတ်ဝန်းကျင်ကို လှည့်ပတ် အကဲခတ်ကြည့်လိုက်ရာ လူရိပ်လူယောင်မတွေ့ရ။

ဖန်ဝေး မြင်းလှည်းကို ရှေ့သို့ ဆက်လက်မောင်းနှင်လာခဲ့သည်။

တစ်လမ်းလုံးမည်သည့်အရိပ်အယောင်ကို ထပ်မံမတွေ့ရတော့။

ဖန်ဝေး စိတ်မချသဖြင့် မြင်းလှည်းကို တောတန်းတစ်ခုဘေးတွင် ရပ်တန့်လိုက်ကာ မြင်းလှည်းနောက်ဘက်တံခါးများကို သွားရောက်စစ်ဆေးကြည့်လိုက်ရာ ထူးဆန်းသောစာများအား ရေးသားထားသည်ကို တွေ့ရပြန်သည်။

ပထမစာလုံးမှာ ဒီ ဖြစ်၍။

ဒုတိယစာလုံးမှာ တွင် ဖြစ်သည်။

တတိယစာလုံးကမူ အ ဖြစ်ပြီ။

စတုတ္ထစာလုံးမှာကား သက် ဖြစ်နေ၏။

နောက်ဆုံးစာလုံးသည် ဆုံး ဖြစ်၏။

စာလုံးများကို ပေါင်းဖတ်လိုက်ပါက ...



'ဒီတွင် အသက်ဆုံး'

ဟူ၍ အဓိပ္ပာယ်ထွက်လာသည်။

ဖန်ဝေး စာ၏အဓိပ္ပာယ်ကို သိလိုက်ရသည်နှင့် လန့်ဖျပ်သွားမိသည်။

မိမိကိုယ်မိမိလည်း အံ့သြနေမိ၏။

အဘယ်ကြောင့် မိမိ ဤအချိန်ထိ အသက်ရှင်သန်နေပါသနည်း။

ပိုမိုထူးဆန်းနေသည်ကတော့ တစ်လမ်းလုံး လှုပ်ရှားမှု တစ်စုံတစ်ရာမတွေ့ရပါဘဲ ဤတြိဂံအလံနီလေးများနှင့် ဤစာများ မြင်းလှည်းတွင် အဘယ်သို့ရောက်နေသည်ကို ဖန်ဝေး စဉ်းစားမရဖြစ်နေသည်။

ဖန်ဝေး ဤသို့စဉ်းစားနေစဉ် တောအုပ်တွင်းမှ ရယ်မောသံတစ်သံ ထွက်ပေါ်လာပြီး ...

"ဟား ဟား ဟား ... ချာတိတ် နင် ခုပဲ သေရတော့မယ်၊ ရော့ ... ဟောဒီမှန်ချပ်ကိုကြည့်ပြီး စကားပြောပါ"

စကားဆုံးသည်နှင့် ဖန်ဝေးလက်ထဲသို့ မှန်တစ်ချပ် 'ဗွီး'ခနဲ ပျံသန်းရောက်ရှိလာသည်။

ဖန်ဝေး လေထုထဲမှ မိမိဆီသို့ တန်းဝင်လာနေသော မှန်ချပ်လေးကို ဖမ်းယူလိုက်သည်။

ထိုစဉ် ...

ဖန်ဝေး အနားသို့ အစိမ်းရောင်ဝတ်စုံဝတ်ထားသော မိန်းမတစ်ယောက် လျှင်မြန်စွာရောက်ရှိလာပြီး ဖန်ဝေးလက်ထဲမှ မှန်ချပ်လေးကို လျှပ်တစ်ပြက် ဆွဲလုယူသွား၏။

အစိမ်းရောင်ဝတ်မိန်းမ၏လုယူပုံမှာ လျှင်မြန်သွက်လက်လွန်းလှသည်။

ချက်ချင်း ...

ထိုအမျိုးသမီး ဖန်ဝေးမြင်ကွင်းမှ ပျောက်ကွယ်သွားလေသည်။

ဖန်ဝေးမှာ ကြောင်တက်တက်ကြီးဖြစ်နေပြီး မည်သို့ဆက်၍ လုပ်ဆောင်ရမည်မသိ ဖြစ်နေသည်။

ထိုအခိုက် တောအုပ်အတွင်းမှ အသံတစ်သံ ထွက်ပေါ်လာပြန်သည်။

"နင် စွန်ပါမြစ်ကမ်းကို ရောက်မယ်များ ထင်နေသလား၊ မြင်းလှည်းကို မောင်းနေမယ့်အစား နင် ဒီမှာ ရပ်နေတာကမှ အသက်ရှင်နိုင်ဦးမယ်၊ နင်က ခုနစ်ပေါက်ဓားနဲ့ငွေရောင်တုတ်ကောက်ကိုင်ပြီး ပျောက်သွားနေတာ သွေးလက်ဝါးကို မကြောက်ဘူးလား"

ဖန်ဝေး အသံရှင်မိန်းမကို ရှာဖွေကြည့်လိုက်ရာ ...

တောအုပ်အစပ်ရှိ သစ်ပင်တစ်ပင်ပေါ်တွင် ပုန်းအောင်းနေ



ကြောင်း တွေ့လိုက်ရ၏။

အစိမ်းရောင်ဝတ်စုံကို ဝတ်ထားသောမိန်းမပျိုမှာ သစ်ရွက်စိမ်းများဖြင့် ရောယှက်နေကာ ရုတ်တရက် မမြင်တွေ့ခြင်းဖြစ်သည်။

စောစောက မိမိဆီသို့ ပစ်ပေးလိုက်သော မှန်ချပ်လေးပေါ်တွင် သွေးလက်ဝါးအရာကြီးက အထင်းသားရေးဆွဲထားသည်ကို တွေ့ရ၏။

မြင်းလှည်းပေါ်မှ သေဆုံးသွားသည့်လူ၏မျက်နှာတွင် နီရဲသော သွေးလက်ဝါးရာကြီးကို ဖန်ဝေး ပြန်လည်သတိရမြင်ယောင်မိ၏။

ထို့ကြောင့် ကျောထဲမှ ချမ်းစိမ့်စိမ့်ခံစားလိုက်ရသည်။

ဖန်ဝေးက ကြောက်စိတ်ကိုမျိုသိပ်ကာ သစ်ပင်ပေါ်မှ အစိမ်းရောင်ဝတ်မိန်းမကို ကြည့်ကာ လှမ်းမေးလိုက်၏။

"မင်း ဘယ်သူလဲ ... သွေးလက်ဝါးဂိုဏ်းချုပ်ရဲ့ တပည့်ငယ်သားလား"

သစ်ပင်ပေါ်တွင် ပုန်းအောင်းနေသော အစိမ်းရောင်ဝတ်မိန်းမက မြေပေါ်ခုန်ဆင်းလာခဲ့ပြီး ဖန်ဝေးရှိရာသို့ လျှောက်လှမ်းလာကာ ...

"နင့်အတွက် ပြောနေတာပါ၊ နင်လှုပ်ရှားလေလေ သေဖို့နီးလေလေပဲ၊ ဆယ့်ငါးမိနစ်နားရင် ဆယ့်ငါးမိနစ်၊ တစ်နာရီနားရင်

တစ်နာရီအသက်ပိုရှည်နိုင်တယ်"

အစိမ်းရောင်ဝတ် မိန်းမမှာ ရုပ်ဆိုးအကျည်းတန်သူတစ်ယောက်ဖြစ်၏။

ရုပ်ဆိုးရသည့်ကြားထဲ မျက်နှာခြယ်သထားမှုများက အနီ၊ အဝါ၊ အပြာများဖြင့် ရောင်မျိုးစုံနေကာ ပို၍ပင် အကျည်းတန်ကာ ကြောက်မက်ဖွယ်ဖြစ်နေသည်။

ထို့ကြောင့် ဖန်ဝေးက အမျိုးသမီးကိုကြည့်ကာ ရယ်ချင်နေမိသည်။

"နင် ဘာရယ်တာလဲ"

ရုပ်ဆိုးမက စကားဆုံးသည်နှင့် တိုက်ခိုက်ရန် လှုပ်ရှားလိုက်သည်။

သို့သော် ...

ဖန်ဝေးက သူမထက်လှုပ်ရှားလျင်မြန်စွာ 'ခုနစ်စဉ်ကြယ်ကွင်းဆက်' တိုက်ကွက်ကို အသုံးပြု၍ ရုပ်ဆိုးမအား ခုန်အုပ်ဖမ်းလိုက်သည်။

ရုပ်ဆိုးမက 'ခုနစ်စဉ်ကြယ်ကွင်းဆက်' တိုက်ကွက်ကို ရှောင်တိမ်းလိုက်၏။

ဖန်ဝေးမှာ ရုပ်ဆိုးမလေးကိုမမိဘဲ သူမ၏အင်္ကျီ လက်မောင်းတစ်ဖက်ကိုသာ လက်တွင် ဆုတ်ပြဲပါလာခဲ့သည်။



ရုပ်ဆိုးမက ခနဲ့တဲ့တဲ့လေသံဖြင့် ဖန်ဝေး၏တိုက်ကွက်ကို ကြည့်ကာ ပြောလိုက်သည်။

"လေပွေကျွန်းကဆိုရင်တော့ နင်ဟာ ငါ့ရဲ့အင်္ကျီလက်စကို ဖြတ်ယူနိုင်တဲ့အတွက် မဆိုးဘူး၊ ချီးကျူးဖို့တော့ ကောင်းပါတယ်"

ရုပ်ဆိုးမလေး၏အသံမှာ ရုပ်ဆိုးသလောက် အသံက သာယာနာပျော်ဖွယ်ရှိလှသည်။

ထို့ကြောင့် ဖန်ဝေး စဉ်းစားလိုက်မိသည်။

အသံ ဤမျှကောင်းလွန်းနေပါလျက် အဘယ်ကြောင့် ရုပ်ဆိုးအကျည်းတန်ဖြစ်နေရပါလိမ့်။

စဉ်းစားပြီးသည်နှင့် ဖန်ဝေး ဆက်လက်တိုက်ခိုက်ပြန်သည်။

ရုပ်ဆိုးမက ပြန်မတိုက်ဘဲ ရယ်မောကာ ပြောလိုက်၏။

"နင် ထပ်တိုက်မနေနဲ့တော့ ... နောက်ကိုလှည့်ကြည့်လိုက်ပါဦး"

ဖန်ဝေးက နောက်သို့လှည့်မကြည့်နိုင်။

ရုပ်ဆိုးမ မိမိအား လှည့်ကွက်ထွင်၍ ထောင်ချောက်ဆင်မည်စိုးသောကြောင့် ဖန်ဝေး နောက်သို့လှည့်မကြည့်ခြင်းပင်။

ရုပ်ဆိုးမက ပြန်လည်တိုက်ခိုက်ခြင်းမပြုဘဲ ဖန်ဝေး၏တိုက်ကွက်များကို ရှောင်တိမ်းနေသည်။

ဖန်ဝေး၏နောက်ဘက်ဆီမှ သံချင်းထိတွေ့သံ ပေါ်ထွက်

လာသည်။

ဖန်ဝေးကလည်း ရုပ်ဆိုးမ ထွက်မပြေးနိုင်အောင် ပိတ်ဆို့တိုက်ခိုက်မြဲ တိုက်ခိုက်နေသည်။

ဖန်ဝေးက ငွေရောင်တုတ်ကောက်ရှည်ဖြင့် မိန်းမပျိုကို ဆီးကြို ရိုက်နှက်လိုက်ရာ ရုပ်ဆိုးမ ပြေးပေါက်မရှိဘဲ ရုတ်တရက် ဓားမြှောင်လေးဖြင့် ဖန်ဝေး၏ငွေရောင်တုတ်ကောက်ကို ဆီးခံဆောင်လိုက်၏။

ဖန်ဝေး ရုပ်ဆိုးမလက်ထဲမှ ဓားမြှောင်လေးမှာ 'အေးစိမ့်ဓားမြှောင်' လေးဖြစ်နေကြောင်း သိရှိလိုက်၏။

ထို့ကြောင့် ဖန်ဝေး၏တုတ်ကောက်မှာ နှစ်လက်မသုံးလက်မခန့် တိတိယိယိပြတ်ထွက် သွားလေသည်။

ဖန်ဝေး တိုက်ခိုက်ခြင်းကို ရပ်တန့်လိုက်၏။

နောက် ရုပ်ဆိုးမကို စူးစူးရဲရဲ တစ်ချက်စိုက်ကြည့်ကာ မေးလိုက်၏။

"ခင်ဗျား ခြသေ့်နီရဲတိုက်က လူစွမ်းကောင်းသုံးဖော်နဲ့ ဘယ်လိုပတ်သက်မှုရှိနေလဲ"

ရုပ်ဆိုးမက ...

"လူစွမ်းကောင်းသုံးဖော်ဟာ ငါ့ရဲ့မြေးတွေပဲ"

ဖန်ဝေး သိလိုက်ပြီ ...



ဤရုပ်ဆိုးမသည် ခြသေ့်နီရဲတိုက်မှ လူစွမ်းကောင်းသုံးဖော် ထံမှ 'အေးစိမ့်ဓားမြှောင်' လုယူလာမှန်း ရိပ်စားမိလိုက်၏။

ထို့ကြောင့် ရုပ်ဆိုးမကို ဖန်ဝေး မညှာတော့ဘဲ လက်ထဲမှ ငွေရောင်တုတ်ကောက်ဖြင့် တရကြမ်း ထပ်မံတိုက်ခိုက်ပြန်တော့သည်။

ရုပ်ဆိုးမကလည်း အေးစိမ့်ဓားမြှောင်လေးဖြင့် ပြန်လည်ခုခံနေသည်။

ဖန်ဝေး တိုက်ခိုက်နေစဉ် နောက်ကျောဘက်မှ သံသံချင်းထိသံ ထပ်မံကြားရပြန်သည်။

ထိုအချိန် ရုပ်ဆိုးမနှင့် ဖန်ဝေးမှာ ပေသုံးဆယ်ကျော်မျှ တစ်ယောက်နှင့်တစ်ယောက် ကွာဝေးနေ၏။

ရုပ်ဆိုးမနှင့် အတန်ကွာလှမ်းနေသဖြင့် ဖန်ဝေး နောက်သို့ ရုတ်တရက် လှည့်ကြည့်လိုက်ရာ ... လူကြီးတစ်ယောက် မြင်းလှည်းပေါ်မှ ကြီးမားသောသံသေတ္တာကြီးကို ပခုံးတွင် ထမ်းတင်နေသည်ကို တွေ့လိုက်ရသည်။

"အင်း ... ပို့ဆောင်ရေးမှူး ထန်ပင်ပို့ခိုင်းလိုက်တဲ့ပစ္စည်းကို ငါ စွန်ပါမြစ်ကမ်းအရောက် ပို့ဆောင်ပေးရမယ်၊ နို့မဟုတ်ရင် ထန်ပင်ရဲ့ မိသားစုအကုန်လုံး သတ်ပစ်ခံရတော့မယ်"

ထိုအတွေးကြောင့် ဖန်ဝေး ရုပ်ဆိုးမကို ဆက်လက်မတိုက်

ခိုက်တော့ဘဲ သံသေတ္တာပခုံးတင်နေသော လူကြီးထံသို့ ကိုယ်ဖော့ပညာသုံးကာ ပြေးလွှားသွားနေသည်။

ဖန်ဝေး မရောက်မီတွင် လူကြီးက သံသေတ္တာကြီးကို ပခုံးထက်တွင်ထမ်း၍ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားသည်။

သံသေတ္တာမှာ ဝိသာချိန် အတော်လေးသည်။

သို့သော် ...

သံသေတ္တာထမ်းပြေးနေသော လူကြီး၏ပြေးနှုန်းမှာ မိမိထက်ပင် လျင်မြန်နေသောကြောင့် ဖန်ဝေး မမီလိုက်ချေ။

ဤမျှလေးလံသော သံသေတ္တာကိုထမ်းကာ မိမိထက် လျင်မြန်စွာပြေးလွှားနိုင်သော လူကြီး၏ကိုယ်ဖော့ပညာမှာ ချီးကျူးစရာပင်ကောင်းလှ၏။

ထိုအခိုက် နောက်ဘက်မှ ရုပ်ဆိုးမ၏အသံ ထွက်ပေါ်လာပြန်သည်။

"ဟီး ဟီး ... နင် ငါ့ကိုတောင် နိုင်အောင်မတိုက်ခိုက်နိုင်ဘဲနဲ့ ငါ့ဆရာကို နင် လိုက်နိုင်မတဲ့လား။ လိုက်လို့မီတာတောင် နင် ငါ့ဆရာကို ယှဉ်ပြိုင်နိုင်မှာ မဟုတ်ပါဘူး"

ဤစကားကြောင့် ...

ရုပ်ဆိုးမသည် သံသေတ္တာထမ်းပြေးသောလူကြီး၏ တပည့်ဖြစ်မှန်း သိလိုက်ရ၏။



ဖန်ဝေးက နောက်ပြန် လှည့်၍ ရုပ်ဆိုးမကို မေးလိုက်သည်။

"ခင်ဗျားဆရာရဲ့နာမည်က ဘယ်သူတဲ့လဲ"

"ဘယ်သူဖြစ်မလဲ ... ငါ့ဆရာက သွေးလက်ဝါးဂိုဏ်းချုပ်ပဲ၊ ဒါကြောင့်မို့သာ နင့်ဆရာကို လိုက်မမီတာပေါ့"

ဖန်ဝေးမှာ ရုပ်ဆိုးမ၏ဆရာ သွေးလက်ဝါးဂိုဏ်းချုပ် မိမိတာဝန်ယူလာခဲ့သည့် သံသေတ္တာကြီးကို ယူဆောင်သွားသဖြင့် စိတ်မကောင်းဖြစ်နေ၏။

မိမိထက် သိုင်းပညာသာလွန်မြင့်မားသော ပုဂ္ဂိုလ်တစ်ဦးက ခုလို သံသေတ္တာကြီးကို လုယူသွားခြင်းကြောင့် မည်သို့ကြံရမည် မသိဖြစ်နေသည်။

ထိုစဉ် ရုပ်ဆိုးမက ဖန်ဝေးအား ထပ်မံ၍ စိန်ခေါ်လိုက်ပြန်သည်။

"ဒီမယ် ... နင့်ပစ္စည်း ပြန်လိုချင်ရင် ဟိုထင်ဖု ကန်တော်ကိုလိုက်ခဲ့"

ရုပ်ဆိုးမ၏စိန်ခေါ်မှုကြောင့် ဖန်ဝေး ဒေါသထောင်းခနဲထွက်လာသည်။

"နေပါဦး ခင်ဗျားက ကျုပ်ကို ကူညီနေတာလား၊ ဒါမှမဟုတ် ကျုပ်ကို သက်သက်ဒုက္ခပေးနေတာလား ရှင်းရှင်းပြောစမ်းပါ"

ဖန်ဝေး၏စကားကို ရုပ်ဆိုးမက ပြက်လုံးတစ်ခု ကြားလိုက်

ရသည့်အလား လက်ခုပ်လက်ဝါးတီး၍ပင် ရယ်မောလိုက်၏။

"ဟား ဟား ... ဟီး ဟီး ... ကောင်းပါပြီတဲ့ရှင်၊ နင့်ရဲ့မေးခွန်းကို နင်ပဲ မှန်အောင်ဖြေပါ၊ နင်ဖြေလို့မှန်ခဲ့ရင် နင်လိုတဲ့အကူအညီကို တောင်း ... ငါပေးဖို့ အဆင်သင့်ပဲ"

ဖန်ဝေးမှာ ရုပ်ဆိုးမထံမှ မမျှော်လင့်သောစကားကို ကြားလိုက်ရသောအခါ မတွေးတတ်အောင် ဖြစ်သွားသည်။

ရုပ်ဆိုးမသည် မိမိအပေါ် ယုတ်မာသောစိတ်ထား ရှိဟန်မတူ။

သူ၏ဆရာမှာ နာမည်ကျော်ပုဂ္ဂိုလ်တစ်ဦး ဖြစ်သည်။

မိမိအပေါ် အကြောင်းမဲ့ဒုက္ခပေးလိုသောကိစ္စ သူ့တွင် မရှိနိုင်။

တစ်ခုခုသောအကြံအစည်ဖြင့် မြင်းလှည်းပေါ်မှ သံသေတ္တာကြီးကို လုယူသွားခြင်းမှာ သူတို့တွင် အကြောင်းကိစ္စတစ်ခုရှိမည် ထင်ရ၏။

ဖန်ဝေး အမျိုးမျိုးစဉ်းစားတွေး တောလိုက်သည်။

ထို့ကြောင့် ဖန်ဝေး သူ၏ထင်မြင်ချက်ကို ပြော လိုက်၏။

"ကျုပ်ထင်တာကိုပြောရရင် ခင်ဗျားတို့ ဆရာတပည့်နှစ်ယောက် ကျုပ်ကို အပျော်တစ်ပိုင်း, စေတနာတစ်ပိုင်းထားပြီး ပစ္စည်းဖြတ်လုကြတယ်လို့ ထင်တယ်"



ဖန်ဝေး၏ပြောဟန်ဆိုဟန်နှင့် အမူအရာမှာ ရိုးသားဖြူစင်ပြီး ကောက်ကျစ်စဉ်းလဲမှု အလျဉ်းမရှိ။

ဖန်ဝေး၏အဖြေစကားကို ကြားသည်တွင် ရုပ်ဆိုးမ ပါးစပ်အဟောင်းသားဖြစ်သွားရ၏။

"နင် တကယ်ပဲ ဒီလိုထင်နေသလား၊ ပစ္စည်းပြန်မရမှန်းသိလို့ တို့ကို တမင်သက်သက် အချိုသတ်ပြောလိုက်တာတော့ မဟုတ်ပါဘူးနော်"

"စိတ်တော့ မရှိပါနဲ့ဗျာ ... ကျုပ် တစ်သက်လုံး သူများကို ဘယ်တော့မှ ခုချိန်ထိ လိမ်ညာပြောတတ်တဲ့ အကျင့်မရှိဘူး။ ကျုပ်ရင်ထဲက အမှန်တကယ် တွေးထင်မိတဲ့အကြောင်းတွေကို ရိုးရိုးသားသား ပြောလိုက်ခြင်း ဖြစ်ပါတယ်"

မှန်ပေသည်။

ဖန်ဝေးပြောနေသည့် စကားများမှာ လိမ်ညာသည့်စကားမဟုတ်ကြောင်း မျက်နှာတွင် အထင်းသား ပေါ်လွင်နေသည်။

မျက်နှာအမူအရာနှင့် တည်ငြိမ်သော အေးဆေးသော ဟန်ပန်များက လိမ်ညာပြောခြင်းမဟုတ်ကြောင်း ထင်ရှားသည်။

ရုပ်ဆိုးမ ဖန်ဝေး၏စကားများကို ယုံကြည်လက်ခံသွားသည်။

"ဒီလောင်းကြေးမှာ နင်အနိုင်ရသွားပြီ၊ ငါ နင့်ရဲ့ပစ္စည်းကို

ပြန်ပေးမယ်၊ အဲ ... ဒါပေမဲ့ ခုတော့ မဟုတ်သေးဘူး"

"ကိစ္စမရှိပါဘူးဗျာ ... ကျုပ်ကလည်း တာဝန်နဲ့ဆိုတော့ သူများရဲ့ ပစ္စည်းကို သတ်မှတ်ထားတဲ့အချိန်အတွင်း အရောက်ပို့ပေးနိုင်ရင် ပြီးတာပါပဲ"

မိမိအတွက် တာဝန်ယူလိုက်ရသောကြောင့် ရုပ်ဆိုးမအတွက် အတော်လေး အကျဉ်းအကျပ်ဖြစ်သွားပုံရသည်။

ရုပ်ဆိုးမ စိတ်လှုပ်ရှားနေသည်ဖြစ်သော်လည်း မျက်နှာတွင်မူ ပေါ်လွင်ခြင်းမရှိ။ အေးအေးဆေးဆေးပုံစံပင် ရှိနေသည်။

ရုပ်ဆိုးမက တည်ငြိမ်အေးဆေးသောဟန်ဖြင့် ဖန်ဝေးကို ပြောလိုက်ပြန်သည်။

"ဒါဆို ငါတို့ ခုပဲ ခရီးထွက်ကြစို့"

ပြောပြောဆိုဆို ရုပ်ဆိုးမ ရှေ့မှလှည့်ထွက်သွားလေသည်။

သူမသည် ကိုယ်ဖော့ပညာကောင်းသလို ဉာဏ်ရည်ဉာဏ်သွေးလည်း ထက်မြက်ပုံပေါ်သည်။

ဖန်ဝေး ရုပ်ဆိုးမနောက်မှ ထက်ကြပ်မကွာ လိုက်ပါသွားတော့သည်။ ဖန်ဝေး လိုက်ပါလာရင်း အမျိုးမျိုးစဉ်းစားတွေးတောလာခဲ့သည်။

ရုပ်ဆိုးမ၏စကားများက နည်းလမ်းကျ မှန်ကန်နေ၍သာ ဖန်ဝေး လိုက်လာခဲ့ရ၏။



မိမိတာဝန်ယူခဲ့သောပစ္စည်း ဘယ်တော့မပြန်ရမည်ကိုမူ ရုပ်ဆိုးမက မပြောခဲ့။

မည်သို့ပင်ဖြစ်စေ ရေဆုံးရေဖျားထိတော့ လိုက်ရပေမည်။

## အခန်း (၁၀)

ဟိုထင်ဖုကန်တော် ...။

ဟိုထင်ဖုကန်တော်မှာ ရိုးရိုးအပျော် လှေလှော်သော ကန်တော်မဟုတ်။

ကန်၏အကျယ်အဝန်းမှာ မိုင်သုံးလေးဆယ်မျှ ကျယ်ဝန်းသောကန်ဖြစ်သည်။

ထို့ကြောင့် ဟိုထင်ဖုကန်တော်ထဲတွင် ငါးဖမ်းလှေများ၊ ရွက်လှေများ၊ သင်္ဘောကြီးငယ်များ အစီအရီ ဆိုက်ကပ်ထားသည်ကို တွေ့လိုက်ရ၏။

ရုပ်ဆိုးမနှင့်ဖန်ဝေ့တို့နှစ်ယောက် ထူးခြားသောရွက်လှေပေါ်သို့ ရောက်လာခဲ့ကြသည်။

ရွက်လှေ၏ထူးခြားချက်မှာ အနီရောင်ဆေးများနှင့် ကျားကွက်သဏ္ဌာန် ရွက်လှေ၏ကိုယ်ထည်ကို ဆေးများသုတ်ထားသည်။

အနီရောင်ဆေးကွက်သုတ်ထားသော ရွက်လှေပေါ်တွင် ကြီးမားလေးလံသော သံသေတ္တာကြီးတစ်လုံးကို တွေ့လိုက်ရ၏။



ထိုသံသေတ္တာကြီးကို ဖန်ဝေးမြင်လိုက်ရသည်နှင့် စိတ်ထဲမှ ကျိတ်၍ ဝမ်းသာသွားသည်။

ရုပ်ဆိုးမကို ဖန်ဝေးက ကျေးဇူးတင်သောအကြည့်ဖြင့်ကြည့်လိုက်သည်။

သို့သော် ...

ဖန်ဝေးအတွက် ကံကြမ္မာက လှည့်စားခဲ့ပြန်သည်။

ရုတ်တရက် လူရိပ်တစ်ခု ဖန်ဝေးတို့ရှိနေသော ရွက်လှေပေါ်သို့ ခုန်ပျံ တက်လာခဲ့သည်။

ထိုခုန်ပျံတက်လာသည့်အဘိုးအိုက အဓိပ္ပာယ်မဲ့ တဟားဟား ရယ်မောလိုက်သည်။

"ဟား ဟား ဟား ဟား"

အဘိုးအို၏ရယ်မောသံကြီးမှာ ရွက်လှေတစ်ခုလုံးကို ဟိန်းထွက်သွားမတတ် ဖုံးလွှမ်းသွားသည်။

ရုပ်ဆိုးမက ရွက်လှေပေါ်တက်လာသော အဘိုးအိုကို ခပ်တည်တည်ကြည့်ကာ ပြောလိုက်သည်။

"ရှင် ဘယ်သူလဲ ... ကျွန်မကရော ဒီမှာမရှိမှန်းသိလို့ဝင်ပြီးအနိုင်ကျင့်ချင်လို့လား"

ရုပ်ဆိုးမ၏စကားကြောင့် အသက်ခြောက်ဆယ်ကျော်ရှိမည်ထင်ရသောအဘိုးကြီးက သဘောကျစွာ ပြန်ပြောလိုက်သည်။

"ဒါတွေ ငါနားမလည်ဘူး၊ ဒီသံသေတ္တာကြီးကို ငါယူသွားမယ်၊ အေးအေးဆေးဆေးပေးလိုက်ပါ၊ ဒါမှမဟုတ် ငါ့ကို အံတုချင်ရင် နင် ဒုက္ခရောက်သွားမယ်"

ရုပ်ဆိုးမက မကြောက်မရွံ့ဟန်ဖြင့် ပြန်ပြောလိုက်သည်။

"ဒီမှာ အရိုးစုဂိုဏ်းချုပ်ကြီး ... ရှင်ဟာ သိုင်းအကျော်အမော်တစ်ယောက်ဖြစ်ပါလျက်နဲ့ ကျွန်မကို အနိုင်ကျင့်ချင်တာတော့ မတရားဘူး၊ သတ္တိရှိရင် ကျွန်မဆရာနဲ့ တစ်ပွဲတစ်လမ်းလောက် ယှဉ်ပြိုင်ဝံ့သလား၊ ကိုယ့်ထက် ငယ်ရွယ်တဲ့လူ၊ ပညာနုတဲ့လူကို ခုလို နိုင်ထက်စီးနင်းလုပ်တာတော့ ကျွန်မ အရွံဆုံးပဲ၊ ကျွန်မ ရှက်တယ်၊ ရှင့်အစား ရှက်လွန်လွန်းလို့ ... ရှင် မရှက်ဘူးလား"

ရုပ်ဆိုးမ၏အသံကလည်း အရိုးစုဂိုဏ်းချုပ်ကဲ့သို့ ကျယ်ကျယ်လောင်လောင်ဖြင့်ပင် ပြန်ပြောလိုက်၏။

ထို့ကြောင့် အရိုးစုဂိုဏ်း ချုပ်က မထီလေးစားဟန်ဖြင့် ...

"ဩော် ... နင်က ငါ့ကို ဒီလိုပဲမြင်နေသလား"

"ဟုတ်တယ် ... ဒီအဝိုင်းပဲမြင်တယ်၊ ဘာလုပ်ချင်လဲ"

ရုပ်ဆိုးမက တစ်ခွန်းမခံပြန်ပြောလိုက်သောကြောင့် အရိုးစုဂိုဏ်းချုပ်ကြီး ဒေါသထွက်လာသည်။

သို့သော် မျက်နှာပျက်ခြင်းမရှိ။

မျက်နှာက မျက်နှာပြောင်တိုက်မနေသည့်ပုံစံမျိုး။



"ကောင်းပြီ ... နင့်ကို ငါ အခွင့်အရေးတစ်ခုပေးမယ်"

"ဆိုစမ်းပါဦး ... ရှင်က ဘာအခွင့်အရေးများ ပေးမှာလဲ"

"နင့်ကို ငါက သိုင်းကွက်ဆယ်ကွက်အတွင်းမှာ အနိုင်ယူတိုက်ခိုက်မယ်၊ နင် ဘယ်လိုသဘောရလဲ"

"ရှင် တကယ်ပြောနေတာလား ... လူကြီးပီပီ ကတိတည်ရမယ်၊ တကယ်လို့ ရှင်သိုင်းကွက်ဆယ်ကွက်အတွင်းမှာ ရှုံးသွားရင် ရှင်စိတ်မပြောင်းသွားရဘူးနော်"

ရုပ်ဆိုးမလေးက အရိုးစုဂိုဏ်းချုပ်ကို စကားဖြင့် ချုပ်ကိုင်လိုက်၏။

"ဟား ဟား ဟား ... ငါ ကတိတည်ပါတယ်၊ သိုင်းလောကမှာ တစ်မိုးအောက်တစ်ယောက်ဆိုတဲ့ မဟာလူဆိုးကြီးလေးယောက်ရဲ့နာမည်ကို နင်မကြားဖူးဘူးလား၊ အေး ... ဆယ်ကွက်ကျော်ခဲ့ရင်သာ ... ဟဲ ဟဲ ဟဲ"

"အရှုံးပေးရမယ် ပြောပါတော့"

"ဟား ဟား ဟား ... အေး နင်ပြောတဲ့အတိုင်းပဲ"

ဝင့်ကြွားသော ဟန်အမူအရာဖြင့် အရိုးစုဂိုဏ်းချုပ်က ခေါင်းတညိတ်ညိတ်လုပ်ကာ ပြောရင်း ရယ်မောနေသည်။

ရုပ်ဆိုးမ ပို၍ သေချာစေရန် ထပ်မံပြောလိုက်ပြန်သည်။

"ရှင် ကျွန်မကို သိုင်းကွက်ဆယ်ကွက်အတွင်း ဒဏ်ရာရ

အောင် မလုပ်နိုင်ခဲ့ရင် ရှင်အရှုံးနော်၊ အဲဒီအခါသာ ရှင် ကတိတည်ပါစေ”

“ဟား ဟား ဟား ... တစ်မိုးအောက် တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးဖော်နဲ့ သိုင်းပညာကို နင်လို ရေတွင်းထဲက ဖားသူငယ် ရဲ့ပညာလေးနဲ့ ဆယ်ကွက်အတွင်းမှာ နင် ခြေမကျိုးတောင် လက်တော့ကျိုးစေရမယ်၊ အေး ... ငါရှုံးသွားမယ်ဆိုရင် ဒီအတိုင်း ပြန်သွားမယ်”

ဤသို့ပြောလိုက်ရင်း နောက်ဆုံးစကားမဆုံးခင်မှာပင် အရိုးစုဂိုဏ်းချုပ်၏လက်ဝါးက ပြင်းထန်သော လေအဟုန်ကို ရှင်းကာ ရုပ်ဆိုးမထံ ရောက်လာခဲ့၏။

ဖန်ဝေး ထိုအချိန် သံသေတ္တာကြီးပေါ်တွင် ရှိနေသည်။

ဖန်ဝေးက သူ၏အတွင်းအားဖြင့် သံသေတ္တာကြီးကို မရွေ့မလျားနိုင်အောင် ဖိထား၏။

အရိုးစုဘိုးတော်၏လက်ဝါးရိုက်ချက်မှ ထွက်ပေါ်လာသော လေလှိုင်းအားကြီးမှာ ကြီးမားသောသံသေတ္တာကြီးကိုပင် တုန်သွားစေသည်။

အရိုးစုဂိုဏ်းချုပ်က လက်ဝါးအသွင်မှ လက်ငါးချောင်းအသွင်သို့ ပြောင်းလဲသွားပြီး ရုပ်ဆိုးမထံသို့ တန်းဝင်လာကာ ကုတ်ဆွဲချလိုက်သည်။



ရုပ်ဆိုးမကလည်း အဘိုးကြီး၏တိုက်ကွက် ပြင်းထန်ကြောင်း သိရ၏။

တစ်ဆက်တည်း ... အဘိုးကြီးက ရုပ်ဆိုးမရှေ့ဘက်နှင့် နောက်ဘက်ပြေးလမ်းကိုပါ တစ်ပါတည်း ပိတ်ဆို့ထားလိုက်သည်။

အကယ်၍ ရုပ်ဆိုးမ ရှေ့ဘက်လာလျှင် အဘိုးကြီးရင်ခွင်ထဲ တန်းရောက်သွားပေမည်။

နောက်သို့ဆုတ်ပြေးလျှင်လည်း အဘိုးကြီးက ပြင်းတန်သောလေလှိုင်းရိုက်ချက်များ ထုတ်လွှင့်ထား၍ ဆုတ်၍ရမည်မဟုတ်။

သို့သော် ရုပ်ဆိုးမ၏ ဘေးတစ်ဖက်တစ်ချက်စီကိုမူ အဘိုးကြီးက ရုပ်ဆိုးမအတွက် လမ်းဖွင့်ပေး ထားသည်။

မည်သည့်အတားအဆီးကိုမျှ မထားခဲ့။

အရိုးစုဂိုဏ်းချုပ် အဘိုးကြီးက ဘေးတစ်ဖက်တစ်ချက်စီမှ လွှတ်ပေးထားခြင်းမှာ အကြောင်းရှိရမည်။

အဘိုးကြီး တမင် ဤဘေးနှစ်ဖက်ကို လွှတ်ပေးထားခဲ့ခြင်း ဖြစ်သည်။

ထိုအခါ ရုပ်ဆိုးမ အကျဉ်းအကျပ်ဖြစ်နေသည့်အတွက် မထူးတော့သည့်အခြေအနေဖြစ်ကာ ရုပ်ဆိုးမက သူ၏အေးစိမ့်ဓားမြှောင်လေးကို ခါးကြားမှ ဆွဲထုတ်ယူလိုက်သည်။

တစ်ဆက်တည်း အရိုးစုဂိုဏ်းချုပ်၏ရင်ဝတည့်တည့်သို့ ချိန်

ရှယ်ကာ ရှေ့သို့ ပြေးတက်ထိုးလိုက်လေတော့သည်။

အဘိုးကြီးက ဓားမြှောင်ထိုးချက်ကို နောက်ဆုတ်ရှောင်ပေးလိုက်၏။

ထိုစဉ် ရုပ်ဆိုးမမှာ အဘိုးကြီး ဘယ်ဘက်သို့ လျှပ်တစ်ပြက်အတွင်း ရောက်ရှိလာပြန်သည်။

ရုပ်ဆိုးမလေး၏ ကိုယ်ဖော့ပညာမှာ မဆိုးကြောင်း အရိုးစုဂိုဏ်းချုပ် ကျိတ်၍ ချီးကျူးလိုက်မိသည်။

အကယ်၍ သူထင်ထားသည့် ဘေးတစ်ဖက်တစ်ချက်သို့ ရုပ်ဆိုးမလေး ရှောင်ထွက်သွားလျှင် မိမိ၏ထောင်ချောက်တွင် ရုပ်ဆိုးမကားခနဲမိမှာ သေချာလှ၏။

ယခု သူထင်သလိုမဟုတ်ဘဲ ရုပ်ဆိုးမက ရှေ့တည့်တည့်ပြေးတက်လာကာ မိမိအား ဓားမြှောင်ဖြင့် ထိုးဝင်လိုက်သောကြောင့် အဘိုးကြီးအခက်တွေ့သွားသည်။

ထိုအခိုက် အဘိုးကြီးက သူ့ကိုယ်သူ စက်ဝိုင်းသဏ္ဍာန်ဖြစ်သွားအောင် တရစပ်ဝှေ့ယမ်းလိုက်ပြီး မိမိ၏ဘေးတစ်ဖက်တစ်ချက်ရှိ ရုပ်ဆိုးမကို လက်ဝါးဖြင့် ရိုက်ထည့်လိုက်ပြန်သည်။

ရုပ်ဆိုးမကလည်း ပါးနပ်သူဖြစ်၏။

ချက်ချင်း အဘိုးကြီး၏ရှေ့တည့်တည့်သို့ ရောက်လာပြန်သည်။



အရိုးစုဂိုဏ်းချုပ်၏တိုက်ကွက်ကို ရုပ်ဆိုးမက ရင်မဆိုင်ရဲပေ။

ထို့ကြောင့် ရှေ့နောက်ဘယ်ညာ အဘိုးကြီးဘေးတွင် ကပ်၍ရှောင်တိမ်းနေခြင်းဖြစ်သည်။

ရုတ်တရက် ပြင်းထန်သောလေအားတစ်ခု ရုပ်ဆိုးမ ရပ်နေသည့် အောက်ဘက်ဆီမှ ဖြစ်ပေါ်လာသောကြောင့် ရုပ်ဆိုးမမှာအပေါ်သို့ခုန်၍ ရှောင်လိုက်ရသည်။

အကယ်၍ ဤလေလှိုင်းအားသာ ထိမိပါက ရုပ်ဆိုးမ၏ခြေထောက်အစုံ ကျိုးကြေပျက်စီးသွားမည်မှာ သေချာလှသည်။

ဘေးမှကြည့်နေသော လူငယ်လေးဖန်ဝေးပင် အရိုးစုဂိုဏ်းချုပ်၏တိုက်ကွက်ကို ကျောထဲစိမ့်သွားအောင် ကြောက်သွားမိ၏။

ထိုအခိုက် ရုပ်ဆိုးမလေးက လှေကုန်းပတ်ဘေးရှိ သစ်သားပေါင်ပေါ်တွင် ရောက်ရှိနေကာ အဘိုးကြီးကို အော်ပြောလိုက်သည်။

"အဘိုးကြီး ... နှစ်ကွက်ရှိသွားပြီ၊ နောက် ရှစ်ကွက်ပဲ ကျန်တော့တယ်"

ရုပ်ဆိုးမလေးစကားဆုံးသည်နှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက သူ၏လက်အစုံကို ရှေ့သို့ ဆန့်တန်းထုတ်လိုက်ပြီး ...

အဘိုးကြီးမှာ သူ၏ပြင်းထန်သော 'လေပွေလက်ဝါး' သိုင်းကွက်ကို အသုံးပြုလိုက်ခြင်းပင်။

ထို့ကြောင့် ဘယ်ခြောက်ညာလှမ်းဖြင့် ရှေ့တိုးနောက်ဆုတ် လုပ်လိုက်ပြန်သည်။

တစ်ဆက်တည်း လေပွေတိုက်ကွက်များကို အရိုးစုဂိုဏ်းချုပ်က အဆက်မပြတ်အသုံးပြုကာ ရုပ်ဆိုးမကို တိုက်ခိုက်လာပြန်သည်။

အဓိကမှာ ရုပ်ဆိုးမ၏ခန္ဓာကိုယ်ရှိ အရေးကြီးသော သွေးကြောကွက်ခုနစ်ကွက်နေရာသို့ ဦးတည်တိုက်ခိုက်နေခြင်းဖြစ်သည်။

ထပ်ဆင့်၍ အဘိုးကြီးက 'နှင်းခဲဖြန့်ကျဲ' သိုင်းကွက်ကို သုံးစွဲတိုက်ခိုက်လာပြန်သည်။

ထိုသို့ လှုပ်ရှားတိုက်ခိုက်လာသောအခါ ရုပ်ဆိုးမ၏တစ်ကိုယ်လုံးကို လေလုံးကြီးများလွှမ်းမိုးထားသလို ဖြစ်သွားသည်။

သူမ ခုခံတိုက်ခိုက်ရန် အင်အားများ လုံးဝမရှိတော့သလို ဖြစ်သွားကာ ရှေ့ဘက်သို့ လေအားဖြင့် ယိမ်းထိုးလဲကျလုမတတ် ဖြစ်သွားသည်။

ရုတ်တရက် ရုပ်ဆိုးမ ,ရပ်နေသည့် ရွက်လှေဘောင်ကြီးမှာ ဂျိုးဂျိုးဂွျတ်ဂွျတ်အသံများ မြည်လာသည်။

မြည်ရုံတွင်မက ရုပ်ဆိုးမရှေ့သို့ ခုန်ထွက်လိုက်စဉ်မှာပင် ရုပ်ဆိုးမရပ်နေသော ရွက်လှေဘောင်ကြီးမှာ ကျိုးပဲ့ထွက်သွားလေသည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏ ပြန်ရုပ်လိုက်သောအားမှာ



ကြီးမားလွန်း၍ ရွက်လှေပေါ်ရှိရွက်တိုင်ကြီးပင် 'ဖျောင်း'ခနဲ ကျိုးထွက်သွားပြန်သည်။

ရွက်တိုင်ကြီးမှာ နှစ်ပိုင်းကျိုးထွက်သွားပြီး ရေထဲသို့ 'ဝုန်း ... ဝုန်း' ဟူသော ကျယ်လောင်သည့်အသံကြီးနှစ်ချက် ဆင့်ကဲ ဆင့်ကဲ မြည်၍ကျသွားသည်။

ရုပ်ဆိုးမကို အရိုးစုဂိုဏ်းချုပ် တိုက်ခိုက်သည်မှာ သိုင်းကွက်ငါးကွက်မျှပင် ရှိသွားချေပြီ။

သို့သော် ရုပ်ဆိုးမက ကိုယ်ဖော့ပညာကောင်းလွန်းသဖြင့် ရှောင်တိမ်းလွတ်ခဲ့ခြင်းဖြစ်သည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက သိုင်းကွက်ငါးကွက် ပြီးသွားသော်လည်း သုံးကွက်ရှိပြီဟု ရေရွတ်ပြောဆိုလိုက်သည်။

ထို့ကြောင့် ရုပ်ဆိုးမက ...

"ရှင်တိုက်တာ သိုင်းကွက်ငါးကွက်ရှိသွားပြီနော်"

"မဟုတ်ဘူး ... သုံးကွက်ပဲ ရှိသေးတယ်"

"ဘာလဲ ... ရှင်က လူကြီးဖြစ်ပြီး ညာချင်သေးလို့လား၊ ရှင်မကျေနပ်ရင် အစကပြန်တိုက်နိုင်တယ်"

"အေးလေ ... ငါးကွက်ဆိုလည်း ငါးကွက်ပဲထားပါတော့"

ဘေးမှလူတွေကြားလျှင် လူကြီးက လူငယ်ကို လိမ်ညာသည်ဟု အပြောဆိုမခံနိုင်သောကြောင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီး မငြင်း

သာတော့ဘဲ ကျေနပ်လိုက်ရ၏။

သံသေတ္တာကြီးပေါ်တွင် ရပ်၍ကြည့်နေသော ဖန်ဝေးက ရပ်ဆိုးမသည် ဤအဘိုးကြီး၏သိုင်းကွက်ဆယ်ကွက်အတွင်းမှာပင် ရပ်ဆိုးမ ဒဏ်ရာအနာတရ ရနိုင်မည်ဟု တွက်ချက်ထား၏။

ရပ်ဆိုးမက ရပ်ဆိုးအကျည်းတန်သော်လည်း စကားပြောဆိုရာတွင် ကန္ဒဲ့ကလျှနှင့် ပြောဆိုတတ်သောကြောင့် မြင်ရသူ အဖို့ အော့နှလုံးနာချင်စရာဖြစ်နေသည်။

အဘိုးကြီးက ရပ်ဆိုးမကို လက်ဝါးချက်တစ်ချက်ဖြင့် ရိုက်နှက်လိုက်ပြန်သည်။

အဘိုးကြီး၏ လက်ဝါးရိုက်ချက်အားမှာ ပြင်းထန်သောကြောင့် ရွက်လှေနားသို့ ပျံသန်းလာသော စင်ရော်ငှက်လေးများမှာ လက်ဝါးချက်လေဟပ်မိကာ အဝေးသို့လွင့်စဉ်သွားပြီး ရေထဲ ထိုးကျသွားလေသည်။

ရပ်ဆိုးမလေးလည်း လက်ဝါးရိုက်ချက်မိကာ နောက်ဘက်ရှိ ရေထဲသို့ ကျွမ်းပစ်၍ကျသွားသည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက ရပ်ဆိုးမ ရေထဲသို့ ထိုးကျသွားသည်ကို အရှုံးဟုတွက်လိုက်သည်။

သို့သော် ရပ်ဆိုးမက အရှုံးပေးမည်မဟုတ်ကြောင်း အဘိုးကြီးသိသည်။



ယခုဆိုလျှင် အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏တိုက်ကွက်မှာ ခြောက်ကွက်ရှိခဲ့လေပြီ။

ထိုစဉ် ရေထဲကျသွားသော ရပ်ဆိုးမ ရေပေါ်သို့ ဘွားခနဲ ပေါ်လာသည်။

ရပ်ဆိုးမ ရေပေါ်သို့ ဘွားခနဲပေါ်လာသည်နှင့် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက ရေပေါ်မှ ရပ်ဆိုးမအား 'နဂါးရေစုပ်' လက်ဝါးကွက်ဖြင့် တိုက်ခိုက်လိုက်ပြန်သည်။

ရေပြင်မှာ ချက်ချင်းပင် အဘိုးကြီး၏လက်ဝါးရိုက်ချက်လေအဟုန်ကြောင့် လှိုင်းထသွားသည်။

ရပ်ဆိုးမ လှိုင်းလုံးများကြားတွင် ရုန်းကန်ကူးခတ်လျက် ရှိနေသေး၏။

အဘိုးကြီးက လှိုင်းများကြားရှိ ရပ်ဆိုးမကိုကြည့်ကာ အော်ဟစ်သတိပေးလိုက်၏။

"မိန်းကလေး ... သတိထား၊ သိုင်းကွက်ခုနစ်ကွက် ရှိသွားပြီ၊ ခု ရှစ်ကွက်မြောက်တိုက်ကွက် လာတော့မယ်"

အဘိုးကြီးက 'နဂါးရေစုပ်' သိုင်းကွက်ဖြင့်ပင် ရပ်ဆိုးမကို ထပ်မံတိုက်ခိုက်လိုက်သည်။

ရပ်ဆိုးမက အဘိုးကြီးလက်ဝါးရိုက်ချက် ထုတ်လိုက်သည်နှင့် ရေပြင်အောက်သို့ ငုံ့လျှိုးသွားကာ တိုက်ကွက်ကို ရှောင်တိမ်း

လိုက်သည်။

အဘိုးကြီး၏တိုက်ဟန်မှာ ပြင်းထန်လွန်းသောကြောင့် ရေအောက်သို့ပင် ရေလုံးပိကျလာခဲ့သည်။

အရိုးစုဂိုဏ်းချုပ်၏တိုက်ကွက် ရှစ်ကွက်မြောက်ကို ရုပ်ဆိုးမက ရှောင်တိမ်းနိုင်ခဲ့၏။

ကျန်နှစ်ကွက်ကိုမူ ရှောင်တိမ်းနိုင်ပါမည်လား။

ပညာချင်းက ကွာခြားလွန်းနေသည်။

တိုက်ခိုက်နေသည့်ပုဂ္ဂိုလ်မှာလည်း သိုင်းလောကတစ်ခွင်တွင် လျှမ်းလျှမ်းတောက် နာမည်ကြီးနေသော တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ လူဆိုးကြီးလေးယောက်အနက်မှ တစ်ယောက်ဖြစ်သည့် အရိုးစုဂိုဏ်းချုပ်ကိုယ်တိုင်ပင် ဖြစ်နေသည်။

စသည်ဖြင့် ဖန်ဝေး ရုပ်ဆိုးမအတွက် တွေးတောပူပန်နေမိသည်။

သို့သော် ရုပ်ဆိုးမမှာ အရိုးစုဂိုဏ်းချုပ်အား သိုင်းပညာချင်း မယှဉ်ပြိုင်နိုင်သော်လည်း ဖြတ်ထိုးဉာဏ်နှင့် မျှော်မြင်မှုဉာဏ်ထက်သူဖြစ်၍ တော်ပေသေးသည်။

ရုပ်ဆိုးမ အဘိုးကြီး၏တိုက်ကွက်ရှစ်ကွက်မြောက်ကို ရှောင်လိုက်ပြီးနောက် ရွက်လှေကြီးနောက်ဘက်ရှိ သစ်ဖောင်အောက်တွင် ဝင်ရောက်ပုန်းအောင်းနေလိုက်သည်။



ထို့နောက် ရုပ်ဆိုးမ သစ်ဖောင်ကြားမှ အဘိုးကြီးအား ခေါင်းပြူကြည့်လိုက်ရာ ...

အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ရေပေါ်ရှိ ပျဉ်ပြားကြီးတစ်ချပ်ပေါ်တွင် ကိုယ်ဖော့ကာ ခြေတစ်ဖက်ဖြင့် ရုပ်ဆိုးမ ပုန်းအောင်းနေသည့် သစ်ဖောင်နားသို့လာနေကြောင်း ရုပ်ဆိုးမ တွေ့လိုက်ရ၏။

တစ်ဆက်တည်းမှာပင် အဘိုးကြီးက 'ရွှေကြက်ဖ ခြေတစ်ဖက်ရပ်ဟန်' ကိုယ်ဖော့ပညာဖြင့် ရုပ်ဆိုးမရှိနေရာ သစ်ဖောင်အနီးသို့ ရောက်လာသည်။

ရုပ်ဆိုးမ ရေထဲတွင် ဟိုသည်ကူးခတ်လှုပ်ရှားနေသော်လည်း အဘိုးကြီးမှာ မိမိအနားသို့ ရောက်လာသည်ချည်း ဖြစ်နေသည်။

ဆယ်ကွက်ပြည့်ရန် နှစ်ကွက်သာ လိုတော့သည်။

ထိုနှစ်ကွက်သော သိုင်းကွက်ကိုမူ အရိုးစုအဘိုးကြီးက ရုပ်ဆိုးမအား နည်းနည်းလေးမှ သက်ညှာလိမ့်မည်မဟုတ်။

အပိုင်အနိုင် တိုက်ခိုက်အနိုင်ယူတော့မည် ဖြစ်သည်။

ကျန်သောနှစ်ကွက်မှာ နှစ်ဦးနှစ်ဖက် သေရေးရှင်ရေးတမျှ အရေးကြီးသော တိုက်ကွက်ဖြစ်မှန်း နှစ်ဦးစလုံး သိကြသည်။

ထို့ကြောင့် ရုပ်ဆိုးမ ရုတ်တရက် အဘိုးကြီးကို ရင်မဆိုင်ရဲ၊ ရေထဲသို့ ငုပ်လျှိုးကာ ပုန်းအောင်းနေသည်။

ရေပေါ်သို့ ထွက်ပေါ်မလာရဲ ဖြစ်နေ၏။

ရုပ်ဆိုးမ ရေအောက်မှနေ၍ အရိုးစုဂိုဏ်းချုပ်အဘိုးကြီးကို ရေအောက်သို့တိုင်အောင် လာရောက်တိုက်ခိုက်မည်ကို စိုးရိမ်နေမိသည်။

ထို့ကြောင့် ရေအောက်ထဲတွင်နေရသည်မှာ မိမိကိုယ်မိမိ မလုံမလဲဖြစ်လာမိသည်။

နှစ်ကွက်သာကျန်ရှိသော တိုက်ကွက်ကို မိမိ မည်ကဲ့သို့ ရင်ဆိုင်ရှောင်တိမ်းရမည်ကို စဉ်းစားနေသည်။

ထိုစဉ် ...

မိမိရှိနေရာသို့ ကြီးမားသောသားစားငါးမန်းကြီးတစ်ကောင် လာနေကြောင်း ရုပ်ဆိုးမ ထိတ်လန့်ဖွယ်ရာ တွေ့မြင်လိုက်ရသည်။

ငါးမန်းကြီးမှာ လျင်မြန်သောအရှိန်ဖြင့် မိမိထံ လာနေကာ တိုက်ခိုက်သတ်ဖြတ်စားသောက်ပေတော့မည်။

ရုပ်ဆိုးမ ဘာမျှမစဉ်းစားတော့ဘဲ လက်ထဲမှ 'အေးစိမ့်ဓားမြှောင်' လေးကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားရင်း သားစားငါးမန်းကြီးကို တိုက်ခိုက်ရန် အသင့်စောင့်နေလိုက်သည်။

ရုပ်ဆိုးမ စိတ်ကိုတည်ငြိမ်အောင်ထားကာ ငါးမန်းကြီးအား တိုက်ခိုက်ရန် အသင့်ဖြစ်နေသည်။

သက်ရှိသက်မဲ့သတ္တဝါတိုင်းသည် တစ်ဖက်နှင့်တစ်ဖက် တစ်



ဦးနှင့်တစ်ဦး တိုက်ခိုက်ယှဉ်ပြိုင်ကြတော့မည်ဆိုပါက များသောအားဖြင့် သွေးပူကာ စိတ်လှုပ်ရှားနေတတ်ကြသည်မှာ ဓမ္မတာပင်ဖြစ်သည်။

ယခု ရုပ်ဆိုးမကတော့ ဤသို့မဟုတ်။

သိုင်းပညာကလည်း ခေသူမဟုတ်သဖြင့် ရန်သူအား တိုက်ခိုက်ရာတွင် အရေးအကြီးဆုံးဖြစ်သည့် စိတ်တည်ငြိမ်မှု၏တစ်ပန်းသာပုံကို သိထားသူဖြစ်သည်။

သားစားငါးမန်းကြီးမှာမူကား အစာကိုမြင်၍ ဒစ်မမြင်သောငါးများကဲ့သို့ ရုပ်ဆိုးမ,ရှိရာသို့ တန်းတန်းမတ်မတ် တိုက်ခိုက်သတ်ဖြတ်စားသောက်ရန် လာနေသည်။

ငါးမန်းကြီး ရုပ်ဆိုးမနားသို့ ကပ်လာချေပြီ။

ရုပ်ဆိုးမနှင့်သုံးလေးကိုက်မျှသာ ကွာတော့သည်။

တဖြည်းဖြည်းနှင့် သားစားငါးမန်းကြီး ရုပ်ဆိုးမနားသို့ ရောက်လာသည်။

ငါးမန်းကြီး၏ဖွေးဖွေးဖြူနေသောအစွယ်ကြီး ရုပ်ဆိုးမနှင့် ခြောက်လက်မခန့်အကွာသို့ပင် ရောက်ရှိလာချေပြီ။

ရုပ်ဆိုးမ ငြိမ်သက်နေရာမှ လျှပ်တစ်ပြက်လှုပ်ရှားလိုက်ပြီး ငါးမန်းကြီး၏ဝမ်းဗိုက်အောက်တည့်တည့်သို့ လျင်မြန်စွာ ကူးခတ်သွားသည်။

ငါးမန်းဗိုက်အောက်တည့်တည့်သို့ ရောက်လာသောအခါ ရုပ်ဆိုးမက လက်ထဲမှ အေးစိမ့်ဓားမြှောင်ဖြင့် ငါးမန်းကြီး၏ဝမ်းဗိုက်ကို ဓားရိုးတိုင် နစ်မြုပ်သွားအောင် ထိုးထည့်လိုက်သည်။

သားစားငါးမန်းကြီးမှာ အေးစိမ့်ဓားမြှောင်၏ ထက်လှစွာသော ဘားသွားကြောင့် ဝမ်းဗိုက်တွင်းသို့ ဓားရိုးတစ်ဆုံးနစ်ဝင်သွားကာ လွန်စွာနာကျင်သွားဟန်ဖြင့် ရုန်းကန်လိုက်သည်။

'ဝုန်း'

'ဝုန်း'

ငါးမန်းကြီး နာကျင်စွာရုန်းကန်သံကြောင့် ရေလုံးနှင့်ငါးမန်းကြီး၏အမြီး ရိုက်ခတ်သံများ ရေထဲတွင် ဆူညံစွာ ထွက်ပေါ်လာနေသည်။

ရုပ်ဆိုးမကလည်း အေးစိမ့်ဓားမြှောင်ကို ငါးမန်းဝမ်းဗိုက်မှ လျင်မြန်စွာဆွဲနှုတ်လိုက်၏။

တစ်ဆက်တည်း ရုပ်ဆိုးမ စဉ်းစားလိုက်သည်။

မိမိ ရေပေါ်သို့တက်သွားပါက ရေပေါ်တွင် အသင့်စောင့်နေသော အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက မိမိ၏ဦးခေါင်းကို လက်ဝါးချက်ဖြင့် ရိုက်ချရန် အသင့်စောင့်နေမည်ဖြစ်ကြောင်း စဉ်းစားမိသည်။

ထို့ကြောင့် ဖြတ်ထိုးဉာဏ်ထက်မြက်လှသူပီပီ ရုပ်ဆိုးမက အကြံတစ်ခုကို ချက်ချင်းရလိုက်သည်။



၎င်းမှာ သားစားငါးမန်းကြီးသည် နာကျင်လွန်းသောကြောင့် မကြာမီ ရေပေါ်သို့တက်သွားတော့မည်။

ရုပ်ဆိုးမ ဘာမှုစဉ်းစားမနေတော့ဘဲ ရုတ်တရက်ရလာသောအကြံကို အကောင်အထည်ဖော်လိုက်သည်။

မိမိ၏အင်္ကျီကို ချွတ်လိုက်၏။

ပြီးသည်နှင့် ...

ငါးမန်းကြီးအစွယ်ထိပ်သို့ ချိတ်ပေးလိုက်သည်။

ရုပ်ဆိုးမက ရှိသမျှအတွင်းအားများကိုစုစည်းကာ ငါးမန်းကြီး ရေပေါ်သို့ မြန်မြန်တက်သွားစေရန် လက်အစုံဖြင့် အောက်မှနေ၍ တွန်းထုတ်လိုက်သည်။

သားစားငါးမန်းကြီးမှာ ဓားမြှောင်ချက်ဖြင့် ဗိုက်ပေါက်သွား၍ နာကျင်လွန်းနေသည်ကတစ်ကြောင်း ...

ရုပ်ဆိုးမ၏ အတွင်းအားထည့်၍ တွန်းလိုက်သောတွန်းကန်အားကြောင့် ရေပေါ်သို့ ထိုးတက်သွားလေတော့သည်။

ထိုစဉ်မှာပင် ရေပေါ်မှ ဝုန်းခနဲ အသံကြီးတစ်သံ မြည်ဟည်းထွက်ပေါ်လာသံကို ကြားလိုက်ရသည်။

အရိုးစုဂိုဏ်းချုပ် အဘိုးကြီး၏လက်ဝါးချက်ကြောင့် သွေးရူးသွေးတန်းဖြင့် ရေပေါ်တက်လာသော ငါးမန်းကြီး၏အသားများ တစ်စစီဖြစ်ကုန်သည်။

အဘိုးကြီးလက်ဝါးနှင့် အဝတ်အစားများတွင်လည်း ငါးမန်းသွေးများ ရွှဲရွှဲစိုလျက် စွန်းထင်းပေကျံကုန်သည်။

အဘိုးကြီး သီလိုက်ပေပြီ။

ရုပ်ဆိုးမက မိမိအား အကွက်ဆင်ကာ သိုင်းကွက်တစ်ကွက်ကို အနိုင်ယူလိုက်ခြင်းပင်။

မတတ်နိုင်။

မိမိအနေဖြင့် သိုင်းကွက်ကိုးကွက်ဟုသာ သတ်မှတ်ရပေတော့မည်။

ကံကြမ္မာက ရုပ်ဆိုးမဘက်သို့ ဦးလှည့်လာဟန် ရှိသည်။

ငါးမန်းစွယ်တွင် ချိတ်ပေးလိုက်သော ရုပ်ဆိုးမ၏အင်္ကျီစမှာ ကံအားလျော်စွာ ငါးမန်စွယ်မှ လွင့်စဉ်ပြုတ်ကျကာ ရုပ်ဆိုးမနှင့် သုံးလေးပေအကွာ ရေထဲသို့ တဖြည်းဖြည်း ကျဆင်းလာသည်။

ရုပ်ဆိုးမ ဝမ်းသာအားရဖြစ်သွားပြီး ကျလာနေသော မိမိ၏အင်္ကျီကို ဆွဲယူဝတ်လိုက်သည်။

ရုပ်ဆိုးမ တွက်ထားသည့်အတိုင်း မှန်ကန်နေ၏။

အရိုးစုဂိုဏ်းချုပ်မှာ ရေပေါ်တွင် အသင့်စောင့်ဆိုင်းနေပြီး စိတ်ဆိုးဒေါသထွက်လျက် ရှိနေသည်။

မိမိ၏သိုင်းပညာအဆင့်အရ ဤရုပ်ဆိုးမကို ဆယ်ကွက်မပြည့်မီ ကျိန်းသေအနိုင်ရရှိနိုင်သည်။



သို့သော် ရုပ်ဆိုးမက ရင်ဆိုင်ခြင်းမပြုဘဲ ပြေးလွှားရှောင်တိမ်းနေသောကြောင့် မိမိတိုက်ကွက်များ အလဟဿဖြစ်ခဲ့ရသည်။

ထိုစဉ် သားစားငါးမန်းစွယ်က ရှေးဦးစွာ ရေပေါ် ပေါ်ထွက်လာကာ ရုပ်ဆိုးမ၏အင်္ကျီကို လှမ်းမြင်လိုက်ရ၏။

အဘိုးကြီး ဒေါသထွက်နေသည့်အလျောက် ဘာမျှ စဉ်းစားမနေတော့ဘဲ ရုပ်ဆိုးမ ရေပေါ်ပြန်တက်လာပြီထင်မှတ်ကာ ပြင်းထန်သော လက်ဝါးခုတ်ချက်ဖြင့် ရိုက်ချလိုက်ခြင်းပင် ဖြစ်သည်။

အရိုးစုဂိုဏ်းချုပ်အဘိုးကြီး ပိုမိုဒေါသထွက်လာသည်။

ဤအခိုက် ရုပ်ဆိုးမ ရေပေါ်တက်လာပြီး အဘိုးကြီးအား အော်ဟစ်ပြောဆို လိုက်သည်။

"ကိုးကွက်ရှိသွားပြီနော်"

ရုပ်ဆိုးမ ထိုသို့လှည့်စားလိုက်သည်ကို အရိုးစုဂိုဏ်းချုပ်အဘိုးကြီး အတော်ဒေါသထွက်သွားမည်ဟု ထင်မိသည်။

ပြင်းထန်သောတိုက်ကွက်ကိုသုံးကာ မိမိအား တိုက်ခိုက်တော့မည်ဟုလည်း ရုပ်ဆိုးမ ထင်မှတ်နေသည်။

သို့သော် တစ်မိုးအောက်တစ်ယောက်ဘွဲ့ရအဘိုးကြီးမှာ သူ၏နာမည်ကို အပျက်မခံနိုင်။

ထို့ကြောင့် နောက်ဆုံးကျန်တစ်ကွက်ကို အပိုင်အနိုင်တိုက်ခိုက်ရန်သာ စိတ်ကူးလိုက်ရတော့၏။

အဘိုးကြီး စိတ်ဆုံးဖြတ်ပြီးသည်နှင့် ရုပ်ဆိုးမကို တိုက်ခိုက်ရန် လှုပ်ရှားလိုက်သည်။

ရုပ်ဆိုးမက အရင်ဦးအောင် လှမ်းပြောလိုက်၏။

"အဘိုးကြီး ... ခဏနေပါဦး"

"ဘာလဲ ... နင်ကြောက်သွားပြီလား"

"ကျွန်မကိုလည်း တိုက်ကွက်တစ်ကွက်ပေးပါဦး"

စကားဆုံးသည်နှင့် ရုပ်ဆိုးမက 'အေးစိမ့်ဓားမြှောင်' လေးကိုကိုင်ကာ လေထဲတွင် ဝှေ့ယမ်းလိုက်၏။

တစ်ဆက်တည်း အဘိုးကြီးရှိရာသို့ ရေထဲမှလျင်မြန်စွာ ကူးခတ်လာခဲ့သည်။

အဘိုးကြီးကလည်း ဝမ်းသာအားရ လှမ်းပြောလိုက်၏။

"အေး ... နင် နောက်မဆုတ်ဘဲ ရှေ့တက်လာတာ ကောင်းတယ်၊ ဒါမှ ပွဲမြန်မြန်ပြီးသွားမှာ"

အေးစိမ့်ဓားမြှောင်သည် မည်သည့်အရာမဆို ဖြတ်တောက်နိုင်စွမ်းရှိသည်။

အဘိုးကြီးက အေးစိမ့်ဓားမြှောင်တိုက်ကွက်ကို လက်နက်မဲ့သိုင်းကွက်ဖြင့် ပြန်တိုက်ရန်ကြံထားသည်။

ရုပ်ဆိုးမ ဤသို့ အေးစိမ့်ဓားမြှောင်ဖြင့် ရှေ့သို့လျင်မြန်စွာကူးခတ်လာခြင်းမှာ ...



အဘိုးကြီး တိုက်ကွက်မထုတ်နိုင်ရန်အတွက် ဖြစ်သည်။

အဘိုးကြီးနားသို့ ရောက်ရန် ဆယ်ပေမျှအကွာအရောက် ရုပ်ဆိုးမ တစ်စုံတစ်ရာကို စဉ်းစားလိုက်မိသည်။

အဘိုးကြီး မည်သို့မျှမလှုပ်ရှားဘဲ မိမိရောက်လာသည်အထိ ငြိမ်သက်စွာ စောင့်ဆိုင်းနေခြင်းသည် မိမိအား လက်နက်မဲ့တိုက်ကွက်ဖြင့် မိမိဓားမြှောင် လုယူလိုခြင်းသာဖြစ်ကြောင်း တွေးမိလိုက်သည်။

ထိုအတွေးကြောင့် ရုပ်ဆိုးမရှေ့ဆက်မလှမ်းတော့ဘဲ အေးစိမ့်ဓားမြှောင်ဖြင့် အဘိုးကြီးအား ပစ်ပေါက်၍ ရေအောက်သို့ ငုပ်လျှိုးပြေးခဲ့သည်။

တိုက်ပွဲတစ်ခုတွင် ရန်သူ၏တိုက်ကွက်ကို ကြိုတင်သိထားလျှင် မိမိအတွက် တစ်ပန်းသာသည်။

ယခုလည်း ရုပ်ဆိုးမလေးက အရိုးစုဂိုဏ်းချုပ်ကြီး၏ လက်နက်မဲ့တိုက်ကွက်ကို ကြိုတင်သိထားသဖြင့် အချိန်မီရှောင်တိမ်းနိုင်ခဲ့ခြင်း ဖြစ်သည်။

တစ်ခဏချင်းမှာပင် ရုပ်ဆိုးမ ရေပေါ်ပြန်ပေါ်လာကာ အဘိုးကြီးအား အော်ဟစ်ပြောဆိုလိုက်သည်။

"အရိုးစုဂိုဏ်းချုပ်ကြီး တိုက်ကွက် ဆယ်ကွက်ပြည့်သွားပါပြီ၊ ရှင်လည်း ကျွန်မရဲ့အေးစိမ့်ဓားမြှောင်ကို ရသွားပြီပေါ့"

အရိုးစုဂိုဏ်းချုပ်က အေးစက်စက်ပြုံးလိုက်ပြီး ...

"နင်လည်း ငါ့လက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်ရနေပါပြီ"

အရိုးစုဂိုဏ်းချုပ်၏စကားကြောင့် ရုပ်ဆိုးမ အံ့ဩတုန်လှုပ်သွားမိသည်။

"အင်း ... တယ်တော်တဲ့ အဘိုးကြီးပါလား၊ ငါ သူ့လက်ဝါးရိုက်ချက်ကြောင့် အတွင်းဒဏ်ရနေတာ သူ ဘယ်လိုလုပ်သိသွားပါလိမ့်"

ဤသို့စဉ်းစားလိုက်ပြီးသည်နှင့် ရုပ်ဆိုးမက အချက်ကျကျ ပြန်လည်ပြောဆိုလိုက်သည်။

"ရှင်ဟာ သိုင်းလောကထဲက ထင်ရှားကျော်ကြားတဲ့ ပုဂ္ဂိုလ်တစ်ယောက်ပါ၊ ကျွန်မမှာ အတွင်းဒဏ်ရတယ်လို့ပြောရအောင် ခြေလက်ကျိုးတာမှမဟုတ်သေးဘဲ၊ ဒီတော့ ကျွန်မ ရှုံးတယ်ပြောလို့ ဘယ်ရမှာလဲ"

အဘိုးကြီး ခုမှ နောင်တရနေမိသည်။

ဤသို့ ရုပ်ဆိုးမ ငြင်းဆန်မည်မှန်းသိပါက စောစောကတည်းကပင် ရုပ်ဆိုးမအား ခြေလက်ရိုက်ချိုးလိုက်ရ အကောင်းသားဟု စဉ်းစားနေမိသည်။

ထို့ကြောင့် အဘိုးကြီးက အားကျမခံ ပြန်ပြောလိုက်၏။

"ကောင်းပြီ ... နင် အတွင်းဒဏ်မရဘူးဆို နောက်ထပ်သိုင်းကွက်သုံးကွက် ဆက်လက်ယှဉ်ပြိုင်နိုင်ဦးမလား"



အကယ်၍ နောက်ထပ်သိုင်းကွက်သုံးကွက် လက်ခံလိုက်လျှင် မိမိအတွက် မလွယ်ကူတော့မှန်း ရုပ်ဆိုးမ သိသည်။

သိုင်းကွက်သုံးကွက်မပြောနှင့် ... တစ်ကွက်ပင် မိမိ ခံနိုင်မည်မထင်။

ရုပ်ဆိုးမမှာ ဖြတ်ထိုးဉာဏ်ထက်မြက်ကောင်းမွန်သူဖြစ်ဖြစ် ချက်ချင်းအဘိုးကြီးကို မလှုပ်သာအောင် ပြန်ပြောလိုက်သည်။

"ရှင်ဟာ အရိုးစုဂိုဏ်းချုပ်ဆိုပြီး သိုင်းလောကတစ်ခွင်မှာ လျှမ်းလျှမ်းတောက်ထင်ရှားနေတဲ့ ပုဂ္ဂိုလ်ကြီးတစ်ယောက်ပါ၊ သိုင်းပညာအရ ပြောရမယ်ဆိုရင် ရှင်နဲ့ကျွန်မ ပြိုင်ဘက်မဟုတ်ဘူး၊ ကျွန်မတို့ စည်းကမ်းချက်သတ်မှတ်ခဲ့တာ သိုင်းကွက်ဆယ့်သုံးကွက်မဟုတ်ဘူး၊ သိုင်းကွက် ဆယ်ကွက်ပဲဖြစ်တယ် ....၊

ရှင် သိုင်းလောကမှာ နာမည်လျှမ်းလျှမ်းတောက် စတင်ကျော်ကြားလာတဲ့အချိန်မှာတောင် ကျွန်မမွေးသေးတာမဟုတ်ဘူး"

ရုပ်ဆိုးမ၏စကားကြောင့် အရိုးစုဂိုဏ်းချုပ် ဘာပြန်ပြောရမှန်းမသိအောင် ကြောင်တက်တက်ဖြစ်သွားသည်။

ဖန်ဝေး အခြေအနေများကို ရှက်လှေပေါ်ရှိ သံသေတ္တာကြီးပေါ်တွင် မတ်တတ်ရပ်၍ကြည့်နေသည်။

အမှန်တွင် အရိုးစုဂိုဏ်းချုပ်ကြီး၏ သိုင်းပညာမှာ ရုပ်ဆိုးမ

ထက် အဆပေါင်းများစွာ သာလွန်နက်ရှိုင်းမြင့်မားလှသည်။

ရုပ်ဆိုးမက ဉာဏ်ကိုလွှာသုံး၍သာ အရိုးစုဂိုဏ်းချုပ်အဘိုးကြီး၏ တိုက်ကွက်ဆယ်ကွက်ကို ရှောင်တိမ်းနိုင်ခဲ့ခြင်းဖြစ်သည်။

အရိုးစုဂိုဏ်း ပြောခဲ့သည့်ကတိစကားကို ဖျက်မည်စိုး၍ ဖန်ဝေးက မိမိနောက်ကျောတွင် လွယ်ထားသော ခုနစ်ပေါက်ဓားရှည်ကို ဖြုတ်ယူ၍ လက်တွင် အဆင်သင့်ကိုင်ဆောင်ကာ အော်ဟစ်ပြောဆိုလိုက်သည်။

"အရိုးစုဂိုဏ်းချုပ်ကြီး ခင်ဗျားကိုယ်တိုင်ပြောခဲ့တဲ့ ကတိနဲ့ စည်းကမ်းချက်တွေကို ဖောက်ဖျက်တော့မှာလား"

ရုပ်ဆိုးမကလည်း ဝင်ရောက်ပြောဆိုလိုက်ပြန်သည်။

"ဟုတ်တယ် ... ပေးထားတဲ့ကတိကို ဖျက်ဖို့ မကောင်းပါဘူး"

အရိုးစုဂိုဏ်းချုပ် စဉ်းစားလိုက်သည်။

ရုပ်ဆိုးမနှင့် သံသေတ္တာပေါ်မှ ချာတိတ်တို့အား နှစ်ယောက်လုံး တစ်ပြိုင်နက် သတ်ပစ်နိုင်လျှင် ကောင်းမည်။

ယခု ရုပ်ဆိုးမက မိမိရှေ့ ရေထဲတွင်ရှိနေသည်။

ကျန်တစ်ယောက်က ရွက်လှေပေါ်တွင်ရှိသည်။

ထို့ကြောင့် နှစ်ယောက်စလုံးကို တစ်ပြိုင်တည်းသတ်ပစ်နိုင်ဖို့က မလွယ်။



တစ်ယောက်လွတ်သွားခဲ့ပါက ယခုဖြစ်ပျက်ခဲ့သည့် အခြေအနေများ သိုင်းလောကတွင် ပေါက်ကြားခဲ့သော် မိမိနာမည်ပျက်ရတော့မည်ကို စဉ်းစားမိလိုက်သည်။

အရိုးစုဂိုဏ်းချုပ် ဤအကြောင်းများ တွေးတောမိ၍ ဘာမှုမပြောတော့ဘဲ ရေပြင်ပေါ်ရှိ ပျဉ်ပြားချပ်ကိုနင်းကာ လျင်မြန်စွာ ပြေးလွှားထွက်ခွာသွားရန် ဟန်ပြင်လိုက်၏။

ထိုအခါမှ ရုပ်ဆိုးမ စိတ်အေးသွားရ၏။

သို့သော် သူ၏အေးစိမ့်ဓားမြှောင်လေးကို နှမြောနေသဖြင့် အရိုးစုဂိုဏ်းချုပ်ကို လှမ်းပြောလိုက်သည်။

"အရိုးစုဂိုဏ်းချုပ် အေးစိမ့်ဓားမြှောင်လေးက ကျွန်မအတွက် အန္တရာယ်ကို ကာကွယ်ဖို့ ဆောင်ထားတာပါ။ ကိုယ့်ထက် အသက်ငယ်ရွယ်ပြီး သိုင်းပညာနုနယ်တဲ့သူဆီက ပစ္စည်းကို ခုလိုယူသွားမှာတော့ မကောင်းပါဘူးရှင်၊ ဒါကြောင့် စိတ်ကောင်းလေးထားပြီး ရှင့်လက်ထဲက အေးစိမ့်ဓားမြှောင်လေး ပြန်ပေးခဲ့ပါ"

အရိုးစုဂိုဏ်းချုပ် ဘာမှုပြောလိုက်စိတ်မရှိတော့ဘဲ လက်ထဲမှ အေးစိမ့်ဓားမြှောင်လေးအား ရုပ်ဆိုးမထံ ပြန်ပစ်ပေးလိုက်သည်။

အေးစိမ့်ဓားမြှောင်လေးကို ရုပ်သိမ်းကာ လက်ညှိုးနှင့်လက်ခလယ် နှစ်ချောင်းဖြင့် ညှပ်ဖမ်းယူကာ ခါးကြားတွင် ပြန်ထိုးထားလိုက်၏။

ထိုအချိန်မှာပင် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးမှာ ပျဉ်ပြားတစ်ချပ်ဖြင့် ရေလွှာလျှောစီးသကဲ့သို့ လျင်မြန်သော အရှိန်အဟုန်နှင့် ရေပြင်ထက်မှ ရှပ်တိုက်ပြေးလွှားထွက်ခွာသွားလေတော့သည်။



အရိုးစုဂိုဏ်းချုပ် ထွက်ခွာသွားသည်နှင့် ရုပ်ဆိုးမမှာ ရွက်လှေရှိရာသို့ ကူးခတ်လာခဲ့၏။

ထို့နောက် ရွက်လှေပေါ်သို့ တွယ်တက်သွားသည်။

ရွက်လှေပေါ်ရောက်သွားသည်နှင့် ရုပ်ဆိုးမ စိတ်ကိုလျှော့ချလိုက်သည်။

စိတ်လျှော့ချလိုက်သည့်အတွက် ရုပ်ဆိုးမ ရွက်လှေကြမ်းပြင်ပေါ် လဲကျသွားတော့သည်။

အမှန်တွင်မူ ...

ရုပ်ဆိုးမသည် အရိုးစုဂိုဏ်းချုပ်၏လက်ဝါးချက်ကြောင့် အတွင်းဒဏ်ရခဲ့ပြီး ယှဉ်ပြိုင်ရာတွင် ရှုံးနိမ့်ခဲ့သည်။

သို့သော် ...

မိမိ အတွင်းဒဏ်ရကြောင်း ဝန်ခံလိုက်ပါက အရိုးစုဂိုဏ်းချုပ် သတ်မှတ်ထားသည့်အတိုင်း ရှုံးသွားပြီဖြစ်၍ ရွက်လှေပေါ်မှ သံသေတ္တာကို ပေးလိုက်ရမည်ဖြစ်သည်။

သံသေတ္တာ ပါမသွားစေရန် မိမိက အတွင်းဒဏ်မရဟန် ဆောင်၍ ဖြတ်ထိုးညဏ်ကိုအသုံးချကာ အားတင်းရှောင်တိမ်းနေခဲ့ရခြင်း ဖြစ်သည်။

ယခု အဘိုးကြီးထွက်ခွာသွားတော့မှ အန္တရာယ်မရှိတော့မှန်း သိလိုက်ရသဖြင့် ရုပ်ဆိုးမ တင်းထားသောစိတ်ကို လျှော့ချလိုက်ခြင်းပင်။

စိတ်လျှော့ချလိုက်ခြင်းကြောင့် ရုပ်ဆိုးမ ရှက်လှေကြမ်းပြင်ပေါ်သို့ တဖြည်းဖြည်း လဲကျသွားခဲ့ခြင်းပင်။

ဖန်ဝေး သံသေတ္တာကြီးပေါ်မှ ခုန်ဆင်းလာပြီး ရုပ်ဆိုးမနားသို့ ချဉ်းကပ်သွားသည်။

ရုပ်ဆိုးမကိုယ်ပေါ်ရှိ အကြောကွက်တစ်နေရာသို့ ဖန်ဝေး လက်ညှိုးဖြင့် ဖိတောက်ပေး လိုက်သည်။

ရုပ်ဆိုးမ မကြာခင် သတိပြန်ရလာခဲ့၏။

ဖန်ဝေး ရုပ်ဆိုး မကို ကရုဏာသက်စွာ မေးလိုက်သည်။

"ဘယ်လိုနေသေးလဲ"

ရုပ်ဆိုးမက သက်ပြင်းတစ်ချက် လေးတွဲ့စွာချလိုက်ရင်း လေသံပျော့ပျော့ဖြင့် ...

"နင် ငါ့ကို အကူအညီတစ်ခု ပေးနိုင်မလား"

ဖန်ဝေး သူမအား မည်သည့်အကူအညီပေးရမည်မသိချေ။



ငင်းအပြင် ...

ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းကို ဖန်ဝေးသွားရောက်ရှာဖွေရမည့်တာဝန်ကလည်း ရှိနေသေးသည်မဟုတ်ပါလား။

ဖန်ဝေး တွေဝေစဉ်းစားနေစဉ်မှာပင် ရုပ်ဆိုးမထံမှ အသံထွက်ပေါ်လာပြန်သည်။

"ခု ငါ အတွင်းဒဏ်ရတာ နင့်အတွက်ကြောင့်ပဲ ငါသေမယ်ဖြစ်နေတာတောင် နင်က မကယ်ချင်ဘူးလား"

ရုပ်ဆိုးမစကားဆုံးသည်နှင့် ဖြည်းညင်းစွာ ထထိုင်ကာ သံသေတ္တာကြီးကို ကျောမှီထားလိုက်၏။

ကျောမှီလိုက်ပြီးသည်နှင့် ဖန်ဝေးအားကြည့်ကာ ပြောပြန်သည်။

"ဟိုးလွန်ခဲ့တဲ့ ခြောက်နှစ်ကျော်တုန်းက ဒီလိုပဲ တို့ရှိလာတဲ့ သံသေတ္တာကြီးတွေနဲ့ အခု နင့်သံသေတ္တာရဲ့ အရွယ်အစား ပုံပန်းသဏ္ဌာန်ဟာ အတူတူပဲ၊ အဲဒီအထဲမှာ ဘာပစ္စည်းရှိတယ်ဆိုတာတော့ ငါလည်းမသိဘူး၊ ဒါပေမဲ့ ငါ့ဆရာ သွေးလက်ဝါးဂိုဏ်းချုပ်နဲ့ အရိုးစုဂိုဏ်းချုပ်အဘိုးကြီးတို့ဟာ အဲဒီတုန်းက ခုလိုပဲ တစ်ဦးနဲ့တစ်ဦး ယှဉ်ပြိုင်တိုက်ခိုက်ခဲ့ကြသေးတယ်၊ တိုက်ခိုက်ခဲ့ကြတယ်ဆိုတဲ့နေရာမှာ ခုလိုပဲ အရိုးစုဂိုဏ်းချုပ်အဘိုးကြီးက တို့ဆီကိုလာပြီး သံသေတ္တာတွေကို လုတာကြောင့် တို့ဂိုဏ်းချုပ်က ပြန်တိုက်ခိုက်တာ ဖြစ်ပါတယ်...၊

သူတို့လိုချင်တာက ရွှေငွေကျောက်သံပတ္တမြား မဟုတ်ဘူး၊ ခွန်းလွန်ဂိုဏ်းရဲ့ ရတနာသုံးမျိုးထဲက လျှို့ဝှက်သိုင်းကျမ်းရဲ့ သဲလွန်စများ ရလိုရငြားဆိုပြီး တိုက်ခိုက်ခဲ့ကြခြင်းဖြစ်တယ်"

ဖန်ဝေး ထိုစကားများ ကြားရသောကြောင့် ရင်ခုန်သွားမိသည်။

ရုပ်ဆိုးမက ဖန်ဝေး တုန်လှုပ်သွားသည်ကို သတိပြုမိဟန်မတူ။

ပြောလက်စ စကားများကိုသာ ဆက်လက်ပြောနေသည်။

"သိုင်းလောကသားတွေက တို့ဆီမှာရှိနေတဲ့ သံသေတ္တာတွေထဲမှာ သိုင်းကျမ်းရှိနေတယ်လို့ ထင်နေကြတယ်၊ တကယ်ပါရင်လည်း အဲဒီသိုင်းကျမ်းဟာ အစစ်မဟုတ်နိုင်ဘူး၊ အတုပဲဖြစ်ရမယ်၊ သိုင်းကျမ်းအစစ်ရှိတဲ့နေရာကို သိထားတဲ့လူ ဒီလောကထဲမှာ တစ်ယောက်တည်းရှိတယ်"

ရုပ်ဆိုးမ၏စကားများမှာ ဖန်ဝေးအတွက် တုန်လှုပ်ချောက်ချားဖွယ်ရာ ကောင်းနေသည်။

မိမိကိုများ ရည်ညွှန်းပြောနေသည်လားဟု ဖန်ဝေး ထင်မိသည်။

ထို့ကြောင့် ဖန်ဝေး မမျိုသိပ်နိုင်ဘဲ အလောတကြီးမေးလိုက်သည်။



"အဲဒီသိုင်းကျမ်းရှိနေတဲ့နေရာကို သိနေတဲ့လူဟာ ဘယ်သူများလဲ"

ရုပ်ဆိုးမ ချက်ချင်းမပြောသေးဘဲ ဖန်ဝေးကို စိုက်ကြည့်လိုက်သည်။

ဖန်ဝေး ရုပ်ဆိုးမ,စိုက်ကြည့်နေသဖြင့် စိတ်လှုပ်ရှားနေသည်။

အတန်ကြာမှ ရုပ်ဆိုးမဆီမှ စကားတစ်လုံးချင်း ထွက်ပေါ်လာသည်။

"အဲဒီလျှို့ဝှက်သိုင်းကျမ်းရှိတဲ့နေရာကို သိတဲ့လူဟာ လောကထဲမှာ တစ်ယောက်တည်းရှိတယ် ... ဘယ်သူလဲဆိုတော့ ရှင်ပဲ"

ရုပ်ဆိုးမစကားကြောင့် ဖန်ဝေး ကိုယ့်နားကိုယ် မယုံနိုင်အောင်ဘဲ အံ့ဩသွားပြီး မျက်စိမျက်နှာအကြီးအကျယ် ပျက်သွားခဲ့၏။

ဖန်ဝေး ဟန်မဆောင်နိုင်တော့ဘဲ ရုပ်ဆိုးမအား မေးလိုက်သည်။

"နေပါဦး ... ဒီအကြောင်းတွေ ခင်ဗျား ဘယ်လိုသိနေတာလဲ"

"တခြားကြောင့် မဟုတ်ပါဘူး၊ ငါ နင့်ရဲ့သားရေအကျီအနီရောင်လေးထဲမှာ နင့်အကြောင်းတွေ ရေးထားတဲ့အတွက် ငါသိနေရ

တာပေါ့၊ ဒါပေမဲ့ ငါ ခုထိ ဘယ်သူ့ကိုမှ မပြောရသေးပါဘူး”

ထိုအခါမှ ဖန်ဝေး အနည်းငယ် စိတ်သက်သာရာရသွားသည်။

ရုပ်ဆိုးမ၏အသံ ထွက်ပေါ်လာပြန်သည်။

“ငါသာ မင်း သိုင်းကျမ်းရှိတဲ့နေရာကို သိတယ်လို့ ထုတ်ဖော်ပြောလိုက်မယ်ဆို မင်း အခုလောက်ရှိရင် ဒုက္ခကောင်းကောင်းရောက်သွားတော့မှာပေါ့၊ အရိုးစုဂိုဏ်းချုပ် မင်းသံသေတ္တာ လာလုတာတောင် ငါ မင်းဘက်က အကူအညီပေးခဲ့သေးတယ် မဟုတ်လား”

ဖန်ဝေး စဉ်းစားကြည့်လိုက်သည်။

မှန်ပေသည်။

ရုပ်ဆိုးမဟာ မိမိအကြောင်းကို သူ့ဆရာသွေးလက်ဝါးဂိုဏ်းချုပ်ကို ပြောလိုက်ပါက မိမိ ဒုက္ခရောက်တော့မည်မှာ မလွဲပေ။

ထို့ပြင် အရိုးစုဂိုဏ်းချုပ် သံသေတ္တာလာလုသည်ကိုလည်း ရုပ်ဆိုးမက မိမိဘက်မှ ကာကွယ်တိုက်ခိုက်ပေးခဲ့သေးသည်။

အဘယ်ကြောင့် မိမိအပေါ် ဤမျှ ရုပ်ဆိုးမ ကောင်းနေသနည်း။

ရုပ်ဆိုးမတွင် ဤကိစ္စနှင့်ပတ်သက်၍ မကောင်းသောအကြံအစည်များ ရှိနေပါသလား။

ဖန်ဝေး အမျိုးမျိုးစဉ်းစားမိ၍ ရုပ်ဆိုးမကို မေးလိုက်သည်။



“ခင်ဗျား ဘာဖြစ်လို့ ခင်ဗျားဆရာကို ကျုပ်အကြောင်း ပြောမပြတာလဲ”

“ငါလည်းမသိဘူး၊ အဲဒီ သားရေအကျီအနီရောင်လေးကိုလည်း ရရော ငါဟာ အတ္တစွဲလေးနည်းနည်း ဝင်လာခဲ့တယ်လို့ ထင်တာပဲ၊ ဒါပေမဲ့ လောလောဆယ် ငါ ဘယ်သူ့မှ ဒီအကြောင်းတွေကို ပြောမပြရသေးဘူး”

ဖန်ဝေး တုန်လှုပ်ချောက်ချားစွာဖြင့် ရုပ်ဆိုးမကို မေးလိုက်သည်။

“ကျုပ် ခင်ဗျားကို ဘာများ အကူအညီပေးရမလဲ”

ရုပ်ဆိုးမ ဖန်ဝေးမေးသည်ကို မဖြေဘဲ မဆီမဆိုင်ပြန်ပြောသည်။

“မင်းကို ငါ ကူညီခဲ့တာတောင် ဘာလို့ ငါ့နာမည်မမေးတာလဲ”

အဘယ်ကြောင့် မမေးရသနည်းဆိုသော် ရုပ်ဆိုးလွန်းသောကြောင့် မမေးခြင်းဖြစ်သည်။

ရုပ်ဆိုးလွန်းသည့်အတွက် စိတ်ဝင်စားမှုလည်း မရှိ။

သို့သော် ရုပ်ဆိုးမ မိမိအား အကူအညီပေးခဲ့သည့်အတွက်တော့ ကျေးဇူးတင်မိသည်မှာ အမှန်။

ထို့ကြောင့် ဖန်ဝေး ရုပ်ဆိုးမ၏နာမည်ကို မေးသင့်သည်ဟု

ဆုံးဖြတ်လိုက်သည်။

"ကောင်းပါပြီ ... ခင်ဗျားနာမည် ဘယ်လိုခေါ်သလဲ"

ဖန်ဝေး၏အမေးစကားကြောင့် ရုပ်ဆိုးမ လှိုက်လှဲဝမ်းသာသွားကာ ...

"ငါ့နာမည် ယွဲ့ရန်ဟုန်ပါ"

"ဟုတ်ကဲ့ အစ်မယွဲ့ရန်ဟုန် ... အစ်မယွဲ့ရန်ဟုန်ကို ကျွန်တော် ဘာများကူညီရမလဲ"

"သိပ်မခဲယဉ်းပါဘူး၊ ငါ့မှာ ပြင်းထန်တဲ့ အတွင်းဒဏ်ရာ ရထားတယ်၊ ငါ့ရဲ့အတွင်းအားနဲ့ အတွင်းဘက်ကို ကုသလို့ရပေမယ့် အချိန်ခုနစ်ရက်လောက်ကြာမယ်၊ နောက် ဒီနေရာက တိတ်ဆိတ်တဲ့ နေရာတစ်ခု မဟုတ်ဘူး ...၊

ဒီတော့ မင်းသံသေတ္တာကြီးရယ်၊ ငါ့ရယ်ကို တိတ်ဆိတ်တဲ့ နေရာခေါ်သွားပေးပါ။ မင်း ငါ့အနားမှာ ခုနစ်ရက် ရှစ်ရက်လောက် ငါ့အတွင်းဒဏ်ကို ကုသနေတုန်း မင်း ငါ့ကို အနားကမခွာဘဲ စောင့်ရှောက်ပေးပါ။ ငါ့ဒဏ်ရာပျောက်တော့ မင်း သွားချင်ရာ သွားနိုင်ပါတယ်"

ဖန်ဝေး လေပွေကျွန်းမှ ထွက်လာခဲ့သည်မှာ တစ်လမျှသာ ရှိပါသေးသည်။

ခုနစ်ရက် ရှစ်ရက်လောက် အချိန်လေး ပိုကုန်သွားခြင်း



အတွက် အကြောင်းမထူး။

ဤမျှလောက်သော အချိန်လေးကို ဖန်ဝေးပေးနိုင်ပါသည်။

ထို့ကြောင့် ရုပ်ဆိုးမ ယွဲ့ရန်ဟုန်အကူအညီတောင်းသည့် ကိစ္စကို ဖန်ဝေး ခေါင်းညိတ်လက်ခံလိုက်သည်။

ဖန်ဝေး သံသေတ္တာကြီးနှင့် ရုပ်ဆိုးမ ယွဲ့ရန်ဟုန်အား ရွက်လှေနောက်ရှိ သစ်ဖောင်ပေါ်သို့ နေရာချထားပေးလိုက်သည်။

* * *

## အခန်း (၁၁)

ဟိုထင်ဖုကန်တော် ...။

ဟိုထင်ဖုကန်တော်ရေပြင်ပေါ်တွင် သစ်ဖောင်လေးတစ်ဖောင် ရွေ့လျားနေသည်။

သစ်ဖောင်လေးပေါ်တွင် ဖန်ဝေး၊ ယွဲ့ရန်ဟုန်နှင့် သံသေတ္တာကြီးတစ်လုံးသာ ရှိနေကြသည်။

ဖန်ဝေး ယွဲ့ရန်ဟုန်၏အကူအညီတောင်းဆိုမှုကို လက်ခံကာ သံသေတ္တာနှင့် ယွဲ့ရန်ဟုန်ကို ရွက်လှေပေါ်မှ သစ်ဖောင်စကားပေါ်သို့ ရွှေ့ပြောင်းပေးလိုက်သည်။

ရွက်လှေမှာ အရိုးစုဂိုဏ်းချုပ်အဘိုးကြီး လက်ဝါးချက်ကြောင့် ရွက်တိုင်ကျိုးသွားပြီး ရေထဲသို့ကျသွားသည့်အတွက် ရွက်လှေ လောလောဆယ် ထွက်၍မဖြစ်သေး။

ထို့ကြောင့် ရွက်လှေနောက်ဘက်တွင် အသင့်ရှိနေသော သစ်ဖောင်လေးပေါ်သို့ တက်ကာ ထွက်လာခဲ့ခြင်း ဖြစ်သည်။

သစ်ဖောင်လေးကို ထိုးဝါးအကူအညီဖြင့် တရွေ့ရွေ့သွား



နေသည်။

မကြာမီမှာပင် နေဝင်တော့မည်ဖြစ်၍ ဖန်ဝေး အားစိုက်ကာ ထိုးဝါးကိုထိုးနေရသည်။

သူတို့နှစ်ယောက် ရွေ့ရှသွားနေသည့်နေရာမှာ ဟိုထင်ဖုကန်တော်တစ်နေရာတွင်ရှိနေသော တောင်ကလေးတစ်လုံးဆီသို့ဖြစ်သည်။

တောင်လေးရှိနေသော ကမ်းစပ်သို့ မိုးမချုပ်မီရောက်လာခဲ့ကြသည်။

ဖန်ဝေးက သစ်ဖောင်လေးကို ကမ်းစပ်တစ်နေရာတွင် ဆိုက်ကပ်လိုက်၏။

ယွဲ့ရန်ဟုန် သစ်ဖောင်ပေါ်တွင် သုံးနာရီလောက် အနားယူရင်း လိုက်ပါလာခဲ့ရ၍ နာကျင်သောဝေဒနာအနည်းငယ် သက်သာလာကာ လမ်းလျှောက်နိုင်လာသည်။

သစ်ဖောင်ဆိုက်ကပ်လိုက်သည်နှင့် ဖန်ဝေးက သံသေတ္တာကြီးကို မ၍ ကမ်းစပ်ပေါ်သို့ သယ်ဆောင်လာသည်။

ယွဲ့ရန်ဟုန်ကမူ အတွင်းဒဏ်ကြောင့် ဝိုင်းသယ်ပေးနိုင်ခြင်းမရှိ။

နှစ်ယောက်သား ကျောက်ဂူလေးထဲသို့ ဝင်ရောက်သွားကြသည်။

ဂူလေးထဲတွင် သံသေတ္တာနှင့် ယွဲ့ရန်ဟုန်တို့ကို နေရာချထားပေးပြီး ဖန်ဝေး ကျောက်ဂူအပြင်ဘက်သို့ ထွက်လာခဲ့သည်။

မကြာမီ ဖန်ဝေး ပြန် ရောက်လာခဲ့၏။

ဖန်ဝေးလက်ထဲတွင် သစ်သီးဝလံများ တစ်ပွေ့တစ်ပိုက်ကြီး ပါလာခဲ့သည်။

ပါလာသောသစ်သီးဝလံများကို ဖန်ဝေးနှင့် ယွဲ့ရန်ဟုန်တို့ အတူစားသောက်ကြ၏။

စားသောက်ပြီးသွားကြသဖြင့် နှစ်ယောက်သား ပင်ပန်းနွမ်းနယ်မှုကြောင့် ကျောက်ဂူလေးထဲတွင် စောစောစီးစီး အိပ်စက်အနားယူလိုက်ကြသည်။



ယွဲ့ရန်ဟုန် ငါးရက်လုံးလုံးစကားမပြောဘဲ ရှိခဲ့သည့်အတွင်းဒဏ်ကို မိမိအတွင်းအားဖြင့် ပြန်လည်ကုသခဲ့၏။

စားသောက်ချိန်တွင် ဖန်ဝေးက တောထဲမှ သစ်သီးဝလံများကို ရှာဖွေကျွေးမွေးသည်။

အစားအသောက်စားသောက်ချိန်လေးမှာပင် ...

တစ်ယောက်နှင့်တစ်ယောက် စကားအနည်းငယ်မျှသာ ပြောသည်။

ညအိပ်ချိန်တန်လျှင် ဖန်ဝေးက ယွဲ့ရန်ဟုန်ကို သတိပေး၏။

ယွဲ့ရန်ဟုန် အတွင်းဒဏ်ကုသနေစဉ် ဖန်ဝေးက ကျောက်ဂူဝမှ အန္တရာယ်ကင်းရှင်းစေရန် စောင့် ကြပ်ပေးသည်။

ဤသို့ဖြင့် ...

ငါးရက်တင်းတင်း ပြည့်လာခဲ့သည်။

ငါး ရက်မြောက်သောနေ့တွင် ယွဲ့ရန်ဟုန်၏အတွင်းဒဏ်မှာ ပျောက်ကင်းသလောက်နီးနီးဖြစ်လာခဲ့၍ တစ်ယောက်နှင့်တစ်

ယောက် စကားပြောဆိုလာနိုင်ကြသည်။

ယွဲ့ရန်ဟုန်က ဖန်ဝေးအား ကျေးဇူးတင်သော မျက်လုံးအစုံဖြင့် ကြည့်နေတတ်သည်။

*



ခွန်းလွန်ဂိုဏ်းမှ သိုင်းကျမ်းသည် ယူနန်ခရိုင်တွင် ရှိသည်။

သို့သော် ...

ဖန်ဝေး၏သားရေအကျီနီလေးတွင် မိမိမိခင် ဘာစာတွေရေးထားခဲ့မှန်းမသိ။

ထိုသားရေအကျီအနီရောင်လေးတွင် ရေးသားထားသော စာများကို ယွဲ့ရန်ဟုန်ဖတ်ခဲ့ရသည်ဟု မိမိအား ပြောခဲ့သည်။

ထို့ကြောင့် ...

ဖန်ဝေးက ယွဲ့ရန်ဟုန်ကို မေးရန်ကြံလိုက်၏။

"မမယွဲ့ရန်ဟုန် ... ကျွန်တော့်သားရေအကျီလေးထဲမှာ ရေးထားတဲ့စာတွေက သိုင်းကျမ်းဘယ်မှာရှိတယ်ဆိုတာ ပါတယ်မဟုတ်လား"

ဖန်ဝေး၏အမေးကြောင့် ယွဲ့ရန်ဟုန် တအံ့တသြဖြစ်သွားကာ ...

"ဟင် ... မင်းတောင် အဲဒီသိုင်းကျမ်းရှိတဲ့နေရာကို မသိ

ဘူးလား"

ယုံ့ရန်ဟုန် အတန်ကြာအောင် စဉ်းစားလိုက်ပြီးမှ ...

"သားရေအကျီလေးထဲမှာ ရေးထားတဲ့စာတွေက မင်း အရွယ်ရောက်လာတဲ့အချိန် အဲဒီသိုင်းကျမ်းကို ရလိမ့်မယ်တဲ့၊ ရလာတဲ့ အခါ လူသူမရှိတဲ့ တောတောင်တစ်နေရာမှာ သိုင်းကျမ်းထဲပါတဲ့ သိုင်း ပညာတွေကို လေ့ကျင့်ရမယ်တဲ့၊ မင်း အသက်နှစ်ဆယ်ကျော် သုံး ဆယ်လောက်ရောက်မှ သိုင်းလောကထဲကို ခြေချရမယ် ...၊

ဟိုခြောက်ယောက်ကလည်း မင်းသိုင်းလေ့ကျင့်နေတဲ့အချိန် အတွင်းမှာ ရှေ့ဆင့်နောက်ဆင့် သေသွားလိမ့်မယ်တဲ့၊ အဲဒီအခါကျ တော့ မင်းအတွက် အနှောင့်အယှက်မရှိတော့ဘူးပေါ့၊ အေး ... အဲဒီ အချိန်အပိုင်းအတွင်း မင်းမှာ အန္တရာယ်တွေ ဝိုင်းဝိုင်းလည်နေမယ့် သဘောပဲ"

ဖန်ဝေးက 'ဟိုခြောက်ယောက်' ဆိုသည်မှာ မည်သူလဲဟု ယုံ့ရန်ဟုန်ကို မေးချင်သည်။

ဖန်ဝေး တွေဝေနေစဉ်မှာပင် ...

ယုံ့ရန်ဟုန်က တည်ငြိမ်အေးဆေးသောအမူအရာဖြင့် မေး လိုက်၏။

"မင်း ငါ့ကိုယုံသလား"

ဖန်ဝေး ဘာမျှပြန်မပြော။



ယုံ့ရန်ဟုန်က ဆက်လက်ပြောပြန်သည်။

"မင်းအမေစကား နားထောင်ပြီးတော့ နှစ်နှစ်ဆယ်ကျော် သုံးဆယ်တွင်းမှာ ငါလည်း မင်းကို တွေ့လို့ရမှာမဟုတ်ဘူး။ မင်းလည်း ငါ့ကို တွေ့လို့ရမှာမဟုတ်ဘူး၊ တစ်ခုတော့ရှိတယ် ... ခွန်းလွန်သိုင်း ကျမ်း ဘယ်မှာရှိတယ်ဆိုတာ ငါ ခန့်မှန်းပြီးပြောလိုက်ပါ့မယ်"

'ငါလည်း မင်းကိုမတွေ့နိုင်ဘူး' ဆိုသောစကားသည် သူမ ပြောချင်၍ ပြောလိုက်ခြင်းမဟုတ်။

မိမိအပေါ် ယုံ့ရန်ဟုန် သံယောဇဉ် ငြိတွယ်နေကြောင်း ဖန်ဝေး ရိပ်မိလိုက်၏။

သို့သော် ...

သူမသည် ...

တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ လူဆိုးကြီး၏ တပည့်မ ဖြစ်နေသည်။

မိမိနှင့်တွေ့သည့် အချိန်ကာလကလည်း သိပ်ကြာသေး သည် မဟုတ်။

ဤအကြောင်းများကို ...

ယုံ့ရန်ဟုန် မိမိအား ဘာကြောင့်ပြောပြနေသည်ကို တွေးမရ ခဲ့။

ယုံ့ရန်ဟုန်က ဆက်ပြောပြန်သည်။

"ငါသိတယ် ... မင်း ငါ့ကို မယုံဘူးဖြစ်နေတယ်မဟုတ်လား၊ ဒါဆို ငါဆက်မပြောတော့ဘူး"

ဖန်ဝေး ဘယ်ကစ ဘယ်လိုဖြေရှင်းရမှန်းမသိ ဖြစ်နေသည်။

ယွဲ့ရန်ဟုန်က ...

"ငါလည်း သိပါတယ် ... ငါက သွေးလက်ဝါးဂိုဏ်းရဲ့လက်အောက်ငယ်သားဖြစ်နေတော့ ငါ့ကို ဘယ်ယုံမှာလဲ၊ နောက် မင်းနဲ့ငါက နှစ်ရှည်လများ သိကျွမ်းရင်းနှီးခဲ့လာကြတာလည်း မဟုတ်၊ ဒါကြောင့် မင်းကိုငါ အတင်းအကျပ် မယုံခိုင်းပါဘူး၊ ဒါပေမဲ့ မင်း လေပွေကျွန်းမှာ ခြောက်နှစ်လောက်နေခဲ့တယ်ဆိုတော့ မင်းအနေနဲ့ သိုင်းလောကမှာ လူစွမ်းကောင်း မလုပ်နိုင်ပါဘူး"

ယွဲ့ရန်ဟုန်၏ ထိုစကားကြောင့် ဖန်ဝေး တွေဝေသွားဖြန်သည်။

လေပွေကျွန်းမှ မိမိကျေးဇူးရှင်ဘွားဘွားသည် ...

လူဆိုးလား ...၊

လူကောင်းလား ...။

မိမိ မည်သည့်နေရာရောက်ရောက် ငွေရောင်တုတ်ကောက်နှင့် ခုနစ်ပေါက်ဓားကို သိုင်းသမားတိုင်း သိနေကြသည်။

ပြီးခဲ့သည့်လကမှ လေပွေကျွန်းရှင် ဘွားဘွား၏နာမည်မှာ 'ဝန့်' ဖြစ်ကြောင်း သိခဲ့ရ၏။



အရိုးစုဂိုဏ်းချုပ်ကလည်း ပြောခဲ့သည်။

ဘွားဘွားဝန်သည် တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်ထဲမှ နံပါတ်တစ်ဟု ပြောခဲ့၏။

မိမိ ထိုစကားကိုမယုံ။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်ကို မေးကြည့်ရန် စိတ်ကူးလိုက်သည်။

"မမယွဲ့ရန်ဟုန် ... လေပွေကျွန်းက သိုင်းလောကမှာ ဘယ်လောက်များ နာမည်ပျက်ခဲ့တဲ့နေရာမို့လဲ၊ နောက် ကျုပ် လူစွမ်းကောင်းလုပ်ဖို့ ဘာလို့မဖြစ်နိုင်ရမှာလဲ"

ယွဲ့ရန်ဟုန် ဒုတိယအကြိမ် အံ့သြရပြန်သည်။

"ဟင် ... ဒီအကြောင်းတွေ မင်း တကယ်မသိဘူးလား၊ အဲဒီဘွားဘွားဝန်ဟာ ..."

ယွဲ့ရန်ဟုန် စကားတစ်ဝက်တစ်ပျက်ပဲ ပြောရသေးသည်။ ရှေ့ဆက်မပြောတော့။

"နေပါဦး ... လေပွေကျွန်းက ဘွားဘွား‌ဂ ဘွားဘွားဝန်တဲ့လား"

"အင်း"

ယွဲ့ရန်ဟုန်စကားများ မပီမသဖြစ်လာကာ ရုတ်တရက် သူမ၏ညာလက်တစ်ခုလုံး တန်းတန်းကြီးဖြစ်သွားပြီး စကားဆက်မပြော

နိုင်တော့ချေ။

ယွဲ့ရန်ဟုန် သွေးကြောအပိတ်ခံလိုက်ရချေပြီ။

သူမ၏ အတွင်းဒဏ်မှာ ဆယ်ပုံကိုးပုံခန့် ပျောက်ကင်းနေပြီ ဖြစ်သည်။

ထို့ကြောင့် ...

တစ်ပါးသူ ချောင်းမြောင်းလုပ်ကြံ၍ သွေးကြောပိတ်ရနိုင်မည်မဟုတ်ဟု ဖန်ဝေးတွေးမိသည်။

သို့မဟုတ် ...

အဆင့်မြင့်သိုင်းသမားတစ်ယောက်ယောက် ကျောက်ဂူဝန်းကျင်တွင် ရောက်နေပြီလား။

ထို့ကြောင့် ခုနစ်ပေါက်ဓားကို လက်တွင် ကျစ်ကျစ်ပါအောင်ဆုပ်ကိုင်ရင်း ဖန်ဝေး ကျောက်ဂူအပြင်သို့ လျင်မြန်စွာ ပြေးထွက်လာခဲ့သည်။

ဂူအပြင်ရောက်သည်နှင့် ပတ်ဝန်းကျင်ကို အသေအချာကြည့်ရှုအကဲခတ်လိုက်၏။

အရိပ်အယောင်ဆို၍ ဘာတစ်ခုမျှမတွေ့။

ဖန်ဝေး ကျောက်ဂူထဲ ပြန်ဝင်လာသည်။

ကျောက်ဂူထဲရောက်သောအခါ ယွဲ့ရန်ဟုန်၏ တန်းတန်းကြီးဖြစ်နေသော လက်မှာလည်း ပြန်ကောင်းနေသည်။



သွေးကြောလည်း ပြန်ပွင့်သွားပုံရသည်။

ထို့ကြောင့် ...

ဖန်ဝေး တုန်လှုပ်အံ့ဩသွားကာ မေးလိုက်သည်။

"မမယွဲ့ရန်ဟုန် ... ခုနက ဘာဖြစ်သွားတာလဲ"

ယွဲ့ရန်ဟုန်၏အမူအရာမှာ တုန်လှုပ်ချောက်ချားဟန်ဖြင့် ထစ်ထစ်ငေါ့ငေါ့ပြန်ပြောလိုက်သည်။

"ဘာ ... ဘာမှမဖြစ်ပါဘူး၊ သွေး ... သွေးလည်ပတ်မှုလမ်းကြောင်း ကွဲလွဲသွားလို့နေမှာပါ"

ယွဲ့ရန်ဟုန်ပြောသည်မှာ လုံးဝမဖြစ်နိုင်။

ယွဲ့ရန်ဟုန် တမင်လျှို့ဝှက်ပြောနေကြောင်း သိ၍ ဖန်ဝေးဆက်မေးလိုက်သည်။

"မမယွဲ့ရန်ဟုန် ... ဘွားဘွားဝန်ဆိုတာ ဘယ်လိုလူမျိုးလဲ၊ အရိုးစုဂိုဏ်းချုပ်ကြီး ပြောခဲ့တုန်းက သူဟာ တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်ထဲက တစ်ယောက်ဖြစ်တဲ့အပြင် နံပါတ်တစ်ဖြစ်တယ်လို့ ပြောခဲ့တယ် ... အဲဒါ ဟုတ်သလား"

ယွဲ့ရန်ဟုန်က ဣန္ဒြေဆယ်၍ ပြန်ပြောလိုက်သည်။

"မင်း အရိုးစုဂိုဏ်းချုပ်အဘိုးကြီးရဲ့စကားကို ယုံနေသလား"

"ပြောမှာသာ ပြောပါ မမယွဲ့ရန်ဟုန် ... ဘွားဘွားဝန်က ဘယ်လိုလူမျိုးလဲ၊ ကျုပ် လေပွေကျွန်းမှာ ဆက်နေရင် ဘာဖြစ်လို့

ဥပဒေဘက်တော်သားလူစွမ်းကောင်း မဖြစ်ရမှာလဲ ...၊

ကျုပ်ဆန္ဒက တတ်လာတဲ့သိုင်းပညာနဲ့ အများအကျိုးကို သယ်ပိုးဆောင်ရွက်ချင်တဲ့ဆန္ဒရှိနေတယ်၊ ဒီသိုင်းပညာနဲ့ တစ်ဖက်သားကို နိုင်ငံထက်စီးနင်း မတရားမှု ဘယ်တော့မှမပြုဘူး၊ ဒါကြောင့် ကျုပ် လူစွမ်းကောင်းသိုင်းသမား ဖြစ်ကိုဖြစ်ရမယ်၊ မဖြစ်နိုင်ဘူးဆိုတာ လက်မခံနိုင်ဘူး"

ဖန်ဝေး စကားဆုံးသည်နှင့် ယွဲ့ရန်ဟုန် ဂူတစ်နေရာကိုကြည့်ကာ မဲ့ပြုံးပြုံးလိုက်သည်။

ဖန်ဝေး ရိပ်မိလိုက်လေပြီ။

ယွဲ့ရန်ဟုန် ချက်ချင်း အမူအရာပြောင်းလဲသွားသည်။

သူမသည် လေပွေကျွန်းမှ အဘွားကြီးအကြောင်း ပြောပြချင်သည့်ဆန္ဒ သိပ်ရှိပုံမပေးတော့။

ယွဲ့ရန်ဟုန်ကို ဘစ်စုံတစ်ယောက်က ဟန့်တားနေသည့်အသွင်အပြင် ပေါ်နေသည်။

ထိုဟန့်တားနေသူတစ်စုံတစ်ယောက်သည် သိုင်းပညာ ထိပ်တန်းအဆင့် တတ်ကျွမ်းထားမှသာ ဖြစ်နိုင်ပေမည်။

ယွဲ့ရန်ဟုန်၏သိုင်းပညာမှာ သွေးလက်ဝါးဂိုဏ်းချုပ်၏ တပည့်ဖြစ်၍ သူမ၏သိုင်းပညာမှာ မခေပေ။

ယွဲ့ရန်လုံထံမှ ရုတ်တရက်သတိပေးသံ ပေါ်ထွက်လာသည်။



"အပြင်မှာ လူလာနေတယ်၊ ရန်သူဖြစ်နေရင် မင်းကြည့်ရင်ဆိုင်လိုက်ပါ"

ဖန်ဝေး ဤအကြောင်းများကို နောက်မှမေးတော့မည်ဟု ဆုံးဖြတ်ပြီး ခုနစ်ပေါက်ဓားရှည်ကိုကိုင်ဆောင်ကာ ကျောက်ဂူအပြင်ဘက်သို့ သတိကြီးစွာထား၍ ထွက်လာခဲ့သည်။

ဂူအပြင်သို့ ရောက်လာသည်နှင့် မုတ်ဆိတ်ဖြူလူကြီးတစ်ယောက် သံတုတ်ရှည်ကြီးကိုကိုင်ကာ ကျောက်ဂူရှိရာသို့ လာနေကြောင်း တွေ့ရ၏။

အဘိုးကြီး၏ခေါင်းမှဆံပင်ဖြူများက နောက်ကျောဘက်တွင် ဖားလျားကျလျက် ရှိနေသည်။

အဘိုးကြီး၏ရုပ်ရည်မှာ သန့်ပြန့်သော ရုပ်ရည်ဖြစ်သည်။

တစ်ခဏအတွင်းမှာပင် ...

အဘိုးကြီး ဖန်ဝေးအနားသို့ ရောက်လာကာ အဘိုးကြီး၏ မျက်လုံးအစုံမှာ ကြောင်တောင်ကန်းနေကြောင်း ဖန်ဝေး သိရှိလိုက်ရသည်။

သို့သော် ...

ဆံဖြူအဘိုးကြီး၏သွားလာလှုပ်ရှားပုံမှာ မျက်စိမြင်သူတစ်ယောက်ကဲ့သို့ သွားလာလှုပ်ရှားနိုင်သဖြင့် ထိုအဘိုးကြီး အကြားအာရုံဖြင့် ပတ်ဝန်းကျင်အနေအထား၏အခြေအသက်များကို ထိုးထွင်းသိ

မြင်နိုင်စွမ်းရှိပုံရသည်။

အဘိုးကြီးမှာ သိုင်းပညာ လွန်စွာ နက်ရှိုင်းမြင့်မားပုံလည်း ရ၏။

အဘိုးကြီးသည် ဖန်ဝေးနားသို့ ရောက်သည်နှင့် ရုတ်တရက် တုံ့ဆိုင်းသွားပြီး ဖန်ဝေးအား မေးလိုက်သည်။

"မင်း ဒီမှာ ဘာလုပ်နေတာလဲ"

ဖန်ဝေးက ခပ်တည်တည်ပင် ပြန်ဖြေလိုက်သည်။

"ကျွန်တော့်မိတ်ဆွေတစ်ယောက်ဒဏ်ရာရနေလို့ ကျောက်ဂူလေးထဲမှာ ကုသနေပါတယ်"

"ဘယ်သူ့လက်ချက်ကြောင့် ရခဲ့တာလဲ"

"အရိုးစုဂိုဏ်းချုပ်ရဲ့လက်ချက်ပါ"

"မင်းနာမည် ဘယ်လိုခေါ်လဲ"

ထိုအမေးကို ဖန်ဝေး မဖြေချင်။

သို့သော် ...

ဖန်ဝေး ရုတ်တရက်အကြံရသဖြင့် ...

"ကျွန်တော့်နာမည် ခုနစ်ပေါက်ဓားလို့ခေါ်ပါတယ်"

"မင်းမိတ်ဆွေရဲ့နာမည်ကကော"

"ဒီရက်ပိုင်းလေးအတွင်းမှာ သိခဲ့ရတဲ့အတွက် နာမည်မမေးရသေးပါဘူး"



ဆံဖြူအဘိုးကြီးက သဘောကျစွာဖြင့် ရေရွတ်ပြောဆိုလိုက်သည်။

"အင်း ... ခုနစ်ပေါက်ဓားတဲ့၊ မင်းနာမည်က မဆိုးပါဘူး၊ ကောင်းသားပဲ"

ဆံဖြူအဘိုးကြီးက ရေရွတ်ပြီးသည်နှင့် သံတုတ်ရှည်ကြီးကို အနီးရှိ ကျောက်တုံးကြီးအား ရိုက်ထည့်လိုက်သည်။

'ချွမ်း ချွမ်း'

'ချွမ်း ဂလွမ်း ချွမ်း'

ကျောက်တုံးနှင့်သံတုတ် ထိတွေ့ကာ ကျယ်လောင်သော အသံကြီးများ ထွက်ပေါ်လာပြီး မီးဖွားများ ပွင့်ထွက်လာကြသည်။

ဆံဖြူအဘိုးကြီးက ဆက်မေးပြန်သည်။

"မင်းတို့ ဒီကို ဘာနဲ့လာခဲ့ကြတာလဲ"

"ကျွန်တော်တို့ သစ်ဖောင်လေးနဲ့ လာခဲ့ကြတာပါ"

"မင်းတို့စီးလာတဲ့ သစ်ဖောင်လေးရဲ့နာမည်က ဘယ်လိုခေါ်သလဲ"

ဖန်ဝေး ထိုမေးခွန်းကြောင့် ကြောင်အမ်းအမ်းဖြစ်သွားပြီး

"ဖောင်က နာမည်မှည့်စရာ လိုသေးလို့လား"

ဆံဖြူအဘိုးကြီး သဘောကျသွားဟန်ဖြင့် တဟားဟား ရယ်မောလိုက်ပြီးနောက် ...

"အေး ... ဟုတ်သားပဲ၊ သစ်ဖောင်ဆိုတော့ ဘယ်မှာလာပြီး နာမည်ရှိမှာလဲ၊ ငါ့စိတ်ထဲမှာ မင်းတို့ ရွက်လှေတို့၊ သင်္ဘောတို့နဲ့ လာခဲ့ကြတယ်မှတ်လို့ စိတ်စွဲပြီး မေးလိုက်တာပါကွာ"

အဘိုးကြီးစကားကို ရုတ်တရက်ဖြတ်ပြီး နားကို အစွမ်းကုန် စွင့်ထောင်လိုက်သည်။

အတန်ကြာမှ ဖန်ဝေးအား တီးတိုးလေသံဖြင့် ပြောဆိုသတိပေးလိုက်သည်။

"အေး ... မင်းတို့သတိထားနေကြ၊ အရိုးစုဂိုဏ်းချုပ် မင်းတို့ရဲ့ ပတ်ဝန်းကျင်တစ်ဝိုက်မှာ ရှိနေယ်"

စကားဆုံးသည်နှင့် အဘိုးကြီး ဖန်ဝေးနားမှ မပြောမဆို လှည့်ထွက်သွားလေသည်။

ဖန်ဝေး လှည့်ထွက်သွားသော ဆံဖြူ အဘိုးကြီးအား တအံ့တသြနှင့် ငေးစိုက်ကြည့်နေရင်း ...

"အင်း ... အတော့်ကိုထူးဆန်းတဲ့ အဘိုးကြီးပါလား၊ သူ့နာမည်ဘယ်သူဆိုတာတောင် ငါ မမေးလိုက်မိဘူး၊ မျက်လုံးကြောင်တောင်ကန်းနေပေမယ့် တကယ်မျက်စိမြင်တဲ့လူအတိုင်းပဲ၊ ဒီအဘိုးကြီးလည်း သိုင်းလောကထဲက လူထူးဆန်းကြီးတစ်ယောက် ဖြစ်မှာပါပဲ"

မိမိတို့နားတွင် အရိုးစုဂိုဏ်းချုပ် ရှိနေသည်ဟု သတိပေးခဲ့



သည့်အတွက် ဆံဖြူအဘိုးကြီးမှာ အမှောင်နယ်မှ သိုင်းသမားဆိုးဖြစ်ဟန်မတူ။

အဖြူရောင်နယ်မှ သိုင်းသမားကောင်းတစ်ယောက် ဖြစ်ဟန်တူသည်။

*

ဖန်ဝေး ကျောက်ဂူလေးထဲသို့ ပြန်ဝင်လာသည်။

ကျောက်ဂူလေးထဲတွင် ယွဲ့ရန်ဟုန် မရှိတော့။

ယွဲ့ရန်ဟုန်တစ်ယောက် ရန်သူတွေ့၍ ထွက်ပြေးတိမ်းရှောင်သွားသည်လား။

သို့မဟုတ် မိမိကို မတွေ့ချင်၍ တမင်ရှောင်တိမ်းသွားသည်လား မသိ။

ရုတ်တရက် ...

ဖန်ဝေး၏မျက်လုံးအစုံက သံသေတ္တာကြီးဆီသို့ ရောက်သွားသည်။

မိမိထားခဲ့သော သံသေတ္တာကြီးမှာ ခြေရာလက်ရာများ ပျက်နေရုံမက သံသေတ္တာအဖုံးပါ ပွင့်နေကြောင်း ဖန်ဝေး မမျှော်လင့်ဘဲ တွေ့လိုက်ရ၏။

ထို့ကြောင့် ...

ယွဲ့ရန်ဟုန်အား ရန်သူဖမ်းဆီးသွားခြင်းဖြစ်နိုင်ကြောင်း ဖန်



ဝေး ယူဆလိုက်သည်။

ယွဲ့ရန်ဟုန်တစ်ယောက် ဂူတွင်းမှ ထူးဆန်းစွာ ပျောက်ဆုံးသွား၍ ဖန်ဝေး စိတ်မကောင်းသလို ခံစားမိ၏။

အမှန်တွင် ...

ယွဲ့ရန်ဟုန်သည် ခြောက်ရက်လုံးလုံး အနားယူ၍ အတွင်းဒဏ်ကို ကုသခဲ့ရာ သူမ၏အတွင်းဒဏ် လုံးဝနီးနီး ပျောက်ကင်းနေပြီ ဖြစ်သည်။

ထိုအချိန် ...

ယွဲ့ရန်ဟုန်က အဘွားကြီးဝန်၏အကြောင်းများကို ဖန်ဝေးအား ပြောပြနေစဉ် ရုတ်တရက် သူမချိုင်းအောက်သို့ လက်နက်ပုန်းသေးသေးတစ်ခုဖြင့် အပစ်ခံခဲ့ရခြင်းဖြစ်သည်။

ယွဲ့ရန်ဟုန်သည် ဆရာဖြစ်သူ သွေးလက်ဝါးဂိုဏ်းချုပ်နှင့် သွားလာလှုပ်ရှားခဲ့စဉ်က ဤကဲ့သို့ တစ်ပါးသူ၏လုပ်ကြံခြင်းကို ခံခဲ့ရဖူးခြင်းမရှိ။

အရိုးစုဂိုဏ်းချုပ်နှင့် ရင်ဆိုင်ခဲ့စဉ်က ယွဲ့ရန်ဟုန် မရှုံးခဲ့။

ယခုနောက်ပိုင်းတွင် ...

ယွဲ့ရန်ဟုန် တိတ်တဆိတ်လုပ်ကြံခြင်းခံခဲ့ရ၍ လက်နက်ပုန်းထိမှန်ကာ စကားမပြောနိုင်ဖြစ်ခဲ့ရ၏။

ပထမ ...

ယွဲ့ရန်ဟုန်ကပင် ဖန်ဝေးအား အထင်လွဲခဲ့သည်။ မိမိအား ဖန်ဝေး တိတ်တဆိတ် လုပ်ကြံခဲ့သည်ဟု ထင်ခဲ့၏။

နောက်မှ ...

ခြင်အော်သံကဲ့သို့ အသံသေးသေးမျှင်မျှင်လေးတစ်သံကို ယွဲ့ရန်ဟုန် ကြားလိုက်ရသည်။

ဤအချိန် ...

ဖန်ဝေး ကျောက်ဂူအပြင်ဘက်သို့ ထွက်သွားခိုက်နှင့် ကြုံနေသည်။

တစ်ဖက်မှ ...

အိုမင်းသော အဘွားကြီး၏အသံတစ်သံဖြစ်ကြောင်း ယွဲ့ရန်ဟုန် သိခဲ့ရသည်။

ဘွားဘွားဝန်က အတွင်းအသံလှိုင်းအားဖြင့် ကျောက်ဂူထဲမှ ယွဲ့ရန်ဟုန်ကို ပြောဆိုနေခြင်းဖြစ်သည်။

"ဟဲ့ ရုပ်ဆိုးမ ... နင့်ရဲ့သွေးကြောကို အဝေးကနေ လက်နက်ပုန်းနဲ့ လှမ်းပစ်ပြီး ငါ ပိတ်လိုက်တာ၊ ငါ့နာမည် ဘွားဘွားဝန်ပဲ၊ ငါ့တပည့်ကို နင် ငါ့အကြောင်းတွေ ပြောပြနေတယ်မဟုတ်လား၊ အေး ... ပြောပြီးတာ ထားတော့၊ ကျန်တဲ့အပိုင်းတွေကို ဆက်မပြောနဲ့ ... ဆက်ပြောရင် နင့်အသက်ကို ငါ နှုတ်ယူရလိမ့်မယ်"

ထို့ကြောင့် ...



ယွဲ့ရန်ဟုန်သည် လေပွေကျွန်းမှ ဘွားဘွားဝန်ဆိုသူသည် သူတို့၏အနီးအနားတွင် ရှိနေကြောင်း ရိပ်စားမိလိုက်သည်။

ယွဲ့ရန်ဟုန် ဤကျောက်ဂူလေးထဲတွင် ဆက်နေ၍ မဖြစ်တော့။

အကယ်၍ ဖန်ဝေး ဂူအပြင်ဘက်မှ ပြန်ရောက်လာသော် မိမိအား အဘွားကြီးဝန်၏အကြောင်းများကို ဆက်လက်မေးမည်မှာ သေချာသည်။

ဖန်ဝေး ဂူအတွင်းသို့ ပြန်မရောက်မီ မိမိ ဤနေရာမှ ထွက်ခွာသွားလျှင် အကောင်းဆုံးဟု ဆုံးဖြတ်ကာ ယွဲ့ရန်ဟုန် ထွက်ခွာသွားရန် မတ်တတ်ထရပ်လိုက်သည်။

ထိုစဉ်မှာပင် ကျောက်ဂူအတွင်း မှောင်မည်းနေသော ချောင်ဘက်၌ လမ်းမွှားလေးတစ်ခုရှိနေကြောင်း ယွဲ့ရန်ဟုန် လှမ်းတွေ့လိုက်ရ၏။

ယွဲ့ရန်ဟုန် ဘာမျှတွေးမနေတော့ဘဲ ထိုကျောက်ဂူနောက်ဘက် လမ်းကျဉ်းလေးအတိုင်း ထွက်သွားရန် ဟန်ပြင်လိုက်သည်။

ထိုအခိုက် ...

ကျောက်ဂူအတွင်းရှိ လမ်းကျဉ်းလေးထဲမှ အဘွားကြီးတစ်ယောက် ရုတ်တရက်ထွက်ပေါ်လာသည်ကို တွေ့လိုက်ရသောကြောင့် ယွဲ့ရန်ဟုန် ခြေလှမ်းတုံ့သွား၏။

မိမိသည် အရိုးစုဂိုဏ်းချုပ်အဘိုးကြီးကို ရင်ဆိုင်ရှောင်တိမ်း၍ ရခဲ့သည်။

ယခုလာနေသော အဘွားကြီးမှာ တစ်မိုးအောက်တစ်ယောက်ဘွဲ့ရ မဟာလူဆိုးကြီးလေးယောက်အနက်မှ နံပါတ်တစ်ဖြစ်သော ဘွားဘွားဝန်ကိုတော့ ရင်ဆိုင်ရှောင်တိမ်း၍ ရမည်မဟုတ်မှန်း ယွဲ့ရန်ဟုန် သိလိုက်သည်။

ဘွားဘွားဝန်ကို ယွဲ့ရန်ဟုန် ထိတ်လန့်တုန်လှုပ်စွာ ကြည့်နေသည်။

အဘွားကြီးအနားရောက်လာသောအခါ ယွဲ့ရန်ဟုန်က ကြောက်ကြောက်လန့်လန့်နှင့်ပြောလိုက်၏။

"ဘွားဘွားဝန် … ကျွန် … ကျွန်မ ဘွားဘွားဝန်ရဲ့နာမည်ကို မ … မပြောလိုက်ပါဘူး"

အဘွားကြီးက အေးစက်စက်အမူအရာဖြင့် …

"အေး … နင့်ကို အရိုးစုဂိုဏ်းချုပ် လိုက်ရှာနေတယ်"

"ဒါဆို ကျွန်မ ဘယ်လိုလုပ်ရမလဲ"

"နင် သံသေတ္တာကြီးကိုဖွင့်ပြီး အထဲက ပစ္စည်းတွေကို ထုတ်ယူလိုက်၊ နောက် နင့်မျက်နှာဖုံးကို ဆွဲချုတ်ပြီး ဆုတ်ဖြဲပစ်လိုက်၊ အဲဒီလိုဆို အရိုးစုဂိုဏ်းချုပ် နင့်ရဲ့မျက်နှာဖုံးမရှိတော့တဲ့အတွက် မှတ်မိမှာမဟုတ်ဘူး၊ ကဲ မြန်မြန်လုပ်၊ တကယ်လို့ နင့်ဆရာကမေးရင် ငါက ခိုင်းလို့ မျက်နှာဖုံးချွတ်ပြီးလာခဲ့ရတယ်လို့ ပြောလိုက်"



ယွဲ့ရန်ဟုန်သည် ဆရာ၏ အပြစ်တင်ခံရမည်ကို မကြောက်သော်လည်း သံသေတ္တာထဲမှပစ္စည်းများကို အဘွားကြီးမြင်သွားလျှင် လုယူမည်ကို စိုးရိမ်နေမိသည်။

အဘွားကြီးကလည်း ယွဲ့ရန်ဟုန်၏အတွေးကို ရိပ်မိသည်ထင်၏။

"ငါ နင့်ကို ရှင်းရှင်းပြောမယ်၊ ဒီသံသေတ္တာထဲက ပစ္စည်းတွေကို ငါမလိုချင်ဘူး၊ ဟိုကလေးက ငါ့တပည့်ပဲ၊ ဒါပေမဲ့ ငါ့အကြောင်းကို သူမသိဘူး၊ ဒီတော့ နင် သံသေတ္တာထဲက ပစ္စည်းတွေကို အေးအေးဆေးဆေးသာယူသွားပါ၊ ငါ ဒီပစ္စည်းတွေကို ထိမှာတောင် မဟုတ်ဘူး"

ထိုစကားကြောင့် ယွဲ့ရန်ဟုန် စိတ်အေးလက်အေးသံသေတ္တာကြီးထဲမှ ပစ္စည်းများကို ယူလိုက်သည်။

ယွဲ့ရန်ဟုန်၏စိတ်ထဲတွင် ဖန်ဝေးနှင့် ခွဲခွာသွားလိုစိတ် မရှိသော်လည်း ယခုမူ ခွဲခွာသွားရပေတော့မည်။

အကယ်၍ အဘွားကြီးသာ ရောက်မလာခဲ့ပါက မိမိ … ဖန်ဝေးနှင့် နောက်ထပ် တစ်ရက်အတူ နေနိုင်ဦးမည်။

ထိုအခိုက် ကျောက်ဂူ အပြင်ဘက်မှ ဖန်ဝေးဝင်လာသည်ကို တွေ့လိုက်ရသည်။

အဘွားကြီးဝန်က စိတ်မရှည်တော့ဘဲ ယွဲ့ရန်ဟုန်၏လက်ကို ဆွဲကာ ကျောက်ဂူအတွင်း လမ်းကျဉ်းလေးအတိုင်း ခေါ်ဆောင်သွားသည်။

***



ဖန်ဝေး ကျောက်ဂူတွင်းရှိ သံသေတ္တာကြီးကိုမှီကာ တစ်ယောက်တည်း ငေးငိုင်စဉ်းစားနေသည်။

သူ၏စိတ်ဆန္ဒအမှန်မှာ ယူနန်ခရိုင်သို့သာ အမြန်ဆုံးသွားရောက်ချင်နေသည်။

ခွန်းလွန်ဂိုဏ်းမှ လျို့ဝှက်သိုင်းကျမ်းရဖို့က ဖန်ဝေးအတွက် အရေးကြီးနေသည်။

စောစောက ကျောက်ဂူအပြင်ဘက်တွင် တွေ့ခဲ့ရသော ဆံဖြူအဘိုးကြီး မိမိအား သတိပေးခဲ့သေးသည်။

ဆံဖြူအဘိုးကြီး၏နာမည်ကိုပင် မသိလိုက်။

အဘိုးကြီး၏သတိပေးစကားအရ ဒိမိတို့နားတွင် အရိုးစုဂိုဏ်းချုပ်ရောက်နေသည်ဟု သိရသည်။

ထို့ကြောင့် အရိုးစုဂိုဏ်းချုပ်ကများ ယွဲ့ရန်ဟုန်ကို ဖမ်းဆီးသွားလေပြီလားမသိ။

ခြေရာပျောက်နေသဖြင့် ဖန်ဝေး မည်သည့်နေရာသို့ လိုက်ရ

မှန်းမသိ ဖြစ်နေသည်။

ယွဲ့ရန်ဟုန် မိမိအား ပြောခဲ့သည့် လူခြောက်ယောက်သည် အဘယ်သူတွေနည်း။

ဖန်ဝေးတွေးရင်း ခေါင်းရှုပ်လာသဖြင့် တွေးစရာများကို ဖြတ်ကာ ယူနန်ခရိုင်သို့ ခရီးဆက်ရန် ဆုံးဖြတ်လိုက်တော့သည်။



## အခန်း (၁၂)

တီရောင်မြို့ ...

တီရောင်မြို့လေးသို့ ဖန်ဝေးရောက်လာသည်။

အချိန်မှာ ...

မှောင်စပျိုးနေပြီဖြစ်ရာ တီရောင်မြို့တွင် ညအိပ်ရန်စိတ်ကူး၍ တည်းခိုစားသောက်ဆိုင်တစ်ဆိုင်သို့ ဖန်ဝေး ဝင်ရောက်လာခဲ့သည်။

ဤမြို့တွင် တစ်ညတာ အိပ်စက်အနားယူပြီးနောက် တစ်နေ့မနက်တွင် ယူနန်ခရိုင်သို့ သွားရန်ဖြစ်သည်။

ဖန်ဝေးက တည်ခိုးစားသောက်ဆိုင်တွင် ညစာများ မှာယူစားသောက်ကာ စောစောစီးစီး အိပ်စက်အနားယူရန်အတွက် အိပ်ခန်းထဲသို့ ဝင်လာခဲ့၏။

ထိုအချိန် ...

တည်ခိုးခန်းရှေ့တွင် မြင်းခွာသံများ ဆူညံစွာ ကြားလိုက်ရသည်။

ဖန်ဝေးက ဆိုင်လုလင်တစ်ယောက်ကိုခေါ်ကာ မေးမြန်းစုံစမ်းကြည့်လိုက်၏။

ဆိုင်လုလင်လေး ပြောကြားချက်အရ …

ဤမြို့တွင် အဖြူရောင်ဥပဒေဘက်တော်သားများဖြစ်ကြသည့် သိုင်းသမားများ စည်းဝေးပွဲတစ်ခုပြုလုပ်မည်ဖြစ်ကြောင်း သိရသည်။

အမည်းရောင်သိုင်းသမားများကမူ ဒုစရိုက်လုပ်ငန်းများကိုသာ ကျူးလွန်လုပ်ကိုင်ကြပြီး တရားဥပဒေကို ဆန့်ကျင်နေကြသော သိုင်းသမားဆိုးများ ဖြစ်သည်။

ထို့ကြောင့် …

အဖြူရောင်ဥပဒေဘက်တော်သားသိုင်းသမားများ၏ စည်းဝေးပွဲမှာ တစ်ခုခုအကြောင်းထူး၍သာ ဤသို့စည်းဝေးရခြင်း ဖြစ်ပေမည်။

ဖန်ဝေး အိပ်ခန်းသို့မသွားသေးဘဲ စားသောက်ခန်းထဲ ပြန်လည် ဝင်ရောက်လာခဲ့သည်။

စားသောက်ခန်းထဲတွင် လူသုံးလေးယောက် တီးတိုးစကားပြောနေကြသည်ကို တွေ့လိုက်ရ၏။

ထို့ကြောင့် ဖန်ဝေး သူနှင့်မနီးမဝေး စားပွဲတစ်ခုတွင် ထိုင်ကာ အသာနားစိုက်ထောင်လိုက်သည်။



လူသုံးလေးယောက်မှာ လက်နက်ကိုယ်စီအသီးသီး ကိုင်ဆောင်ထားကြ၏။

တီးတိုးပြောနေသောလူစုထဲတွင် မိန်းမပျိုတစ်ယောက်လည်း ပါဝင်နေသည်။

"သတ္တမအစ်ကိုတော် … ခိုးကြောင်ခိုးဝှက် သွားလာလှုပ်ရှားတယ်ဆိုတာ ဘယ်သူ့ကိုပြောတာလဲ"

မိန်းမပျိုမှာ ဖန်ဝေးဘက်သို့ လှည့်ကြည့်ပြီး နှုတ်ခမ်းစူပြောလိုက်ခြင်းဖြစ်သည်။

ဖန်ဝေးက မိမိအား စောင်းမြောင်းပြောဆိုနေကြောင်း ရိပ်စားမိလိုက်၏။

မိန်းမပျိုလေး ဖန်ဝေးဘက်သို့ လှည့်ကြည့်သောအခါ မိန်းမပျိုလေးမှာ ချောမောလှပလွန်းနေသဖြင့် ရုတ်တရက် ကြောင်ငေးကြည့်နေမိသည်။

မိန်းမပျိုလေးမှာ ခန္ဓာကိုယ်အချိုးအဆစ်နှင့် အသားအရေပါမကျန် ပြောစရာမရှိအောင် လှပပြေပြစ်သူလေးဖြစ်သည်။

ခေါင်းထက်တွင် ရွှေပန်းပွင့်တစ်ပွင့်ကို ပန်ထား၏။

ဖန်ဝေးတစ်သက် ဤမျှချောမောလှပသောမိန်းမမျိုး တွေ့ဖူးခဲ့ခြင်း မရှိ။

ချောမောလှပလွန်းသော မိန်းမပျိုလေး၏အလှဝယ် ဖန်ဝေး

နစ်မျောနေခြင်းသည် ဘေးလူများအဖို့ အထင်သေးစရာဖြစ်နေသည်။

ရုတ်တရက် ...

လူတစ်ယောက် ဖန်ဝေးနားသို့ ချဉ်းကပ်လာကာ ဖန်ဝေး၏ပခုံးကို ဝင်တိုက်သွားသည်။

ဖန်ဝေး မိန်းမပျိုလေးအလှတွင် နစ်မျောနေသည်မို့ သတိမထားမိဘဲ ဘေးသို့ ခြေသုံးလေးလှမ်း ယိုင်ဆင်းသွားခဲ့၏။

သို့သော် ...

မိမိအပြစ်ကို သတိရကာ အသာငြိမ်နေလိုက်၏။

ထိုလူများ မကြာမီ ထွက်သွားတော့မည်ဖြစ်သဖြင့် ဖန်ဝေး ရန်မရှာလိုတော့ဘဲ စားသောက်ခန်းမှ လှည့်ထွက်လာခဲ့သည်။

"တိတ် ... ရပ်လိုက်"

"သတ္တမအစ်ကိုတော် ပြဿနာမရှာပါနဲ့"

"အစ်ကိုတော် အဘွားကြီးသန်းချို ဒီမြို့ကိုရောက်လာတယ်လို့ သတင်းကြားတယ်၊ တချို့သိုင်းသမားတွေ သူ့ကိုကြောက်ပြီး သူ့လက်အောက်ငယ်သားတွေ ဖြစ်ကုန်ကြပြီ၊ ဒါကြောင့် အဘွားကြီးသန်းချိုကိုလည်း သွားရှင်းရမယ်၊ သူ့လက်အောက်ငယ်သားတွေကိုလည်း ရှင်းပစ်ရမယ်"

စောစောက တီးတိုးပြောနေသည့် လူသုံးယောက်ထံမှ တစ်



ယောက်တစ်ပေါက်ပြောသံများ ထွက်ပေါ်လာသည်။

ဖန်ဝေးသည် အဘွားကြီးသန်းချို၏အမည်ကို ကြားလိုက်ရသဖြင့် စိတ်ဝင်စားသွားသည်။

အဘွားကြီးသန်းချိုသည် လေပွေကျွန်းမှ ထွက်ခွာသွားရန် မိမိပင် နှင်ထုတ်ခဲ့ခြင်းဖြစ်သည်။

ယခုကြားရသည့် စကားများအရ ...

အဘွားကြီးသန်းချိုမှာ သိုင်းလောကတွင် အတော်ဆိုးသွမ်းနေပုံရသည်။

လေပွေကျွန်းမှတစ်ဆင့် တီရောင်မြို့သို့ အဘွားကြီးသန်းချို ရောက်လာကြောင်း သိရသည်။

ထို့ကြောင့် ...

စောစောက မြင်းခွာသံများမှာ အဖြူရောင်ဘက်တော်သားများက စည်းဝေးတိုင်ပင်ပြီး ဒုစရိုက်သမားကြီး မိန်းမရိုင်း အဘွားကြီးသန်းချိုအား စုပေါင်းတိုက်ခိုက်နှိမ်နင်းရန် လူစုဝေးခြင်းပင်။

ဖန်ဝေးအား ပခုံးဖြင့် တိုက်လိုက်သောသူမှာ ဖန်ဝေး ဘာမှ ပြန်မလုပ်သော်လည်း သိုင်းသမားတို့၏ဗီဇလေ့ကြောင့် ဖန်ဝေး၏ မသိစိတ်က အလိုလို ခုခံပြီးသားဖြစ်သွားသည်။

ဖန်ဝေး၏အတွင်းအားများက ရုတ်တရက် ပခုံးစောင်းဆီသို့ ရောက်သွားကာ အတွင်းအားဖြင့် ပြန်လည်တွန်းကန်လိုက်မှုကြောင့်

ထိုသူအဝေးသို့ လွှင့်စဉ်ထွက်သွားသည်။

ဖန်ဝေးမှာလည်း ဘေးသို့ ခြေသုံးလေးလှမ်းခန့် ယိုင်ဆင်းသွားခဲ့ရသည်။

သို့သော် ...

ဖန်ဝေးရန်ကို ရှောင်လိုသောကြောင့် နေရာမှ လှည့်ထွက်လာခဲ့ခြင်း ဖြစ်၏။

လွှင့်စဉ်သွားသောလူမှာလည်း မျက်နှာတစ်ခုလုံး ကြမ်းပြင်နှင့်ဆောင့်မိ၍ ရောင်ကိုင်းသွားလေသည်။

မိမိက ရန်ရှောင်လိုသော်လည်း ထိုလူစုက မိမိအား ရန်သူတစ်ယောက်ကဲ့သို့ ဆက်ဆံလာကြသည်။

မိန်းမပျိုကိုရိုင်းစိုင်းစွာကြည့်မိသည့်အတွက် မိမိမှားကြောင်း ဖန်ဝေးသိ၏။

ကိစ္စလေးကို ပုံကြီးချဲ့ကာ လူစုက မိမိအား သတ်ပုတ်တိုက်ခိုက်ချင်နေသည်။

သို့သော် ...

ဖန်ဝေးက မသိချင်ဟန်ဆောင်ကာ ရှေ့ဆက်လှမ်းထွက်ခဲ့သည်။

ထိုစဉ် နောက်ဘက်မှ လက်နက်လှုပ်ရှားသံ ကြားလိုက်ရ၍ ဖန်ဝေးနောက်သို့ လှည့်ကြည့်လိုက်ရာ ...



လူခုနစ်ယောက် ရှစ်ယောက်ခန့် မိမိအား တိုက်ခိုက်ရန် ဝိုင်းထားလိုက်သည်ကို ဖန်ဝေး တွေ့လိုက်ရ၏။

ဖန်ဝေး ရှောင်လိုသော်လည်း မရ။

မထူးတော့သည့်အတွက် ဖန်ဝေးကပင် စတင်၍ ဝိုင်းထားသူများကို မေးလိုက်သည်။

"ခင်ဗျားတို့ ဘာလုပ်ချင်လို့လဲ"

အခြေအနေ တင်းတင်းမာမာဖြစ်နေစဉ် ရုတ်တရက် စားသောက်ခန်းထဲသို့ အဘိုးကြီးတစ်ယောက် ဝင်လာကာ မိုးခြိမ်းသံကြီးကဲ့သို့ ကျယ်ကျယ်လောင်လောင် အော်ဟစ်ပြောဆိုလိုက်၏။

"ဟိတ် ... မင်းတို့ ရှေ့ဆက်မတိုးကြနဲ့"

မိမိအား ဝိုင်းထားသောသူများ အဘိုးကြီး၏အသံကြောင့် ရှေ့ဆက်မတိုးကြတော့ဘဲ ရပ်တန့်သွားကြ၏။

အဘိုးကြီး ဖန်ဝေးနားသို့ရောက်လာသောအခါ တလေးတစားမေးလိုက်သည်။

"ဒီက မိတ်ဆွေလေးက ဘယ်သူများပါလဲ"

"ကျုပ်နာမည် ခုနစ်ပေါက်ဓားလို့ခေါ်တယ်"

အဘိုးကြီးက သူ့နာမည်ကို ပြောပြလိုက်သည်။

"အေး ... ငါ့နာမည်ကတော့ ငွေဓားရှင်ထန်ဖေ့ရဲ့ တပည့်အကြီးဆုံး ကျင်းလုထန်ပဲ"

ဖန်ဝေးသည် ငွေခေါးရှင်အဘိုးကြီးအကြောင်းကို ဘွားဘွားဝန်ထံမှ အကြိမ်ကြိမ် ပြောပြခဲ့ဖူး၍ သိထားခဲ့သည်။

အဘိုးကြီး ထန်ဖေ့၏ခေါးရှည်ကြီးမှာ သံမဏိကို အထူးပြုလုပ်စီမံထားသော ခေါးကောင်းတစ်လက်ဖြစ်ကြောင်း ဘွားဘွားဝန်မကြာခဏ ပြောပြခဲ့ဖူးသည်။

သို့သော် ...

အဘိုးကြီး ထန်ဖေ့၏ခေါးရှည်ကြီးမှာ အမြင်အားဖြင့် ကြည့်မကောင်းဘဲ သာမန်ခေါးတစ်လက်ဟု ထင်ရသည်ဟုလည်း ကြားသိခဲ့ရ၏။

ထန်ဖေ့သည် ဘွားဘွားဝန်ထက် အတွင်းအားနှင့် သိုင်းပညာများ နိမ့်ကျလှသည်။

ထန်ဖေ့တွင် သမီးတစ်ယောက် ရှိ သည်။

သမီးဖြစ်သူကို မော်မေတောင်ရှင်သိုင်းဆရာကြီးထံတွင် သိုင်းပညာများ သင်ကြားရန် အပ်နှံထားကြောင်း သိရသည်။

မော်မေတောင်ရှင်ဆရာက ထန်ဖေ့၏သမီးအား သိုင်းပညာများနှင့် အတွင်းအားလေ့ကျင့်စဉ်များကို သင်ကြားပေးကြောင်း ဘွားဘွားဝန် ပြောပြထားခဲ့သည်။

မိမိကိုလည်း သွားလာရာတွင် ထန်ဖေ့၏သမီးနှင့်တွေ့ရှိပါက အထင်မသေးရန်အကြောင်းများကို ပြောဆိုမှာကြားဖူးသည်။



ထို့ကြောင့် ...

ဖန်ဝေးက ထန်ဖေ့၏လက်ရင်းတပည့်ကြီးဖြစ်သော ကျင်းလုထန်အား ဂါရဝပြုရင်း ...

"သူရဲကောင်းကြီးထန်ဖေ့ရဲ့အားကိုးရလောက်တဲ့ဆရာကြီး ကျင်းလုထန်ကို တွေ့ရတာ ဝမ်းသာပါတယ်ခင်ဗျား"

အဘိုးကြီးကျင်းလုထန်က ဖန်ဝေးကို အကဲခတ်သလို ကြည့်လိုက်သည်။

ချာတိတ်လေးသည် မိမိ၏သတ္တမမြောက်ညီတော်ကိုပင် တန်ပြန်တိုက်ခိုက်နိုင်သည်။

ထို့ပြင် ...

စကားပြောဟန်ဆိုဟန်များနှင့်လေသံများမှာ ဤနယ်သားဟုတ်ဟန်မတူ။

တခြားနယ်မှ သိုင်းသမားလေး ချာတိတ်က မိမိ၏သတ္တမညီတော်ကို အနိုင်ယူလိုက်သည်မှာ မိမိစိတ်ထဲတွင် ကျေနပ်မှုတော့မရှိ။

အဘိုးကြီးက ဖန်ဝေးအားကြည့်ကာ ...

"မိတ်ဆွေလေး ... ကျုပ်တပည့်ကို အနိုင်ရလိုက်တယ်ဆိုတော့ ကျုပ်တပည့်တွေက ဘယ်ကျေနပ်မှာလဲ၊ ကျုပ်အနေနဲ့ကတော့ ဘာမှမပြောလိုပါဘူး"

ဖန်ဝေး လေပွေကျွန်းမှ ထွက်လာသည့်ရည်ရွယ်ချက်မှာ ခွန်းလွန်ဂိုဏ်း၏လျှို့ဝှက်သိုင်းကျမ်းကို ရှာဖို့ဖြစ်သည်။

သို့သော် ပြဿနာများဖြင့် ရင်ဆိုင်တိုးခဲ့ရ၏။

ပထမ ...

ပို့ဆောင်ရေးမှူးထန်ပင်တို့သားအဖနှင့် တွေ့ဆုံကာ တစ်ဖက်နှင့်တစ်ဖက် အထင်အမြင်လွဲမှားကာ တိုက်ခိုက်ခဲ့ကြရသည်။

ဒုတိယ...

သွေးလက်ဝါးဂိုဏ်းနှင့် ရင်ဆိုင်တိုးခဲ့ရ၏။

သွေးလက်ဝါးဂိုဏ်းမှ ယွဲ့ရန်ဟုန်က အစိုးရဂိုဏ်းချုပ်ကို မိမိအတွက် ရင်ဆိုင်ခဲ့ရသောကြောင့် အတွင်းဒဏ်ရပြီး ကျောက်ဂူလေးတွင် ကုသနေစဉ် ယွဲ့ရန်ဟုန် ပျောက်ဆုံးသွားခဲ့သည်။

ယခု ...

အဘိုးကြီးထန်ဖေ့၏တပည့်များနှင့် မိမိပြဿနာဖြစ်ရပြန်ပြီ။

အမှန်တွင်မူ ...

အဘိုးကြီးထန်ဖေ့သည် တီရောင်မြို့၏မျက်နှာဖုံး သိုင်းသမားကြီးတစ်ဦးဖြစ်သည်။

သို့သော် ...

ငွေဓားရှင်အဘိုးကြီး ထန်ဖေ့ ဤနေရာတွင်မရှိ။ သူ၏



တပည့်ကြီး ကျင်းလုထန်သာလျှင် ရှိသည်။

ဤအသေးအဖွဲကိစ္စလေးအတွက် မိမိအား ရန်ငြိုးမဖွဲ့သင့်။

မိမိကလည်း ခိုက်ရန်ဖြစ်ပွားချင်သူမဟုတ်။

ထို့ကြောင့် ဖန်ဝေးက အဘိုးကြီးကျင်းလုထန်အား တောင်းပန်စကားဆိုလိုက်သည်။

"စိတ်မရှိပါနဲ့ ... ကျွန်တော်က အမှန်တော့ လူကြီးမင်းရဲ့ ညီတော်ကို ကိုယ်ထိလက်ရောက်တိုက်ခိုက်တာ မဟုတ်ပါဘူး၊ သိုင်းသမားများရဲ့ ဗီဇစရိုက်ကြောင့် ကျွန်တော့်ရဲ့မသိစိတ်က သူ့အလိုလို ခုခံကာကွယ်လိုက်ခြင်းသာ ဖြစ်ပါတယ်"

အဘိုးကြီးကျင်းလုထန်ကို သဘောကျသွားပြီး ...

"အေး ... ခုလိုဝန်ခံတာ ကောင်းပါတယ်"

သို့သော် ...

ဘေးနားတွင် ရပ်နေကြသော လူများအနက်မှ တစ်ယောက်က မကျေနပ်ပေ။

ထို့ကြောင့် အစ်ကြီးဖြစ်သူ အဘိုးကြီး ကျင်းလုထန်အား ပြောလိုက်သည်။

"အစ်ကိုကြီးကျင်း ဒီချာတိတ်ဟာ ကောင်းတဲ့ကောင်လေး မဟုတ်ဘူး၊ သူ့သတ္တိက ကြွက်လိုပဲ၊ ခိုးကြောင်ခိုးဝှက်နိုင်လှတယ်၊ ဘာပဲဖြစ်ဖြစ် သူ့ကို ကျွန်တော်တို့ရဲ့ သတ္တမအစ်ကိုတော် ခံရသလို

သူလည်း ပြန်ခံရမှ ကျေနပ်နိုင်မယ်”

ထိုလူ၏စကားကြောင့် ဖန်ဝေး မျက်မှောင်ကုတ်လိုက်သည်။

အဘိုးကြီး ကျင်းလုထန်ကမူ ယှဉ်ပြိုင်တိုက်ခိုက်မှုကို သတ္တိရှိသူဟု ထင်မှတ်ထားသူဖြစ်သည်။

သို့သော် ...

တကယ့်သူရဲကောင်းတို့မည်သည် သည်းခံခွင့်လွှတ်တတ်သည်ချည်းဖြစ်၏။

ဖန်ဝေးသည် မိမိအား ရိုကျိုးသောစိတ်ဓာတ်ရှိကြောင်း ကျင်းလုထန် အကဲခတ်မိလိုက်၏။

ထိုအချိန်မှာပင် ...

ကျင်းလုထန်၏ ညီတော်တစ်ယောက်က ဖန်ဝေး၏ရင်ဝကို လက်တစ်ဖက်ဖြင့် တွန်းထုတ်လိုက်သည်။

ဖန်ဝေး၏ရင်ထဲတွင် ဤလူသိုက်သည် မိမိအား အများဖြင့်ဝိုင်း၍ အနိုင်ကျင့်နေသည်ဟု ထင်မှတ်သွားသည်။

လှပချောမောသော မိန်းမပျိုလေးနှင့် တစ်ဂိုဏ်းတည်း ဖြစ်နေ၍ ထိုလူများနှင့် အချင်းမများချင်ပေ။

၎င်းလူသိုက်မှာလည်း သာမန်သိုင်းသမားများမဟုတ်ကြချေ။



အဆင့်မြင့်သိုင်းသမားများဖြစ်ကြောင်း ဖန်ဝေး မြင်သည်နှင့် သိလိုက်သည်။

သို့သော် ...

မိမိ ဤအတိုင်း ငြိမ်ခံနေရုံနှင့် ပြဿနာက ပြီးဆုံးသွားမည်မဟုတ်။

ထို့ကြောင့် ဖန်ဝေးက မိမိအား တိုက်လာသည့် သိုင်းသမားကို ‘နဂါးကွက်ချုပ်လက်ဝါးကွက်’ ဖြင့် ပြန်လည်ခုခံတိုက်ခိုက်လိုက်သည်။

တစ်ဖန် ...

ထိုသိုင်းသမားကပင် ဖန်ဝေး၏နားထင်သွေးကြောကွက်နေရာသို့ လက်ဝါးရိုက်ချက်ထုတ်ကာ တိုက်ခိုက်လာပြန်သည်။

တစ်ဖက်လူ၏တိုက်ကွက်များက ရက်စက်သော သေကွင်းသေကွက်များကိုရွေး၍ တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ဖန်ဝေး ရိပ်စားမိလာသည်။

သို့အတွက် ...

ဖန်ဝေးက ‘နဂါးကွက်ချုပ်လက်ဝါးကွက်’ ကို လက်ညှိုးအသွင်ပြောင်းကာ တစ်ဖက်ရန်သူ၏လက်ကောက်ဝတ်သွေးကြောကို ခပ်ဆတ်ဆတ် တောက်ထုတ်ပစ်လိုက်၏။

ရန်သူမှာ ဖန်ဝေး၏လက်ဝါးကွက် ရုတ်တရက်ပြောင်းလဲ

တိုက်ခိုက်မည်ထင်၍ ပထမကဲ့သို့ပင် အတင်းဝင်ရောက်တိုက်ခိုက်သည်။

အမှန်တွင်မူ ဖန်ဝေးက ရန်သူကို သက်ညှာလိုက်ခြင်းသာဖြစ်သည်။

ပထမ ...

'နဂါးကွက်ချုပ်လက်ဝါး' ကွက်ဖြင့်ပင် ရန်သူကို မရှုမလှဒဏ်ရာရအောင် တိုက်ခိုက်နိုင်သည်။

သို့သော် ...

တစ်ဖက်လူနှင့် မိမိမှာ ...

ရန်ငြိုးရန်စလည်းမရှိ၊ သိကျွမ်းခြင်းလည်းမရှိဘဲ ရုတ်တရက်မမျှော်လင့်ဘဲ တိုက်ခိုက်ခဲ့ကြရသည်မို့ အတွင်းအားကို ထက်ဝက်ခန့်လျှော့၍ အသုံးပြုတိုက်ခိုက်ခြင်းသာ။

ထို့ကြောင့် ...

ဖန်ဝေး လက်ဝါးကွက်ကို လက်ညှိုးတောက်ကွက် ပြောင်းကာ တစ်ဖက်ရန်သူအား သွေးကြောထိုးပိတ်လိုက်ခြင်း ဖြစ်၏။

ဖန်ဝေး၏လက်တောက်ချက်ကြောင့် တစ်ဖက်လူ လက်ကောက်ဝတ် ထုံကျင်သွားကာ မလှုပ်နိုင် မရှားနိုင်ဖြစ်သွားသည်။

အဘိုးကြီး ကျင်းလုထန် ကလည်း ဖန်ဝေး မိမိ၏ညီတော်ကို သက်သက်ညှာညှာ တိုက်ခိုက်လိုက်ကြောင်း သိသည်။



မိမိညီတော်၏တိုက်ကွက်နှစ်ကွက်သုံးကွက်မှာ ဖန်ဝေး၏ အသက်ဝိညာဉ်ကို ချေဖျက်ရန် ရည်ရွယ်တိုက်ခိုက်ကြောင်းကိုလည်း ရိပ်စားမိလိုက်၏။

ထိုအခိုက် ဖန်ဝေးထံမှ ရိသဲ့သဲ့စကားသံ ထွက်ပေါ်လာသည်။

"ကဲ ... ခင်ဗျားညီတော်ရဲ့ တိုက်ကွက်နှစ်ကွက်ကို ကျုပ်မခုခံ၊ မကာကွယ်နိုင်ခဲ့ရင် အသက်ဆုံးရှုံးလောက်ပြီ"

ဖန်ဝေး၏စကားကြောင့် ...

အဘိုးကြီးကျင်လုထန် မျက်နှာပျက်သွားပြီး စိတ်မကောင်းဖြစ်သွားသည်။

မည်သို့ပြန်လည်ပြောဆိုရမည်ကိုပင် မသိသလောက်ဖြစ်သွား၏။

မိန်းမချောလေးက သွေးကြောအပိတ်ခံလိုက်ရသော သူတို့၏လူရှိရာသို့ လျှောက်လှမ်းချဉ်းကပ်လာပြီး သွေးကြောပြန်ဖွင့်ပေးရင်း ဖန်ဝေးကို မကျေမချမ်းကြည့်နေသည်။

မိန်းမချောလေးမှာ ကိုယ်ခန္ဓာအချိုးအဆက်ပြေပြစ်၍ ရုပ်ရည်ချောမောရုံတင်မက သွားလာလှုပ်ရှားရာတွင် ကန့်ကလျာရှိနေသော်လည်း လျင်မြန်သွက်လက်လွန်းလှသည်။

မိန်းမချောလေးက ဖန်ဝေးကိုကြည့်ကာ ...

"ကျွန်မတို့အစ်ကိုတော်ကို ရှင် ဒီလိုလုပ်ရဲသလား"

ဖန်ဝေးက အေးဆေးစွာ ပြန်ပြောလိုက်၏။

"ကျုပ်ကတော့ သူရဲကောင်းထန်ဖေ့ရဲ့ တပည့်တွေဟာ လူကိုတိုက်ခိုက်တတ်တယ်ဆိုတာ ခုမှပဲ သိရတော့တယ်"

"ကျွန်မ အစ်ကိုတော်အကြောင်းကို ကျွန်မအဖေသိတယ်၊ ရှင်ပြောဖို့ မလိုဘူး"

မိန်းမချောလေး ဆတ်ဆတ်ထိမခံ။

ထို့ကြောင့် ...

အစ်ကိုကြီးဖြစ်သူ ကျင်းလုထန်က ညီမတော်ဖြစ်သူ မိန်းမချောလေးအား လှမ်း၍ဟန့်တားလိုက်သည်။

"ညီမတော်လေး ထန်ကျင်းဗ္ဗာ ... ဒီကမိတ်ဆွေလေးက တို့ညီတော်ကို သက်သက်ညှာညှာ တိုက်ခိုက်လိုက်တဲ့အတွက် ဘာဒဏ်ရာမှ မရခဲ့ပါဘူး"

ထိုအခါမှ ...

ဖန်ဝေးသည် မိန်းမချောလေး ထန်ကျင်းဗ္ဗာမှာ ထန်ဖေ့၏ သမီးဖြစ်ကြောင်း သိရတော့သည်။

ဘေးမှဝိုင်းထားသော သိုင်းသမားများက ထန်ကျင်းဗ္ဗာအား မြှောက်ပင့်ပေးလိုက်ပြန်သည်။

"ညီတော် ... ဒီချာတိတ် တို့အကြောင်းသိရအောင် နည်း



နည်းပါးပါး ပညာပြလိုက်ရင် ကောင်းမယ်ထင်တယ်"

အစ်ကိုကြီးဖြစ်သူ အဘိုးကြီးကျင်းလုထန်ကမူ ဤချာတိတ်လေးသည် အသက်အရွယ်ငယ်ရွယ်စေကာမူ သိုင်းပညာအဆင့်မြင့်မားကြောင်း ရိပ်စားမိလိုက်၏။

အဘိုးကြီးကျင်းလုထန်နည်းတူ မိန်းမချောလေး ထန်ကျင်းဗ္ဗာကလည်း ဖန်ဝေး၏သိုင်းပညာ မြင့်မားကြောင်း အကဲခတ်မိသည်။

သို့သော် ...

ထန်ကျင်းဗ္ဗာမှာလည်း သိုင်းပညာ ထိတ်ထိတ်ကြဲတစ်ယောက် ဖြစ်သည်။

ထန်ကျင်းဗ္ဗာနှင့် ယှဉ်ပြိုင်နိုင်သူပင် ရှားလှ၏။

အဘွားကြီးသန်းချုံ ဤမြို့သို့မရောက်မီအချိန်က လေပွေသိုင်းသမားချွေးချို ဤမြို့လေးတွင် လာရောက်ရမ်းကားဖူးသည်။

ထိုစဉ်က ...

မိန်းမချောလေးထန်ကျင်းဗ္ဗာပင် တိုက်ခိုက်နှိမ်နင်း မောင်းနှင်ထုတ်ပစ်ခဲ့သည်။

ယခု ...

မိမိရှေ့မှောက်တွင် ရောက်ရှိနေသည့် သက်တူရွယ်တူ မတိမ်းမယိမ်းရှိသော လူငယ်သိုင်းသမားအား တိုက်ခိုက်လျှင် မနိုင်

သော်လည်း မရှုံးနိုင်။

ထန်ကျင်းဟွာ မထူးတော့ပြီမို့ မိမိလက်ထဲမှ ဓားရှည်ဖြင့် လူငယ်သိုင်းသမားဖန်ဝေး၏ အရေးကြီးသောသွေးကြောကွက်နေရာသို့ လှမ်းထောက်လိုက်၏။

မိန်းမချောလေးထန်ကျင်းဟွာ ဖန်ဝေးအား ဓားရှည်နှင့် သွေးကြောကွက် တစ်နေရာသို့ လှမ်းထောက်ပြီး ချက်ချင်းပင် နောက်သို့ ခုတ်ဆုတ် ရှောင်ထွက်သွား၏။

ဖန်ကျင်းဟွာ နောက်ပြန်ဆုတ်သွားခြင်းမှာ ဖန်ဝေးက ငွေရောင်တုတ်ကောက်ရှည်ဖြင့် မိန်းမချောလေး၏ဓားရှည်ကို ရိုက်ဖယ်ထုတ်လိုက်သည်။

ဓားရှည်နှင့်တုတ်ကောက်ရှည်တို့ ပြင်းထန်စွာ ထိတွေ့သွားကြ၏။

'ဖန်း'

ထန်ကျင်းဟွာ၏ဓားကိုင်လက်မှာ ထုံကျင်သွားကာ ဓားလက်လွတ်မတတ် ဖြစ်သွားသည်။

ထို့ကြောင့် ...

မိန်းမချောလေးထန်ကျင်းဟွာ နောက်သို့ ကမန်းကတန်း ခုန်ဆုတ်လိုက်ခြင်းပင်။

ဤတစ်ကွက်တည်းဖြင့်ပင် ...



လူငယ်သိုင်းသမား၏ အတွင်းအား မိမိထက် သာလွန်မြင့်မားကြောင်း ထန်ကျင်းဟွာ သိရှိလိုက်၏။

သို့သော် ...

ထန်ကျင်းဟွာ မကျေနပ်သေးဘဲ ဒုတိယတိုက်ကွက်ဖြစ်သော 'မြွေဆိုးအစာချောင်း' ဓားကွက်ဖြင့် ဖန်ဝေး၏ဦးခေါင်းပေါ်မှ မိုး၍ ဓားရှည်ဖြင့် ခုတ်ချလိုက်ပြန်သည်။

ဖန်ဝေး ဒုတိယဓားကွက်ကို ခုခံတိုက်ခိုက်ခြင်းမပြုဘဲ ဘေးသို့ ခြေလှမ်းတစ်ဝက်ခန့် ဆုတ်ပေးလိုက်ရာ မိန်းမချောလေး၏ ဓားမိုးခုတ်ချက်လေခွင်းသံနှင့်အတူ ဖန်ဝေး၏ဘေးဘက်မှဖြတ်၍ အောက်သို့စိုက်ကျသွားခဲ့သည်။

ဖန်ဝေးက မိန်းမချောလေး၏ဓားရှည် အောက်စိုက်ကျသွားသည်နှင့် လက်ဝါးစောင်းဖြင့် ဓားရှက်ကို ခုတ်ချလိုက်သည်။

'ဖတ်'

'ချွမ်း'

ဓားရှက်ကို လက်ဝါးစောင်းခုတ်ချက်ထိကာ ဓားရှည်ကြမ်းပြင်ပေါ်သို့ လွင့်စဉ်ကျသွားသည်။

မိန်းမချောလေး ထန်ကျင်းဟွာ၏ ဓားကိုင်လက်မှာလည်း ရုတ်တရက်လှုပ်ရှားမရသကဲ့သို့ဖြစ်သွားကာ တောင့်တောင့်ကြီး ဖြစ်သွား၏။

မိန်းမပျိုလေး ထန်ကျင်းဟွာမှာ အလွန်ရှက်သွားသည်။

မိမိ၏ဖခင် ထန်ဖေ့၏တပည့်အကြီးဆုံး ကျင်းလုထန်နှင့် ဖခင်တပည့်များရှေ့မှောက်တွင် ... မိမိ နှစ်ကြိမ်တိုင်တိုင် အရေးနိမ့်ခဲ့ရ၏။

ထို့ကြောင့် ...

ရှက်လည်းရှက်၊ ဒေါသလည်း ထွက်ခဲ့ရသည်။

ထန်ကျင်းဟွာမှာ မွေးကတည်းကပင် မိခင်ဖြစ်သူ ခက်ခက်ခဲခဲဖြင့် မွေးလာခဲ့ရသူလေးဖြစ်၏။

သားသမီးဆို၍ ထန်ကျင်းဟွာတစ်ယောက်တည်းသာ ရှိသည်။

မိဘနှစ်ပါးလုံးမှာ သမီးလေးထန်ကျင်းဟွာကို ငယ်စဉ်ကတည်းက ယခုအရွယ်ထိ အလိုလိုက် အကြိုက်ဆောင်ခဲ့၏။

ထန်ကျင်းဟွာမှာ မည်မျှဆိုးခဲ့သည်ဆိုသော် ...

ဖခင်ကြီးထန်ဖေ့တွင် သူမငယ်စဉ်က မုတ်ဆိတ်မွေးရှည်များ ရှိခဲ့သည်။

သမီးလေး ထန်ကျင်းဟွာက ဖခင်၏မုတ်ဆိတ်မွေးများကို ဆော့ကစားရင်း တစ်ပင်စ, နှစ်ပင်စ ဆွဲနှုတ်ပစ်ခဲ့၏။

လပေါင်းများကြာလာသောအခါ ထန်ဖေ့မှာ မုတ်ဆိတ်မွေးများ လုံးလုံးလျားလျား မရှိတော့ဘဲ မုတ်ဆိတ်ပြုတ်သွားခဲ့ရ၏။



ဤမျှအထိ ...

ဖခင်ဖြစ်သူ ထန်ဖေ့က သမီးဖြစ်သူ ထန်ကျင်းဟွာကို အလိုလိုက်ခဲ့သည်။

ထို့ကြောင့်ပင် ...

ဖခင်ကြီး၏တပည့်ကြီး အဘိုးကြီးကျင်းလုထန်၏ တားမြစ်ချက်ကို ဂရုမစိုက်ဘဲ ဇွတ်တရွတ် ဖန်ဝေးအား တိုက်ခိုက်နေခြင်းဖြစ်သည်။

ထန်ကျင်းဟွာ ဆယ်နှစ်သမီးအရွယ်တွင် မော်မေတောင်ရှင်သိုင်းဆရာကြီးထံသို့ ပညာသင်ရန် ပို့ဆောင်ခဲ့သည်။

မော်မေတောင်ရှင်တွင်လည်း ထန်ကျင်းဟွာဆရာ၏ဆိုဆုံးမစကားများကို နားထောင်ခြင်းမရှိဘဲ သူလုပ်ချင်ရာကိုသာ လုပ်တတ်သည်။

ဤအတွက်ကြောင့် ...

မော်မေတောင်ရှင်၏ သိုင်းပညာဆယ်ပုံသုံးပုံလောက်ကိုသာ ထန်ကျင်းဟွာရခဲ့သည်။

နှစ်များများ ကြာသောအခါ မော်မေတောင်မှ ထန်ကျင်းဟွာ ပြန်လာခဲ့သည်။

သို့တိုင် ...

သူမ၏သိုင်းပညာကို ယှဉ်ပြိုင်နိုင်သူရှားခဲ့၏။

ဖခင်ကြီးနှင့်ဖခင်ကြီး၏တပည့်များက သူမနှင့်ပတ်သက်လာလျှင် အကာအကွယ်ပေးကြသောကြောင့် ထန်ကျင်းဟ့ာ ပိုမိုဆိုးရွားလာသည်။

ထန်ကျင်းဟ့ာ အရှက်ကြီးရှက်ကာ သူမ၏ဖွတ်တရွတ်နိုင်လှသောစိတ်ဓာတ်ကြောင့် လူငယ်သိုင်းသမား ဖန်ဝေးကို နီးရာလူထံမှ လက်နက်ဆွဲယူကာ အတင်းတရကြမ်း ဆက်လက်တိုက်ခိုက်ပြန်သည်။

ဖန်ဝေးကမူ ဝင်လာသည့် ပြင်းထန်သောတိုက်ကွက်များကို ပြန်လည်မတိုက်ခိုက်ဘဲ ချေဖျက်သည့်နည်းကိုသာ အသုံးပြုနေသည်။

ထန်ကျင်းဟ့ာ၏တိုက်ကွက်မှာ တစ်စတစ်စ ပြင်းထန်သည်ထက် ပြင်းထန်လာနေသည်။

ဖန်ဝေးမှာလည်း ထန်ကျင်းဟ့ာ၏ သုံးခွမှိန်းရောင်များ ဖုံးလွှမ်းနေသည့်ကြားမှပင် ရှောင်တိမ်းနေပြီး တိုက်ကွက်များကို ချေဖျက်နေသည်။

ထန်ကျင်းဟ့ာ၏စိတ်ထဲတွင် တိုက်ကွက်ငါးကွက်ဖြင့် လူငယ်သိုင်းသမားအား အနိုင်ယူမည်ဟု စိတ်ကူးထားသည်။

သို့သော် ...

တိုက်ကွက်ငါးကွက်ကျော်လာသည့်တိုင် ဖန်ဝေး၏ အသား



ကိုမဆိုထားနှင့် အဝတ်အစားကိုတောင် ထိအောင်မတိုက်နိုင်ခဲ့။

ထန်ကျင်းဟ့ာ ဆက်တိုက်ပြန်သည်။

ဖန်ဝေး ပြန်မတိုက်ဘဲ ဟိုရှောင် သည်ရှောင် ရှောင်တိမ်းနေသည်။

ထို့ကြောင့် ...

ထန်ကျင်းဟ့ာ ပိုမိုဒေါသထွက်လာကာ ဖန်ဝေးအား တိုက်ခိုက်နေရင်းမှ အော်ဟစ်ပြောဆိုလိုက်သည်။

"ရှင် ဟိုရှောင်ဒီရှောင် လုပ်မနေပါနဲ့ ရှင့်ရဲလက်နက်ထုတ်ပြီး ပြန်တိုက်စမ်းပါ"

ဖန်ဝေးက ပြန်မတိုက်ဘဲ ရှောင်မြဲရှောင်နေသည်။

ကျင်းလုထန်၏ညီတော်များအနက် တစ်ယောက်က ဖန်ဝေးကို ရိသဲ့သဲ့လှမ်းပြောလိုက်၏။

"ခင်ဗျားက ယောကျ်ားမဟုတ်သလိုဘဲ ဘာဖြစ်လို့ လက်နက် မထုတ်တာလဲ"

ဖန်ဝေး ရှောင်တိမ်းနေရင်းကြားမှာ ထိုလူအားကြည့်ကာ ပြန်ပြောလိုက်သည်။

"သိုင်းသမားကောင်း၊ ယောကျ်ားကောင်းတို့ဟာ အားနွဲ့တဲ့ မိန်းမသားတွေကို ယှဉ်ပြိုင်တိုက်ခိုက်အနိုင်ယူလေ့မရှိဘူး"

ထိုလူက ...

"ခင်ဗျား အပိုစကားတွေ ပြောမနေနဲ့ ကျုပ်တို့ညီမတော်လေးက အလှဘုရင်မလေးမို့ ခင်ဗျား ပြန်မတိုက်တာ မဟုတ်လား၊ စိတ်ချ ကျုပ်ညီမတော်လေးက ခင်ဗျားကို နှစ်သက်မှာ မဟုတ်ဘူး"

ဤသို့ ဖန်ဝေး စကားပြောနေစဉ် ထန်ကျင်းဗှာက သုံးခွမှိန်းဖြင့် ဘေးတိုက်အနေအထားမှ ဖန်ဝေး၏နံရိုးများကြားသို့ လှမ်းတိုးလိုက်၏။

ဖန်ဝေး မျက်စိလျင်လှသည်။

မှိန်းထိုးချက်ကို လျင်မြန်စွာ ရှောင်တိမ်းလိုက်၏။

ထန်ကျင်းဗှာ၏သုံးခွမှိန်းမှာ ဖန်ဝေးအား မထိုးမိဘဲ ဘေးရှိ စားပွဲဝိုင်းကြီးပေါ်တွင် သွားရောက်စိုက်ဝင်နေသည်။

ထန်ကျင်းဗှာ တိုက်သမျှကို ဖန်ဝေး ရှောင်နေခြင်းက မိန်းမချောလေးအတွက် ပိုမိုဒေါသထွက်စေသည်။

ဖန်ဝေး မိန်းမချောလေး ဒေါသထွက်နေမှန်း သိသော်လည်း တည်ငြိမ်သော အမူအရာဖြင့် လှမ်းပြောလိုက်သည်။

"ဒီလိုပညာမျိုးနဲ့ အဘွားကြီးသန်းချုံကို သွားယှဉ်လို့ ဘယ်ရမှာလဲ၊ ခင်ဗျားတို့ ဦးနှောက်တွေ သေးပါသေးတယ်"

ဖန်ဝေး၏စကားကြောင့် ထန်ကျင်းဗှာ သည်းမခံနိုင်အောင် ဒေါသထွက်သွားကာ သူ့လူများကို လှမ်းပြောလိုက်၏။

"အစ်ကိုတော်တို့ ဒီလူကို ဝိုင်းတိုက်ကြပါတော့လား၊ ဘာရပ်



ကြည့်နေကြတာလဲ"

မိန်းမချောလေး စကားကြောင့် သိုင်းသမားဆယ်ယောက်ခန့် ဖန်ဝေးအား ဝိုင်းဝန်းတိုက်ခိုက်ကြတော့သည်။

ထိုအချိန် ...

စားသောက်ဆိုင်အပြင်ဘက်၌ အဘွားကြီးသန်းချုံ ရောက်ရှိနေလေပြီ။

ဆိုင်ထဲမှတိုက်ခိုက်နေကြသူများ လုံးဝမသိပေ။

ဝုန်းဒိုင်းကြဲနေသောဆိုင်ထဲမှ တိုက်ခိုက်သံများကို အပြင်ဘက်ရှိ အဘွားကြီးသန်းချုံ ကြား နေရသည်။

အဘွားကြီးသန်းချုံ လေပွေကျွန်းမှ ထွက်လာကတည်းက ပြိုင်ဖက်မတွေ့ခဲ့သေး။

ယခု ...

အဘွားကြီးသန်းချုံ ပြိုင်ဖက်ကိုလိုက်ရှာနေခြင်းပင်။

ထို့ကြောင့် ...

ဆိုင်ထဲသို့ အဘွားကြီးသန်းချုံ ဂူးဂူးဝါးဝါးအသံပြု၍ စိန်ခေါ်လိုက်သည်။

အဘွားကြီးသန်းချုံ၏ဂူးဂူးဝါးဝါးအသံကြီးကြောင့် ဆိုင်ထဲတွင် တိုက်ခိုက်နေကြသူများ အားလုံးရပ်တန့်သွားကြသည်။

ဆိုင်ပြင်မှ ဂူးဂူးဝါးဝါးအသံရှင်မှာ စကားမပြောတတ်သော

အဘွားကြီးသန်းချို၏အသံဖြစ်ကြောင်း အားလုံးသိရှိလိုက်သော ကြောင့်ပင်။

ဤသိုင်းသမားများသည် အဘွားကြီးသန်းချိုအား ရင်ဆိုင် ဖြေရှင်းတိုက်ခိုက်ကြမည့်သူများ ဖြစ်သည်။

သို့သော် ...

အဘွားကြီးသန်းချို တကယ်ရောက်လာသောအခါ မည်သူ တစ်ဦးတစ်ယောက်မျှ မထွက်ရဲကြ။

ထို့ကြောင့် ...

မိန်းမချောလေးထန်ကျင်းဟွာ အဘွားကြီးသန်းချိုအား ထွက် ရင်ဆိုင်ရန် ဆိုင်ဝသို့ ခြေလှမ်းပြင်လိုက်သည်။

ဖန်ဝေး မနေသာတော့။

မိန်းမချောလေး ထန်ကျင်းဟွာရှေ့မှာ တားဆီးရပ်လိုက် ပြီး...

"မိန်းကလေး ... မင်း အဘွားကြီးသန်းချိုနဲ့ ရင်ဆိုင်လို့မဖြစ် ဘူး။ အဘွားကြီးသန်းချိုရဲ့ သိုင်းပညာက မင်းထက် မြင့်မားတယ်၊ နောက် အဘွားကြီးသန်းချိုဟာ အင်မတန်ရက်စက်ကြမ်းကြုတ် တယ်၊ ဒီတော့ မင်းတို့ကိုယ်စား ကျုပ်ထွက်ပြီး ရင်ဆိုင်မယ်"

စကားဆုံးသည်နှင့် ...

ဖန်ဝေး နောက်ကျောတွင်လွယ်ထားသော ခုနစ်ပေါက်ဓား



ရှည်ကြီးကို ဆွဲယူ၍ လက်တွင်ကိုင်ဆောင်ကာ စားသောက်ဆိုင်အပြင် ဘက် ထွက်သွားသည်။

*

တည်းခိုစားသောက်ဆိုင်ရှေ့သို့ ဖန်ဝေး ရောက်လာခဲ့သည်။

အဘွားကြီးသန်းချို့မှာ ဖန်ဝေးကို တွေ့လိုက်ရသောအခါ မျက်နှာပျက်သွားသည်။

ဖန်ဝေး၏လက်ထဲတွင် ကိုင်ဆောင်ထားသော ဘယ်လက်မှ ငွေရောင်တုတ်ကောက်ရှည်နှင့် ညာဘက်လက်မှ ခုနစ်ပေါက် ဓားရှည်ကြီးကို မြင်လိုက်ရသည့်အတွက် အဘွားကြီးသန်းချို့ ပို၍ တုန်လှုပ်ချောက်ချားသွားသည်။

အဘွားကြီးသန်းချို့ ဂူးဂူးဝါးဝါးအသံများ ထွက်လာသည်။

ဖန်ဝေးက အဘွားကြီးသန်းချို့အားကြည့်ကာ ခပ်တည်တည်ပြောလိုက်၏။

"အဘွားကြီးသန်းချို့ ... ကျုပ် လေပွေကျွန်းက ဘွားဘွားဝန်ရဲ့ တပည့်ပဲ"

ထိုအချိန် ...

မိန်းမချောလေး ထန်ကျင်းဗုာ ဆိုင်ရှေ့သို့ ဓားဆွဲပြီးထွက်



လာကာ ဖန်ဝေးနားရောက်သည်နှင့် မေးလိုက်၏။

"ရှင် ဘာလို့ ကျွန်မကိုတားရတာလဲ"

"မင်းမသိဘူး ... သူ့သံမဏိဓားရှည်ကြီးရဲ့ ပြင်းထန်တဲ့ အရှိန်အဟုန်ကို မင်း ခံနိုင်မှာမဟုတ်ဘူး"

အမှန်တွင် ...

နုနယ်လှသော မိန်းမချောလေး ထန်ကျင်းဗုာအတွက် စိုးရိမ်၍ ဝင်ရောက်ကာကွယ်သည့်သဘောဖြင့် အဘွားကြီးသန်းချို့အား ထွက်ရင်ဆိုင်ခြင်းဖြစ်သည်။

ဖန်ဝေး၏စကားကို အခြားမိန်းကလေးဆိုပါက ဝမ်းသာကျေနပ်သွားမည်ဖြစ်သော်လည်း ...

ထန်ကျင်းဗုာကမူ ထိုသို့မဟုတ်။

ဝမ်းသာရမည့်အစား စိတ်ဆိုးသွားသည်။

အကြောင်းမှာ ...

မိန်းမချောလေးသည် သူ့အား မိမိလူများရှေ့တွင် အရှက်ခွဲခဲ့သည်ဟု ထင်နေခြင်းကြောင့်ဖြစ်သည်။

မိန်းမချောလေးက ဖန်ဝေးအား စိန်းစိန်းစိုက်ကြည့်လိုက်ပြီး...

"ရှင် ဖယ်စမ်း"

စကားဆုံးသည်နှင့် မိန်းမချောလေးက ဓားရှည်ဖြင့် အဘွား

ကြီးသန်းချုံကို အတင်းဝင်ရောက်တိုက်ခိုက်တော့သည်။

အဘွားကြီးသန်းချုံက သူ၏ကြီးမားလေးလံသော သံမဏိဓားရှည်ကြီးဖြင့် မိန်းကလေးဓားချက်ကို ခံဆောင်လိုက်သည်။

'ချွမ်း'

'ဖုတ်'

မိန်းမချောလေးထန်ကျင်းဝှာမှာ အဘွားကြီးသံမဏိဓားရှည်၏ကြီးမားသော တွန်းကန်အားကြောင့် ဓားကိုင်လက် ထုံကျင်သွားကာ ဓားမှာ လက်မှလွတ်ကျသွားခဲ့သည်။

သို့သော် ...

မိန်းမချောလေးက အညံ့မခံ။

ခါးတွင် ရစ်ပတ်ထားသော ကျာပွတ်ရှည်ကို ဆွဲဖြုတ်၍ အဘွားကြီးသန်းချုံအား တိုက်ခိုက်ပြန်သည်။

သိုင်းကွက်သုံးကွက်မျှသာ ယှဉ်ပြိုင်တိုက်ခိုက်ကြရသေးသည်။

ထန်ကျင်းဝှာမှာ မဟန်ကြောင်း သိလာရသည်။

မိမိ မော်မေတောင်မှ ဆင်းလာကတည်းက ယခုကဲ့သို့ ဆိုးရွားသောအခြေအနေဆိုးများဖြင့် မကြုံခဲ့။

တစ်ချိန်က လေပွေသိုင်းသမားကြီး ချွေးချီအား တိုက်ခိုက်အနိုင်ယူခဲ့စဉ် ထန်ကျင်း ဝှာဘက်တွင် လူအင်အား တောင့်တင်းသဖြင့်



ချွေးချီ လန့်ဖျပ်ထွက်ပြေးခြင်းသာ ဖြစ်၏။

ဤသည်ကို မိန်းမချောလေးက မိမိကိုယ်မိမိ အထင်ကြီးလာခဲ့၏။

သို့သော် ...

ဖန်ဝေးကဲ့သို့ တကယ့်သိုင်းပညာရှင်မျိုး၊ အဘွားကြီးသန်းချုံကဲ့သို့ သိုင်းသမားကြီးမျိုးကို ထန်ကျင်းဝှာ တွေ့ဆုံရင်ဆိုင် ရသောအခါ မိမိကိုယ်မိမိ အထင်ကြီးနေကြောင်းသာဖြစ်ကြောင်း သိရှိလာရတော့သည်။

ဤအချိန်တွင် ...

ထန်ကျင်းဝှာ အဘွားကြီးသန်းချုံအား မည်သို့မျှ ယှဉ်ပြိုင်တိုက်ခိုက်ခြင်းငှာ မစွမ်းသာတော့ချေ။

ဖန်ဝေးမှာ မိန်းမချောလေးအတွက် စိုးရိမ်ပူပန်နေမိသည်။

ထိုစဉ် ...

လူငယ်လေးတစ်ယောက် ဖြုန်းခနဲရောက်လာကာ ဖန်ဝေးရှေ့တွင် ရပ်နေလိုက်သည်။

ဖန်ဝေးက မိမိရှေ့တွင် ရပ်လျက်ရှိသော လူငယ်လေးအား မကြည့်အားသေးဘဲ စိုးရိမ်တကြီးဖြင့် အဘွားကြီးသန်းချုံကို လှမ်းအော်ပြောလိုက်သည်။

"အဘွားကြီးသန်းချုံ ... ခင်ဗျား မရပ်သေးဘူးလား၊ ရှေ့

ဆက်မတိုးနဲ့"

ဤအချိန် ...

ထန်ကျင်းဟွာမှာ အဘွားကြီးသန်းချုံ ပြဿနာမျှနှုရတော့မည့် အခြေအနေသို့ ရောက်နေသည်။

အဘွားကြီးသန်းချုံအား ထန်ကျင်းဟွာ ဆက်လက်မတိုက်နိုင်တော့သဖြင့် အဘွားကြီးသန်းချုံက မိန်းမချောလေးအား လက်စတုံးရန် ချဉ်းကပ်လာနေချိန်ဖြစ်သည်။

ထို့ကြောင့် ...

ထန်ကျင်းဟွာမှာ မျက်စိစုံမှိတ်ကာ သေရမည့်အချိန်ကို စောင့်နေလိုက်သည်။

မိန်းမချောလေး မျက်စိဖွင့်ကြည့်လိုက်သောအခါ အဘွားကြီးသန်းချုံမှာ မိမိနှင့်ပေသုံးဆယ်ကျော်အကွာတွင် ရပ်နေသည်ကို တွေ့လိုက်ရ၏။

ဖန်ဝေးက အဘွားကြီးသန်းချုံကို ဆက်ပြောပြန်သည်။

"အဘွားကြီးသန်းချုံ ... ခင်ဗျား ဒီမိန်းမပျိုလေးကို လုံးဝထိခိုက်နာကျင်အောင် မလုပ်ရဘူး၊ တကယ်လို့ မိန်းကလေး ထိခိုက်နာကျင်အောင်လုပ်ခဲ့ရင် ကျုပ်က ခွင့်လွှတ်ပေမယ့် လေပွေကျွန်းမှာရှိတဲ့ ဘွားဘွားဝန်က ခင်ဗျားကို ခွင့်လွှတ်မှာမဟုတ်ဘူး ... ခင်ဗျား သေသေချာချာ စဉ်းစားပါ"



အဘွားကြီးသန်းချုံမှာ ဖန်ဝေးစကားကြောင့် မိန်းမပျိုလေးကို ထပ်မံမတိုက်ခိုက်တော့ဘဲ နောက်ဆုတ်သွားလေသည်။

ထိုအခါမှ ...

ဖန်ဝေး စိတ်အေးသွားရပြီး မိမိရှေ့တွင် ရပ်နေသောလူငယ်လေးအား လှမ်းကြည့်လိုက်သည်။

လူငယ်လေးက မိမိအား မထေ့မဲ့မြင်ကြည့်နေကာ လှောင်ပြုံးပြုံးပြနေသဖြင့် ဖန်ဝေး အနည်းငယ်ဒေါသထွက်လာကာ ရပ်နေသော လူငယ်လေးအား တွန်းဖယ်ထုတ်ပစ်လိုက်လေသည်။

ဖန်ဝေးတွန်းထုတ်လိုက်သောလူငယ်လေးမှာ ဘာမျှမဖြစ်ဘဲ နေရာတွင် ရပ်မြဲရပ်နေသည်။

မိမိမှာသာ နောက်သို့ ခြေလှမ်းလေးလှမ်းခန့် လွင့်ထွက်သွားရသည်။

ထို့ကြောင့် ဖန်ဝေး လူငယ်လေးကို တအံ့သြဖြင့် ကြည့်လိုက်ပြန်သည်။

လူငယ်လေးမှာ မိမိနှင့်အသက်အရွယ် မတိမ်းမယိမ်းလောက်ပင် ရှိချေမည်။

လူငယ်လေးက ဖန်ဝေးအား ရိသဲ့သဲ့ပြုံးပြပြီး ပြောလိုက်သည်။

"ဖန်ဝေး ... မင်းဟာ အဆိုးအကောင်းကို မသိတတ်တဲ့

ကောင်ပဲ"

လူငယ်လေးမှာ ပါးစပ်မှ ပြောနေသော်လည်း မျက်လုံးအစုံတွင်မူ မျက်ရည်စများ ရစ်ဝဲနေသည်ကို ဖန်ဝေး သတိပြုမိ၏။

ထိုသို့ပြောဆိုပြီးသည်နှင့် လူငယ်လေးမှာ ဖန်ဝေးနားမှ ထွက်ခွာသွားသည်။

ဖန်ဝေး ထိုလူငယ်လေး ဘာကြောင့် မိမိအား အပြစ်တင်စကားပြော၍ မျက်ရည်ကျရသည်ကို အံ့သြနေမိသည်။

ပို၍အံ့သြမိသည်မှာ ...

၎င်းလူငယ်လေးက မိမိနာမည်ကို ခေါ်နိုင်သဖြင့် မယုံနိုင်အောင် ဖြစ်နေမိသည်။

၎င်းအပြင် ...

လူငယ်လေးအား မိမိတွန်းထုတ်လိုက်စဉ်က လူငယ်လေးနေရာမှမရွေ့ဘဲ မိမိသာ နောက်သို့ သုံးလေးလှမ်းမျှဆုတ်သွားရခြင်းအတွက် လူငယ်လေး၏အတွင်းအား မိမိထက် နက်ရှိုင်းပုံလည်း ရသည်။

ဖန်ဝေး မျက်မှောင်ကြုတ်ပြီး လူငယ်လေးအကြောင်း စဉ်းစားလိုက်သောအခါ ...

ခြင်္သေ့နီရဲတိုက်တွင် တေလေဂိုဏ်းမှ အဘိုးကြီးနှင့်အတူပါလာသော မိန်းကလေးမျက်နှာနှင့် တူကာ အသံလည်း တူနေ



ကြောင်း သတိရလာသည်။

၎င်းခြင်္သေ့နီရဲတိုက်တွင် တွေ့ခဲ့ရသော မိန်းကလေးသည် ယောကျ်ားယောင်ဆောင်လာခြင်းသာ ဖြစ်မည်ဟု တွေးလိုက်မိသည်။

ထိုစဉ်အခါက ...

တေလေဂိုဏ်းအဘိုးကြီးသည် သူနှင့်အတူပါလာသော မိန်းကလေးငယ်အား ဖုန်ရင်ဟု ခေါ်ခဲ့ကြောင်းများကိုပါ ဖန်ဝေး သတိရလာမိသည်။

ဖန်ဝေး သတိရလာသောကြောင့် ထွက်ခွာသွားသော ယောကျ်ားလေးဟန်ဆောင်ထားသည့် မိန်းမပျိုလေးအား လှမ်းခေါ်လိုက်သည်။

"ဖုန်ရင် ... ခဏနေပါဦး"

ဖန်ဝေး စဉ်းစားနေချိန်မှာပင် ...

ယောကျ်ားဟန်ဆောင်ထားသော ဖုန်ရင်ခေါ် မိန်းမပျိုလေးမှာ မရှိတော့။

ဖန်ဝေး၏ခေါ်သံကြောင့် အိုမင်းသောအဘိုးကြီးအသံတစ်သံ မမျှော်လင့်ဘဲ ရုတ်တရက် ထွက်ပေါ်လာပြန်သည်။

"ဟိတ် ... ခုနက ဖန်ဝေးလို့ခေါ်တာ ဘယ်သူလဲကွ"

တိုက်တိုက်ဆိုင်ဆိုင်ပင် ...

တည်းခိုစားသောက်ဆိုင်ရှေ့သို့ အဘွားကြီးသန်းချို ရောက်လာသည့်သတင်းမှာ တောမီးပမာ လျင်မြန်စွာ ပျံ့နှံ့သွားခဲ့သည်။

ထိုသတင်းကြောင့် ...

တီရောင်မြို့လေးထဲရှိ အဖြူရောင်ဥပဒေဘက်တော်သား သိုင်းသမားများမှာ အဘွားကြီးသန်းချိုအား တိုက်ခိုက်ရန် စုပြုံရောက်ရှိလာကြသည်။

ဤအချိန်မှာပင် ...

ခွန်းလွန်ဂိုဏ်းမှ ညီနောင်ခုနစ်ဖော်ရှိသည့်အနက်က နံပါတ်နှစ်ဖြစ်သူ ဆံဖြူအဘိုးကြီးတီလင်ကျိုလည်း ဤမြို့လေးသို့ ရောက်လာခဲ့သည်။

စောစောက ဖန်ဝေးခေါ်လိုက်သံကြောင့် ဆံဖြူအဘိုးကြီးက ပြန်မေးလိုက်ခြင်းဖြစ်သည်။

အသံရှင်အဘိုးကြီးကို ဖန်ဝေး ကြည့်လိုက်သောအခါ ဆံပင်မုတ်ဆိတ်များ ဖွေးဖွေးဖြူနေသည့် ရုပ်ရည်သန့်ပြန့်သော အဘိုးကြီးတစ်ယောက်ကို မြင်လိုက်ရသည်။

ထိုအဘိုးကြီးသည် ဟိုထင်ဖုကန်တော်တစ်နေရာရှိ တောင်လေးတစ်လုံးရှေ့တွင် မြင်တွေ့ခဲ့ရသော အဘိုးကြီးဖြစ်ကြောင်း ဖန်ဝေး မှတ်မိလိုက်၏။

ဆံဖြူအဘိုးကြီး၏လက်ထဲတွင် သံတုတ်ရှည်ကြီးတစ်



ချောင်း စွဲကိုင်ထားသည်။

အဘွားကြီးသန်းချိုမှာ ထိုဆံဖြူအဘိုးကြီးကို တွေ့လိုက်ရသည်နှင့် ထန်ကျင်းဗှာကို ဆက်လက်မတိုက်တော့ဘဲ ဆံဖြူအဘိုးကြီးရှိရာသို့ ခုန်လွှားဝင်ရောက်ကာ အတင်းတရကြမ်း တိုက်ခိုက်လေတော့သည်။

ဆံဖြူအဘိုးကြီးအား ကျင်းလုထန်တို့လူစုက 'သတိထား'ဟု ဝိုင်း အော်သတိပေးလိုက်ကြသည်။

ဖန်ဝေးမှာ ဆံဖြူအဘိုးကြီးသည် မျက်စိကြောင်တောင်ကန်းဖြစ်နေကြောင်းသိထား၍ အဘိုးကြီးအတွက် စိုးရိမ်စိတ်များ ဝင်လာမိသည်။

ဖန်ဝေး၏ပင်ကိုစိတ်ဓာတ်မှာ နူးညံ့ပျော့ပျောင်းသူ ဖြစ်သည်။

စိတ်ဓာတ်နူးညံ့ပျော့ပျောင်းသော်လည်း မဟုတ်မခံတတ်သော ဗီဇစရိုက်က ဖန်ဝေးတွင်ရှိနေသည်။

ထို့ပြင် ...

လေပွေကျွန်းတွင် ဘွားဘွားဝန်ထံမှ သိုင်းပညာများကို ခြောက်နှစ်တင်းတင်း သိုင်းပညာများကို အပြင်းအထန်လေ့ကျင့် သင်ကြားခဲ့စဉ်ကလည်း ဖန်ဝေး၏တည်ကြည်မှန်ကန်သောစိတ်ဓာတ်များ ပြောင်းလဲသွားခြင်းမရှိ။

ငယ်စဉ်တောင်ကျေးကလေးဘဝကပင် မိဘနှင့် သေကွဲကွဲခဲ့ရသော ဖန်ဝေး ဘဝနောက်က ခံယူချက်များ အရွယ်နှင့် မလိုက်အောင် ပြည့်ဝခဲ့သူလည်းဖြစ်၏။

ထို့ကြောင့် ...

မိမိ သိုင်းပညာများတတ်မြောက်လာပါက အများအကျိုးသယ်ပိုးရွက်ဆောင်မည့်လုပ်ငန်းများ၊ ဒုက္ခရောက်နေသူအား ကယ်တင်ရန်၊ ကြီးနိုင်ငယ်ညှဉ်းသောကိစ္စများကို ဖန်ဝေး အလွန်တရာ မုန်းတီးသည်။

ဖန်ဝေး ဗီဇစိတ်ဓာတ်များက ဖြူစင်သန့်ရှင်းခဲ့သည်။

ယခု မျက်မမြင်အဘိုးအိုအား အဘွားကြီးသန်းချို တိုက်ခိုက်ရန် ပြေးလွှားဝင်ရောက်သွားသည်ကို မြင်လိုက်ရ၍ ဖန်ဝေး အဘိုးကြီးအတွက် စိုးရိမ်သွားကာ အဘွားကြီးသန်းချိုအား တိုက်ခိုက်ရန်အတွက် ပြေးလွှားဝင်ရောက်သွားခဲ့ခြင်းပင်။

သို့သော် ...

ဖန်ဝေး နောက်ကျသွားခဲ့သည်။

အဘွားကြီးသန်းချိုက သူ့အရင်ဦးအောင် အဘိုးကြီးနားသို့ ရောက်နေကာ ကြီးမားလေးလံလှသော သံမဏိဓားရှည်ကြီးဖြင့် အဘိုးကြီးအား တအားလွှဲခုတ်ချလိုက်သည်။

'ဝှီး'



အဘိုးကြီးမှာ မျက်စိကြောင်တောင်ကန်းနေသော်လည်း အကြားအာရုံက တခြားသူများထက် ပိုမိုကောင်းမွန်လှသည်။

ထို့ကြောင့် ...

အဘွားကြီးသန်းချို၏လေးလံသော သံမဏိဓားရှည်ကြီး ဝင်ရောက်လာသည့်လေခွင်းသံကို ကြားလိုက်ရသည်။

သူ၏သံတုတ်ရှည်ကြီးဖြင့် ဝင်ရောက်လာသော သံမဏိဓားရှည်ကြီးကို ခံဆောင်ကာ အောက်သို့ဖိဆွဲချလိုက်သည်။

'ချွမ်း'

သံမဏိဓားရှည်ကြီး အောက်စိုက်သွားသည်နှင့် ဆံဖြူအဘိုးကြီးက သံမဏိဓားကြီးကို ဘယ်ခြေထောက်တစ်ဖက်နှင့် တက်နင်းထိထားလိုက်၏။

အဘွားကြီးသန်းချိုမှာ သူ၏သံမဏိဓားကြီးကို အသက်တမျှ မြတ်နိုးသူဖြစ်သည်။

ထို့ကြောင့် အဘိုးကြီးနင်းထားသော သံမဏိဓားကြီးကို တအားကုန် ဆွဲလိုက်သည်။

မရ ...။

လုံးဝ ဆွဲမရဖြစ်နေသည်။

အဘွားကြီးသန်းချို အတွင်းအားကုန်စုစည်းပြီး သူ၏ သံမဏိဓားရှည်ကြီးကို ထပ်မံအားစိုက်ဆွဲပြန်သည်။

ခါးမှာ ဆံဖြူအဘိုးကြီး ဘယ်ခြေအောက်မှ တစ်လက်မမျှ ပင်မရွေ့။

ထို့ကြောင့် ...

အဘွားကြီးသန်းချို့မှာ စိတ်ဆိုးဒေါသထွက်လာကာ နှုတ်မှ ဝူးဝူးဝါးဝါးနှင့် ကျယ်လောင်စွာ ထွက်ပေါ်လာသည်။

ဆံဖြူအဘိုးကြီးကလည်း အားကျမခံ ပါးစပ်မှကျယ်လောင်သောအသံကြီးတစ်ခု ပြုလိုက်၏။

ဆံဖြူအဘိုးကြီး၏ကျယ်လောင်သောအသံကြီးမှာ အဘွားကြီးအသံကိုပင် ဖုံးလွှမ်းသွားကာ ဘေးနားတွင်ရှိနေကြသည့် လူများပင် လန့်ဖျပ်သွားကြ၏။

နောက်ဆုံးအဘွားကြီးသန်းချို့ သံမဏိခါးကြီးကို ဆွဲမရသဖြင့် လက်လျှော့ကာ မတ်တတ်ရပ်နေလိုက်တော့သည်။

ဝိုင်းကြည့်နေကြသည့်သိုင်းသမားများမှာ မျက်လုံးစုံလုံး ကြောင်တောင်ကန်းနေသော ဆံဖြူအဘိုးကြီးကိုကြည့်ကာ အံ့သြနေမိကြသည်။

ဆံဖြူအဘိုးကြီးမှာ မျက်စိမမြင်သော်လည်း သူ၏သိုင်းပညာမှာ အံ့မခန်းလိလိ အစွမ်းထက်မြက်နေသည်မှာ အံ့သြစရာဖြစ်နေသည်။

အဘွားကြီးသန်းချို့သည် ဒုစရိုက်နယ်တွင် ပြိုင်ဘက်မရှိ



သိုင်းပညာထက်မြက်သူ ဖြစ်သည်။

ဤလို အဘွားကြီးမျိုးကို ဆံဖြူအဘိုးကြီးက သိုင်းကွက်တစ်ကွက်တည်းဖြင့် အနိုင်ယူတိုက်ခိုက်နိုင်သည်မှာ အဘိုးကြီး၏သိုင်းပညာအစွမ်း မည်မျှရှိမည်ကိုပင် ခန့်မှန်းမရနိုင်။

ဆံဖြူအဘိုးကြီးကို ဖန်ဝေး ဟိုထင်ဖုကန်တော် တစ်နေရာရှိ တောင်တစ်ခုတွင် တစ်ကြိမ်တွေ့မြင်ခဲ့ဖူးသည်။

ထိုစဉ်က ...

သွေးလက်ဝါးဂိုဏ်းချုပ်၏တပည့် ရုပ်ဆိုးမ ယဲ့ရန်ဟုန် အရိုးစုဂိုဏ်းချုပ်၏လက်ချက်ဖြင့် အတွင်းဒဏ်ရခဲ့သောကြောင့် ကျောက်ဂူလေးထဲတွင် ကုသခဲ့၏။

ဖန်ဝေး ယဲ့ရန်ဟုန်ကို စောင့်ကြပ်ပေးနေစဉ် ဂူအပြင်ဘက်၌ ဤဆံဖြူအဘိုးကြီးကို တွေ့ခဲ့ရခြင်းဖြစ်၏။

ဆံဖြူအဘိုးကြီးကပင် မိမိကို ထိုစဉ်က ကျောက်ဂူလေးတစ်ဝိုက်တွင် အရိုးစုဂိုဏ်းချုပ် ရောက်ရှိနေကြောင်း သတိပေးစကားပြော သွားခဲ့သေးသည်။

မိမိသည် ထိုစဉ်အခါကတည်းက ဤဆံဖြူအဘိုးကြီးသည် အဖြူရောင်သိုင်းသမားကြီးမှန်း ရိပ်စားမိခဲ့သည်။

အမှန်တွင် ...



ဆံဖြူအဘိုးကြီးသည် ဖန်ဝေးအား နေရာအနှံ့အပြား လိုက်လံရှာဖွေနေခဲ့သည်။

စောစောက ယောကျ်ားဟန်ဆောင်ထားသော မိန်းမပျို လေးဖုန်ရင်မှ ဖန်ဝေးဟူသောခေါ်သံကို ဆံဖြူအဘိုးကြီး ကြားလိုက်ရသည်။

ထို့ကြောင့် ...

ဆံဖြူအဘိုးကြီးမှာ မိမိတွေ့လိုနေသော ဖန်ဝေးများ ဖြစ်နေမည်လားဟု ထင်မှတ်ခဲ့သည်။

သို့သော် ...

မျက်စိနှစ်ကွင်း အလင်းမရသောကြောင့် မိမိတွေ့လိုသူ ဟုတ်,မဟုတ် ခွဲခြားမသိနိုင်။

ဆံဖြူအဘိုးကြီးမှာ ဖန်ဝေးဆိုသူအား တွေ့ဆုံမေးမြန်းရန် စိတ်ကူးလိုက်စဉ် အဘွားကြီးသန်းချုံက အဘိုးကြီးအား ဝင်ရောက်တိုက်ခိုက်ခြင်းဖြစ်သည်။

အဘွားကြီးသန်းချုံ ဆံဖြူအဘိုးကြီးကို သံမဏိဓားရှည်ကြီးဖြင့် ဝင်ရောက်ခုတ်ပိုင်းလိုက်စဉ် အဘိုးကြီးဘက်မှ တစ်ယောက်ယောက် လာရောက်အကူအညီပေးသည်ကိုလည်း အဘိုးကြီး၏နားအကြားအာရုံမှတစ်ဆင့် သိရှိလိုက်သည်။

ထို့ကြောင့် ...

ဆံဖြူအဘိုးကြီးက အဘွားကြီးသန်းချို၏ သံမဏိဓားကို ဘယ်ခြေဖြင့် နင်းထားရင်း ပရိသတ်ဘက်သို့လှည့်၍ ပြောလိုက်သည်။

"ကျုပ် အဘိုးကြီး ဒီတီရောင်မြို့ကို အနှောင့်အယှက်ပေးဖို့ လာတာ မဟုတ်ပါဘူး။ ကျုပ်တွေ့ချင်နေတဲ့ သူငယ်လေး ဖန်ဝေးလို့ ခေါ်လိုက်သံကြားလိုက်ပါတယ်၊ ပရိသတ်ထဲမှာ ဖန်ဝေးရှိနေခဲ့ရင် ကျုပ်ဆီကို ခဏလာရောက်ဖို့ မေတ္တာရပ်ခံပါတယ်"

ဆံဖြူအဘိုးကြီး၏မေတ္တာရပ်ခံချက်ကို ဖန်ဝေးကြားလိုက်ရသည်။

ထို့ကြောင့် ...

တုန်လှုပ်ချောက်ချားသွားကာ မျက်နှာမပျက်စေရန် မနည်းကြန့်ဆည်လိုက်ရ၏။

ဤအဘိုးကြီး မိမိအား မည်သည့်အကြောင်းကိစ္စထူးများရှိ၍ တွေ့ချင်သည်မသိ။

သို့သော် ...

ဖန်ဝေးမှာ မိခင်မသေဆုံးမီက အထပ်ထပ်မှာ ကြားခဲ့သော စကားကို ခုထိ ကြားယောင်နေဆဲ။

မိမိနာမည်နှင့် မိခင်၏နာမည်ကို သူစိမ်းများအား လုံးဝထုတ်ဖော်မပြောကြားရန် မှာကြားခဲ့သည် မဟုတ်ပါလား။



ထို့ကြောင့် ...

မိမိမှာ လေပွေကျွန်းမှ ဘွားဘွားဝန်အတွက် ခွန်းလွန်ဂိုဏ်းလျှို့ဝှက်သိုင်းကျမ်း ရှာဖွေပေးရန် တာဝန်ကလည်း ရှိနေပြန်သေးသည်။

အကယ်၍ ...

အဘိုးကြီး မိမိအား တွေ့ချင်သည့်ကိစ္စသည် ကောင်းသောတွေ့ခြင်းဖြစ်ပါက မိမိအတွက် ကိစ္စမရှိ။

မကောင်းသောကိစ္စနှင့်တွေ့ချင်သည်ဖြစ်ပါမူ မိမိမှာ ပြဿနာများ ထပ်၍တက်ရချေဦးမည်။

ထို့ကြောင့် ...

ဘာမှန်းညာမှန်းမသိ၍ အဘိုးကြီးကို မတွေ့ရန် ဆုံးဖြတ်လိုက်၏။

ဆံဖြူအဘိုးကြီးထံမှ စကားသံထပ်မံ ထွက်ပေါ်လာပြန်သည်။

"ဖန်ဝေးဆိုတဲ့လူငယ် ကျုပ်နဲ့ ခဏလာတွေ့ပါ။ စကားနည်းနည်းပြောပြီးရင် ကျေနပ်ပါပြီ"

ဆံဖြူအဘိုးကြီးထံမှ ဒုတိယအကြိမ် ဖန်ဝေးဆိုသည့် လူငယ်ကို ဖိတ်ခေါ်လိုက်သည်ကြောင့် ဘေးမှကြည့်နေသော သိုင်းပရိသတ်စိတ်ထဲတွင် အမျိုးမျိုးတွေးတောနေကြ၏။

ဖန်ဝေးဆိုသည့်လူငယ်နှင့် အဘိုးကြီး မည်သည့်အကြောင်းကိစ္စများ ရှိနေပါလိမ့်။

တကူးတက နေရာအနှံ့အပြား လိုက်လံရှာဖွေနေသည်ဆိုတော့ ကိစ္စအလွန်အရေးကြီး၍လော။

သို့မဟုတ် ရန်ငြိုးရန်စများ တင်ရှိ၍ လိုက်လံရှာဖွေနေခြင်းလော။

ပရိသတ်စိတ်ထဲ သို့လော သို့လော တွေးထင်နေကြသည်။

ထိုစဉ် ...

ဖန်ဝေးမှာ ဆံဖြူအဘိုးကြီးနှင့် လက်တစ်ကမ်းအကွာ တွင်ရှိနေသည်။

စောစောက အဘိုးကြီးဘက်မှကူညီရန် ရည်ရွယ်၍ ဖန်ဝေးခုန်လွှားချဉ်းကပ်လာခဲ့ပြီး ယခုထိတိုင် အဘိုးကြီးနားတွင် ရှိနေသေးသည်။

ဆံဖြူအဘိုးကြီးက အတန်ကြာသည့်တိုင်အောင် စောင့်ဆိုင်းနေသော်လည်း မိမိအနားသို့ တစ်စုံတစ်ဦးမျှ ရောက်လာခြင်းမရှိချေ။

ထို့ကြောင့် ...

မိမိနားတွင်ရှိနေသူ ဖန်ဝေးကို တိုက်တိုက်ဆိုင်ဆိုင် ရုတ်တရက်လှမ်း၍ ဖမ်းချုပ်လိုက်သည်။



ခပ်တည်တည်နှင့်ပင် သူတွေ့ချင်နေသည့်နာမည်ကို မေးလိုက်သည်။

"မင်း ဖန်ဝေး မဟုတ်လား"

ဖန်ဝေးက ဝန်မခံဘဲ ပြန်မေးလိုက်၏။

"ဘာလုပ်မလို့လဲ"

ရုတ်တရက် အဘိုးကြီးက ဖန်ဝေး၏အသံကို မှတ်မိသွားဟန်တူသည်။

ထို့ကြောင့် ...

တည်ငြိမ်အေးဆေးစွာ ပြန်မေးလိုက်၏။

"မင်းကို ငါ ဟိုထင်ဖုကန်တော်ရဲ့ တောင်တန်းတစ်ခုမှာ တွေ့ခဲ့ဖူးပါတယ်"

"ဟုတ်ပါတယ်၊ ကျွန်တော်နဲ့ ဟိုထင်ဖုကန်တော်မှာရှိတဲ့ တောင်အလုံးမှာ တွေ့ခဲ့ဖူးပါတယ်"

"ဒါနဲ့ နေပါဦး ... ခုနက ငါ့ကို ဝင်ကူညီဖို့ ရောက်လာတာ မင်း မဟုတ်လား"

"ဟုတ်ပါတယ်"

"မင်း ဘယ်မှာနေသလဲ"

"ကျွန်တော် လေပွေကျွန်းမှာ နေပါတယ်"

"ဘယ်နှစ်နှစ်ရှိပြီလဲ"

ဖန်ဝေး လိမ်ညာပြောလိုက်သည်။

"ကိုးနှစ်ရှိပါပြီ"

ဖန်ဝေးကလည်း တန်ပြန်မေးခွန်းထုတ်လိုက်၏။

"ဒါနဲ့ ဦးရီးတော်ရဲ့ နာမည်လေး တဆိတ်လောက် ပြောပြပါလား"

"အေး ... ငါ့နာမည်ကတော့ သိုင်းလောကမှာ သက်တော်ရှည်အဘိုးကြီး ခုနစ်ယောက်ထဲက ဒုတိယအဘိုးကြီးဖြစ်တဲ့ မျက်ကန်းအဘိုးကြီး တီလင်ကျိုပဲ"

ဆံဖြူအဘိုးကြီး မျက်လုံးကန်းရခြင်းမှာ အဆိပ်ဘုရင်ငါးဦးနှင့် ယှဉ်ပြိုင်တိုက်ခိုက်ခဲ့စဉ်က အဆိပ်မိ၍ အဘိုးကြီးတီလင်ကျို မျက်လုံးကြောင်တောင်ကန်းခဲ့ရခြင်းဖြစ်သည်။

ထိုဒုစရိုက်ဂိုဏ်းသား အဆိပ်ဘုရင်ငါးဦးအနက် နှစ်ဦးမှာ အဘိုးကြီးတီလင်ကျိုလက်ချက်ဖြင့် သေဆုံးသွားပြီး ကျန်သုံးယောက်ကိုမူ တီလင်ကျိုက တရားဥပဒေလက်တွင်းသို့ အပ်နှံနိုင်ခဲ့သည်။

ခွန်းလွန်ဂိုဏ်းအစ်ကိုကြီးဖြစ်သူ ရတ်တရက် လုပ်ကြံခံခဲ့ရ၍ ကွယ်လွန်သွားခဲ့သည်။

ကျန်ခွန်းလွန်ညီနောင်ခြောက်ဦးမှာလည်း အချင်းချင်း စိတ်ဝမ်းကွဲကာ ဂိုဏ်းပျက်ပြီး မည်သည့်နေရာရောက်သွားကြသည် မသိချေ။



စိတ်ဝမ်းကွဲရခြင်းမှာ မိန်းမတစ်ဦးနှင့် ကလေးငယ်တစ်ဦးကြောင့်ဖြစ်သည်။

အသေးစိတ်အဖြစ်အပျက်ကိုမူ သိုင်းသမားတိုင်း မသိသော်လည်း ခွန်းလွန်ညီနောင်ခြောက်ဦးကတော့ သိသည်။

ယခု ...

တီရောင်မြို့လေးတွင် နှစ်ပေါင်းများစွာ တိမ်မြုပ်ပျောက်ကွယ်ခဲ့သော ခွန်းလွန်ဂိုဏ်းမှ ညီနောင်ခုနစ်ဦးအနက် ဒုတိယ အစ်ကိုကြီးဖြစ်သူ တီလင်ကျို ပြန်လည်ပေါ်ပေါက်လာခဲ့သည်။

ဆံဖြူအဘိုးကြီးတီလင်ကျို ယခုလိုသိုင်းလောကကို ပြန်လည်ခြေချလာသည့်အတွက် ဒုစရိုက်သမားများအဖို့ များစွာသော အဟန့်အတားကြီးတစ်ခု ဖြစ်လာခဲ့ရ၏။

ခွန်းလွန်ဂိုဏ်းသည် အဖြူရောင်ဂိုဏ်းဖြစ်သည်။

တစ်ချိန်ကလည်း အဖြူရောင်ခွန်းလွန်ဂိုဏ်းသားများ၏ ကြိုးပမ်းချက်ကြောင့် ဒုစရိုက်ဂိုဏ်းသားအတော်များများ သေကျေပျက်စီး၍ တရားဥပဒေလက်တွင်းသို့ အပ်နှံခြင်းခံခဲ့ရ၏။

ထို့ကြောင့် ...

ခွန်းလွန်ဂိုဏ်းကို အမည်းရောင်ဒုစရိုက် ဂိုဏ်းသားများက အငြိုးထားခဲ့ကြသည်။

ထိုအထဲတွင် ...

အဘွားကြီးသန်းချို့လည်း တစ်ယောက်အပါအဝင် ဖြစ်သည်။

ဤအတွက် အဘိုးကြီးတီလင်ကျိအား အဘွားကြီးသန်းချို့ မြင်လိုက်ရသည်နှင့် ဘာမပြော ညာမပြော အတင်းဝင်ရောက်တိုက်ခိုက်ခဲ့ခြင်းပင်။

ယခု ...

ခွန်းလွန်ဂိုဏ်းမှ နံပါတ်နှစ် အစ်ကိုကြီးဖြစ်သူ ဆံဖြူအဘိုးကြီးတီလင်ကျိ သိုင်းလောကထဲသို့ ပြန်လည်ခြေချလာသည့် အတွက် အများပြည်သူနှင့်အဖြူရောင်သိုင်းလောကသားများက လက်ကမ်းကြိုဆိုကြမည်မှာ မလွဲပေ။

တည်းခိုစားသောက်ဆိုင်လေးရှေ့တွင် ဝိုင်းကြည့်နေကြသည့် သိုင်းပရိသတ်များက ဖန်ဝေး အဘိုးကြီးကို ဝင်ကယ်သည့်အတွက် ကျေးဇူးတင်ခြင်းကို ခံရလိမ့်မည်ဟု ထင်နေကြသည်။

သို့သော် ...

ဆံဖြူအဘိုးကြီး တီလင်ကျိက ဖန်ဝေးကို မည်သည့်ကျေးဇူးတင်စကားမျှ မပြောပေ။

အဘိုးကြီးတီလင်ကျိက အဘွားကြီးသန်းချို့ဘက် လှည့်၍ ပြတ်သားသောအသံဖြင့် ပြောလိုက်သည်။

"အဘွားကြီးသန်းချို့ နင် သိုင်းလောကထဲကိုလာပြီး ရမ်း



ကားမှုမပြုခဲ့တာ ဆယ်နှစ်ကျော်နေပြီ နင့် အသက်လည်းကြီးလှပါပြီ၊ ခုလောက်ဆို နင် နောင်တရသင့်တယ်၊ ငါတို့ ကျန်ခဲ့တဲ့ ညီနောင်ခြောက်ဦးလုံး နင့်ကို အချိန်မရွေး ငရဲပြည်အရောက်ပို့နိုင်တယ်ဆိုတာ နင်သိထားစမ်းပါ၊ ဒီတော့ နင်တောတောင်ထဲမှာပဲ သွားနေပါ၊ နောင်ငါနဲ့တွေ့ရင် နင့်ကို ခွင့်မလွှတ်နိုင်ဘူး"

ဆံဖြူအဘိုးကြီး ပြောနေသည့် စကားများမှာ အဘွားကြီးသန်းချို့အား လွှတ်ပေးမည့်ပုံပင်။

ထို့ကြောင့် ...

ဖန်ဝေးက စဉ်းစားလိုက်၏။

ဆံဖြူအဘိုးကြီးသည် စိတ်ဓာတ် မှန်ကန်တည်ငြိမ်ခြင်းလည်း မရှိ။

သိုင်းပညာကလည်း အစွမ်းထက်လှသည်။

ရက်စက်သည့်နေရာတွင်လည်း နှစ်ယောက်မရှိ။

ပို၍ဆိုးသည်က အဘွားကြီးသန်းချို့ လေပွေကျွန်းမှ ထွက်သွားသည်နှင့် ဒုစရိုက်နယ်ထဲသို့ ပြန်လည်ဝင်ရောက်ကာ ဆိုးသွမ်းရမ်းကားနေခြင်းပင်။

အမည်းရောင်သိုင်းသမားဆိုးများကို အဘွားကြီးသန်းချို့က အင်အားအဖြစ် စုစည်းနေကြောင်း ဖန်ဝေး ကြားခဲ့ရသည်။

အဘွားကြီးသန်းချို့ သိုင်းလောကတွင်ရှိနေသ၍ သွေးထွက်

သံယိုမှုများနှင့် ဒုစရိုက်လုပ်ငန်းများ တိုး၍တိုး၍ လုပ်ကိုင်မည်ကို ဖန်ဝေး သိသည်။

ထို့ကြောင့် ...

ဖန်ဝေးက ဆံဖြူအဘိုးကြီး တီလင်ကျိကို လှမ်းပြောလိုက်သည်။

"ဦးရီးတော် အဘွားကြီးသန်းချူကို ဒီအတိုင်းလွှတ်ထားလို့ မဖြစ်ဘူး ...၊

သူက ဒုစရိုက်လုပ်ငန်းတွေမှာ မွေ့လျော်တဲ့အကျင့်စရိုက်ရှိတယ်၊ ခုလည်း လေပွေကျွန်းက ထွက်လာကတည်းက အဘွားကြီးသန်းချူဟာ ဒုစရိုက်လုပ်ငန်းတွေကို ဆက်တိုက်လုပ်ခဲ့တယ်၊ ဒုစရိုက်သားတွေကိုလည်း သွေးဆောင်ဖျားယောင်းပြီး အင်အားစုနေခဲ့ပါတယ် ...၊

ဒါကြောင့် အဘွားကြီးသန်းချူကို လွှတ်ပေးလိုက်ရင် သိုင်းလောကအတွက် အန္တရာယ်ဆိုးကြီးတစ်ခု ဖြစ်ပေါ်လာနိုင်ပါတယ်၊ ဒါကြောင့် သူ့ကိုဖမ်းပြီး သက်ဆိုင်ရာ တရားဥပဒေကို အပ်လိုက်တာ အကောင်းဆုံးပါပဲ"

ဆံဖြူအဘိုးကြီး တီလင်ကျိ ဖန်ဝေး၏စကားကို သဘောပေါက်သွားသည်။

ဖန်ဝေးပြောသည်မှာလည်း နည်းလမ်းသဘာဝကျနေသည့်



အတွက် ဆံဖြူအဘိုးကြီးက ရုတ်တရက် မိမိရှေ့တွင်ရှိနေသော အဘွားကြီးသန်းချူ၏ပခုံးတစ်နေရာရှိ မေ့ကြောကွက်ကို လှမ်း၍ပိတ်ဆို့လိုက်သည်။

အဘွားကြီးသန်းချူမှာ ဆံဖြူအဘိုးကြီး၏သိုင်းပညာ မြင့်မားလှသည်က တစ်ကြောင်း။

မိမိအား ဝိုင်းဝန်းတိုက်ခိုက်ရန် တီရောင်မြို့ရှိ ဥပဒေဘက်တော်သား အဖြူရောင်သိုင်းသမားများကလည်း ရှိနေသည်က တစ်ကြောင်း။

ထို့ပြင် ...

မိမိကို ငယ်နိုင်သဘောမျိုးဖြင့် အနိုင်ယူခဲ့နိုင်သည့် ဖန်ဝေးကလည်း ရှိနေသည့်အတွက် အဘွားကြီးသန်းချူ ထွက်ပြေးရန် မလွယ်ကူးချေ။

အဘွားကြီးသန်းချူ စိတ်ဓာတ်ကျနေခိုက် ဆံဖြူအဘိုးကြီး တီလင်ကျိက ရုတ်တရက် သွေးကြောလှမ်းထုံး၍ ပိတ်လိုက်ခြင်းကို ခံလိုက်ရသည်။

မြေပေါ်သို့ အဘွားကြီးသန်းချူ မလှုပ်မယှက် လဲကျသွားလေသည်။

ဖန်ဝေးက အနားတွင်ရှိနေကြသော သိုင်းသမားများကို ကြည့်ကာ ပြောလိုက်၏။

"နောင်တော်တို့ ဒီအဘွားကြီးသန်းချို့ကို သက်ဆိုင်ရာ တရားဥပဒေလက်ထဲကို သွားရောက်အပ်နှံကြဖို့ တာဝန်ယူခေါ်သွားကြပါ၊ ကျွန်တော်ကတော့ အရေးကြီးတဲ့ကိစ္စတစ်ခု ဆောင်ရွက်စရာ ရှိနေတဲ့အတွက် မလိုက်နိုင်တာကို ခွင့်လွှတ်ပါ ခင်ဗျာ ...၊

ခုဆို ... အဘွားကြီးသန်းချို့ သွေးကြောအပိတ်ခံထားရပြီမို့ နောင်တော်တို့ကို သူ ဘာမှမလုပ်နိုင်တော့ပါဘူး၊ ကဲ ... ခုပဲ တရားရုံးတော်ရှိရာကို ခေါ်သွားကြပါ"

တီရောင်မြို့မှ အဖြူရောင်သိုင်းသမားများ အဘွားကြီးသန်းချို့အား တရားရုံးတော်သို့ တရားစွဲတင်ပို့ရန် ခေါ်ဆောင်သွားကြလေသည်။

ဒုစရိုက်လုပ်ငန်းကို အများပြည်သူနှင့် တရားဥပဒေက လက်မခံ။

တရားဥပဒေနှင့်ပြည်သူတို့မှာ ရေပြင်ကို ဓားဖြင့် ခုတ်၍ မပြတ်သကဲ့သို့ တစ်သားတည်း ရှိနေကြသည်။

ထို့အတူ ...

ပြည်သူနှင့် တရားဥပဒေတို့သည် ကျွန်းကိုင်းမှီ ကိုင်းကျွန်းမှီ ဆိုသကဲ့သို့ အပြန်အလှန် အကျိုးပြုလျက်ရှိကြသည်။

ဒုစရိုက်လူဆိုးများမှာ လက်တစ်ဆုပ်စာပင် ရှိသည်။

ထို့ကြောင့် ...



လက်တစ်ဆုပ်စာမျှသာရှိသော ဒုစရိုက်လူဆိုးများ ဤနည်းဖြင့် တစ်နေ့နေ့တွင် မုချမသွေ လုံးဝဥဿုံ ပျက်သုဉ်းချုပ်ငြိမ်းပျောက်ကွယ်သွားရသည်မှာမလွဲ။

## အခန်း (၁၃)

စားသောက်တည်းခိုဆိုင်ရှေ့တွင် လူသူအနည်းငယ်သာ ကျန်ရစ်ခဲ့ကြ၏။

လူရှင်းသွားသည်နှင့် အဘိုးကြီး တီလင်ကျိုက တစ်ယောက်တည်း ရေရွတ်လိုက်မိသည်။

"အင်း ငါပဲ နားကြားလွဲလို့လားမသိဘူး၊ ငါတို့အဘိုးကြီး ညီနောင်ခြောက်ဦး ဖန်ဝေးဆိုတဲ့လူငယ်ကို လိုက်ရှာနေတာ နှစ်ပေါင်း မနည်းတော့ဘူး၊ ဘာလို့ ခုထိ မတွေ့သေးတာလည်း မသိဘူး"

အနားတွင်ရှိနေသော ဖန်ဝေးမှာ လန့်နေသည်။

အဘိုးကြီး တီလင်ကျိုမှာ မိမိအား ကောင်းကျိုးပေးမည်လား၊ ဆိုးကျိုးပေးမည် လားမသိ။

ခွန်းလွှန်ကိုဖော်းမှ ကျန်ခဲ့သော ညီနောင်ခြောက်ဦး၏သိုင်းပညာလည်း မြင့်မားလှပါဘိ။

မိမိမှာလည်း သိုင်းကျမ်းရှာဖွေဖို့ တာဝန်ကလည်း ရှိနေသည်။



အချိန်မီရှာမတွေ့ပါက လေပွေကျွန်းမှ ဘွားဘွားဝန်၏ အသက်အန္တရာယ်မှာ စိုးရိမ်ရသည်။

မည်သည့်အကြောင်းများရှိသည်ဖြစ်စေ၊ မိမိ ဆံဖြူအဘိုးကြီး တီလင်ကျိုကို လောလောဆယ် ဖန်ဝေးအနေဖြင့် မတွေ့လို။

ဤအချိန်မှာပင် ...

ဆံဖြူအဘိုးကြီး တီလင်ကျို စိတ်ဓာတ်ကျကာ နေရာမှ ထွက်ခွာသွားလေသည်။

ဆံဖြူအဘိုးကြီး ထွက်ခွာသွားသည်နှင့် ...

မိန်းမချောလေး ထန်ကျင်းဟွာမျာ တစ်စခန်း ထလာပြန်သည်။

ထန်ကျင်းဟွာ ဖန်ဝေး ရပ်နေရာသို့ လျှောက်လှမ်းလာကာ စိတ်ဆိုးမာန်ဆိုးဟန်ဖြင့် ပြောလိုက်သည်။

"ဒီမှာ ဖြစ်ပျက်ခဲ့တဲ့အကြောင်းတွေဟာ ရှင်မကောင်းလို့ ဖြစ်ခဲ့ရတာ၊ ခုနက ရှင့်ရှေ့မှာ ရပ်နေတဲ့ကောင်လေးက ကျွန်မ ခေါင်းမှာရှိနေတဲ့ ရွှေပန်းလက်နက်ပုန်းကို လုယူသွားတယ်၊ အဲဒါ ရှင် ပြန်ယူပေးရမယ်"

ထန်ကျင်းမှာ သူ၏ဗီဇစရိုက်ဆိုးက မပျောက်ပေ။

ဘာမဟုတ်သည့် ရွှေပန်းလက်နက်ပုန်းသေးကို အကြောင်းပြုကာ ဖန်ဝေးအား ရန်တွေ့နေ၏။

ဖန်ဝေးက မိန်းကလေးနှင့်ဖက်၍ ရန်မဖြစ်လိုသောကြောင့်...



"ကောင်းပြီ မင်းလိုချင်တယ်ဆိုရင် ငါလိုက်တောင်းပေးပါ့မယ်၊ ကောင်လေးထွက်သွားတာ သိပ်ကြာသေးတာမှ မဟုတ်ဘဲ၊ တို့လိုက်ရင် မီနိုင်ပါသေးတယ်"

အစ်ကိုကြီးဖြစ်သူ အဘိုးကြီးကျင်းလုထန်က ထန်ကျင်းဟွာအတွက် စိုးရိမ်သွားသည်။

လူငယ်သိုင်းသမားလေးမှာ စိတ်ထားဖြူစင်ရိုးသားပုံတော့ပေါ်သည်။

သို့သော် ...

လေပွေကျွန်းမှလာသောသူဖြစ်နေသဖြင့် စိတ်ချ၍မရ။

လေပွေကျွန်းမှသိုင်းသမားများသည် ဒုစရိုက်သမားများသာ ဖြစ်သည်။

ယခု ...

ဤလူငယ်သိုင်းသမားလေးကတော့ ဒုစရိုက်မှုများကို ရွံ့မုန်းသူဖြစ်ပြီး တရားဥပဒေကို လေးစားတန်ဖိုးထားသည့်စိတ်မျိုးရှိနေသည်။

မည်သို့ပင်ဖြစ်စေ ...

ထန်ကျင်းဟွာကို တစ်ဇွတ်ထိုးအကျင့်ရှိသည့်အတွက် တားဆီး၍ရမည်မဟုတ်မှန်း ကျင်းလုထန်သိသည်။

ထို့ကြောင့် ...

လူငယ်သိုင်းသမားလေးကို အဘိုးကြီး ကျင်းလုထန်က မှာကြားလိုက်၏။

"မိတ်ဆွေလေး ကျုပ်ညီမတော် ထန်ကျင်းဗှာကို ဂရုတစိုက် ခေါ်သွားပါ၊ ဒီနေရာမှာ သူ့ဖခင်ကလည်းမရှိ၊ ကိစ္စတစ်ခုကြောင့် အရေးတကြီးခရီးထွက်သွားတယ်၊ ညီမတော်အတွက် ကျုပ်မှာ တာဝန်ရှိနေပါတယ်"

"ဟုတ်ကဲ့ ကျွန်တော် ခင်ဗျားရဲ့ညီမတော်ကို ဂရုတစိုက် ခေါ်သွားမှာပါ၊ ဒီအတွက် ဘာမှစိတ်မပူပါနဲ့"

တစ်ဖန် ...

အစ်ကိုကြီး ကျင်းလုထန်က ဆက်လက်မှာကြားနေပြန်သည်။

"ညီမတော် ဟိုသူငယ်လေးကိုတွေ့ရင် အကျိုးအကြောင်း ကောင်းကောင်းပြောပြပြီး ကိုယ့်ပစ္စည်း ပြန်တောင်းယူပါ၊ ခိုက်ရန်ဖြစ်ပွားတာမျိုး မလုပ်ပါနဲ့"

"ဟုတ်ကဲ့ အစ်ကိုကြီး စိတ်ချပါ"

စကားဆုံးသည်နှင့် ...

ဖန်ဝေးနှင့် မိန်းမချောလေးထန်ကျင်းဗှာတို့ ကိုယ်ဖော့ပညာသုံး၍ ထွက်ခွာသွားကြသည်။

အဘိုးကြီးကျင်းလုထန်မှာ ...



လူငယ်နှစ်ယောက် ထွက်ခွာသွားရာဆီသို့ မျက်စိတစ်ဆုံး ကြည့်ရင်း ကျန်ရစ်ခဲ့လေသည်။

* * *

## အခန်း (၁၄)

ဖန်ဝေးနှင့် ထန်ကျင်းဟွာတို့နှစ်ယောက် ကိုယ့်ဖော့ပညာဖြင့် ပြေးလွှားထွက်ခွာလာခဲ့ကြသည်။

ထန်ကျင်းဟွာက ပြေးလွှားသွားလာနေရင်း ဖန်ဝေး မိမိအား တိတ်တခိုးကြည့်နေကြောင်း သတိထားမိသည်။

ထို့ကြောင့် ထန်ကျင်းဟွာ ပြေးလွှားသွားလာနေရင်း တွေးလိုက်၏။

"အင်း ... လေပွေကျွန်းက သိုင်းသမားတွေဟာ ဒုစရိုက်သားတွေပဲ၊ အားလုံးနာမည်ပျက်ရှိတဲ့သူတွေချည်းပဲ၊ ဒီလူက ဘာဖြစ်လို့ ဒုစရိုက်သားတွေနဲ့ မတူတာလဲ၊ နောက် ငါ့အပေါ် ဂရုတစိုက်ရှိပြီး စိတ်ဝင်စားပုံပဲ၊ ဘာဖြစ်လို့လည်းမသိဘူး"

ထန်ကျင်းဟွာမှာ အတွေးဆုံးသည်နှင့် စိတ်လှုပ်ရှားသွားကာ ဖန်ဝေးရှိရာဘက်သို့ လှည့်ကြည့်လိုက်ရာ အကြည့်ချင်းဆုံသွားပြန်သည်။

နှစ်ယောက်သား လူငယ်လေးအား ရှာဖွေကြရာ မကြာမီ



မိုးပင်ချုပ်တော့မည့်အချိန်သို့ ရောက်လာသည်။

ထို့ကြောင့် ဖန်ဝေးက ထန်ကျင်းဟွာကို ကြည့်၍ပြောလိုက်၏။

"ထန်ကျင်းဟွာ ဟိုလူငယ်လေးလည်း ဘယ်ရောက်သွားမှန်းမသိဘူး၊ လိုက်ရှာဖို့ကလည်း ဘယ်နေရာကိုလိုက်ရှာမလဲ၊ ဒါကြောင့် ရွှေပန်းလက်နက်ပုန်းလေးအတွက်နဲ့ မရှာပါနဲ့တော့၊ ပြန်သွားရင်ကောင်းမယ်ထင်တယ်၊ မိုးလည်းချုပ်ခါနီးနေပြီ"

ထန်ကျင်းဟွာက မြေကြီးပေါ်သို့ ခြေဆောင့်လိုက်ပြီး ...

"မရဘူး မရဘူး ... ကျွန်မ ရွှေပန်းလက်နက်ပုန်းက ကျွန်မ အမြတ်တနိုးထားခဲ့တဲ့ လက်နက်ပုန်းလေးဖြစ်တယ်၊ မတွေ့တွေ့အောင် ရှာကိုရှာရမှ ကျေနပ်နိုင်မယ်"

ဖန်ဝေး စိတ်မောသွားသည်။

"အေးလေ ... ရှာဆိုလည်း ဆက်ရှာရုံပေါ့"

ထိုအခိုက် ...

သူတို့နှစ်ဦးရောက်နေသည့် လမ်းဘေးရှိ ချုံပုတ်ကြီးထဲမှ ရယ်သံတစ်သံ ထွက်ပေါ်လာသည်။

ရယ်သံမှာ တီရောင်မြို့သို့ရောက်လာပြီး ထန်ကျင်းဟွာ၏ ရွှေပန်းလက်နက်ပုန်းကို လုယူသွားသောကောင်လေး၏ရယ်သံ ဖြစ်သည်။

သို့သော် …

ရယ်သံမှာ ကောင်လေး၏ရယ်သံနှင့်မတူဘဲ မိန်းကလေးတစ်ယောက်၏ရယ်သံနှင့် တူနေသည်။

ရယ်သံဆုံးသည်နှင့် …

ချုံပုတ်ထဲတွင် ပုန်းအောင်းနေသည့် မိန်းမပျိုလေး ထွက်လာကာ သူတို့နှစ်ယောက်ကို စိုက်ကြည့်နေသည်။

ထန်ကျင်းဗှာက စိတ်မြန်လက်မြန်သူပီပီ ရှေ့မှမိန်းကလေးကို မေးလိုက်၏။

"နင် … ဘယ်သူလဲ"

မိန်းကလေးက ခပ်တည်တည်ပြန်ပြောလိုက်သည်။

"နင် … မေးစရာမလိုဘူး"

ထန်ကျင်းဗှာက …

ဤမိန်းကလေးမှာ …

သူတို့ရှာနေသော ယောကျ်ားလေးဟန်ဆောင်ထားသည့် မိန်းကလေးဖြစ်မှန်း အတတ်သိလိုက်သဖြင့် မုန်းတီးသောအကြည့်ဖြင့် ကြည့်ကာ …

"တော်ကြာ ယောကျ်ားလေးလုပ်လိုက်, မိန်းကလေးလုပ်လိုက်နဲ့ ဘာမှန်းလည်းမသိဘူး … မိန်းကလေးသိက္ခာလည်း မရှိဘူး"



ဖန်ဝေး ထိုမိန်းကလေးကိုကြည့်လိုက်ရာ မျက်လုံးပြူးပြူးနှင့် ခန္ဓာကိုယ်သွယ်သွယ်လျလျရှိကာ မကြောက်မရွံ့ပုံစံနှင့် တွေ့လိုက်ရ၏။

ထန်ကျင်းဗှာက မိန်းကလေးအား တိုက်ခိုက်ရန် ဟန်ပြင်လိုက်သည်။

ဖန်ဝေး အချိန်မီဟန့်တားလိုက်ပြီး ကြားမှ ဖျန်ဖြေပြောလိုက်သည်။

"နေ့လယ်တုန်းက မိန်းကလေး ထန်ကျင်းဗှာဆီက လုယူသွားတဲ့ ရွှေပန်းလက်နက်ပုန်းလေးကို ပြန်ပေးလိုက်ပါ၊ ဘာမှလည်း အဖိုးတန်တာ မဟုတ်ပါဘူး"

ဖန်ဝေး၏စကားကြောင့် မျက်လုံးပြူးပြူး မိန်းကလေးက မျက်မှောင်ကုတ်လိုက်ပြီး …

"နေပါဦး ဒီပစ္စည်းက ရှင်နဲ့ ဘာများသက်ဆိုင်နေလို့လဲ"

မျက်လုံးပြူးပြူးနှင့်မိန်းကလေး၏အမေးကို ဖန်ဝေး မည်သို့ပြန်ဖြေရမှန်းမသိ။

ထန်ကျင်းဗှာ စိတ်ဆိုးဒေါသထွက်လာကာ …

"နင် ငါ့ဆီက ပစ္စည်းကိုလုသွားပြီး ၊ ဘာအူကြောင်ကြောင်ပြောနေတာလဲ"

မျက်လုံးပြူးပြူးမိန်းကလေးက စိတ်ဆိုးဟန်မပြ။

တည်ငြိမ်စွာ ပြန်မေးလိုက်သည်။

"ငါ ... နင့်ဆီက ဘာပစ္စည်းလုသွားလို့လဲ"

"နင်သိမှာပေါ့ ... ဘာပြောစရာလိုသေးလဲ"

ထန်ကျင်းဗှာ ပြောရင်း ပြောရင်း ဒေါသထွက်လာပြီး အေးစက်မာကျောသောလေသံဖြင့် ဆက်ပြောလိုက်ပြန်သည်။

"နင် ငါ့ပစ္စည်းကို ပေးမလား၊ မပေးဘူးလား"

မျက်လုံးပြူးပြူးမိန်းကလေးက စိတ်မဆိုးသည့်အပြင် ... သဘောကျစွာ ရယ်မောလိုက်၏။

"စိတ်မဆိုးပါနဲ့လေ ... နင်ပဲ နင့်ခေါင်းက ရွှေပန်းကိုရရင်ယူလို့ ပြောခဲ့တဲ့အတွက် ငါ ရအောင်ယူလာခဲ့တာပဲ၊ လုယူလာတာမှ မဟုတ်တာ၊ နင် ခု နင့်ရွှေပန်းပြန်လိုချင်ရင် ယူသွားပါ"

မျက်လုံးပြူးပြူးမိန်းကလေးက ရွှေပန်းလက်နက်ပုန်းကို မိန်းမချောလေး ထန်ကျင်းဗှာထံသို့ ပစ်ပေးလိုက်သည်။

ထိုစဉ် ...

ဖန်ဝေးက မိန်းမချောလေး ထန်ကျင်းဗှာအား ကပျာကယာ လှမ်းသတိပေးလိုက်သည်။

"ထန်ကျင်းဗှာ ... လက်နဲ့မဖမ်းနဲ့"

'ချွင်'

ထန်ကျင်းဗှာမှာ ဖန်ဝေးသတိပေးလိုက်သောကြောင့် ရွှေ



ပန်းလက်နက်ပုန်းလေးကို လက်ဖြင့် မဖမ်းတော့ဘဲ ရှောင်ပေးလိုက်သည်။

ထို့ကြောင့် ရွှေပန်းလက်နက်ပုန်းမှာ မြေပေါ်ကျသွားခြင်းဖြစ်သည်။

ရွှေပန်းလက်နက်ပုန်းမှာ ရွှေပန်းနှင့်မတူတော့ဘဲ ရွှေလုံးလေးနှင့်သာ တူနေတော့၏။

မျက်လုံးပြူးပြူး မိန်းမပျိုလေးက ရွှေ ပန်းလက်နက်ပုန်းကို လက်ဝါးတွင်ထည့်၍ ဂေါ်လီလုံးလုံးသလို လက်နှစ်ဖက်ဖြင့် လှိမ့်လိုက်ပြီး ထန်ကျင်းဗှာထံ ပစ်ပေးလိုက်ခြင်းဖြစ်သည်။

မျက်လုံးပြူးပြူးမိန်းကလေး၏အတွင်းအား မည်မျှနက်ရှိုင်းကြောင်း ဖန်ဝေး ခန့်မှန်းမိလိုက်သည်။

မိန်းမချောလေးထန်ကျင်းဗှာမှာ မိမိ၏အမြတ်တနိုးထားသော ရွှေပန်းလက်နက်ပုန်းကို တစ်ဖက်မိန်းကလေးက ဖျက်ဆီးပစ်လိုက်၍ ဒေါသအကြီးအကျယ်ထွက်ကာ ဓားဆွဲ၍ တရကြမ်း ဝင်ရောက်ထိုးနှက်တိုက်ခိုက်တော့သည်။

မျက်လုံးပြူးပြူးမိန်းကလေးက ထန်ကျင်းဗှာ၏ဓားရှည်တိုက်ကွက်ကို ဖျတ်ခနဲ ရှောင်တိမ်းလိုက်၏။

ထန်ကျင်းဗှာကလည်း ဒေါသတကြီးဖြင့် တိုက်ကွက် သုံးကွက်တိတိ လျှပ်တစ်ပြက်အတွင်း တိုက်ခိုက်လိုက်သည်။

မျက်လုံးပြူးပြူး မိန်းကလေးကိုမူ လုံးဝထိရခြင်းမရှိ။

မိန်းကလေးနှစ်ယောက် တိုက်ခိုက်နေသည်ကို ဖန်ဝေး မည်ကဲ့သို့ ဖျန်ဖြေရမှန်းမသိ။

ထန်ကျင်းဗှာဘက်မှနေ၍ တစ်ဖက်မိန်းကလေးအား တိုက်ခိုက်၍လည်း မဖြစ်။

ဖန်ဝေး မည်သို့လုပ်ရမည်မသိ ဖြစ်နေသဖြင့် ...

ထန်ကျင်းဗှာကိုကြည့်ကာ လှမ်း၍ ဟန့်တားပြောဆိုလိုက်သည်။

"ထန်ကျင်းဗှာ ... ခဏနေပါဦး၊ ဆက်မတိုက်ပါနဲ့၊ ငါ သူ့ကို ပြောပါဦးမယ်"

မျက်လုံးပြူးပြူးမိန်းကလေးက ရှောင်တိမ်းနေရင်း ကြားမှ ဖန်ဝေးဘက်သို့ လှည့်ကြည့်လိုက်ပြီး ...

"ရှင် ဘာများ ကျွန်မကို ပြောချင်လို့လဲ"

"မင်း ထန်ကျင်းဗှာကို တောင်းပန်လိုက်ရင် ဒီပြဿနာအေးသွားမှာ ဖြစ်တယ်"

ထန်ကျင်းဗှာက ဖန်ဝေး၏စကားကို သဘောမတူဘဲ အော်ဟစ်ပြောလိုက်သည်။

"သူတောင်းပန်လည်း ကျွန်မ မကျေနပ်နိုင်ဘူး"

"ဒါဆို မင်း သူ့ကို ဘာလုပ်ချင်လဲ"



"ကျွန်မ သူ့ကို အကြောင်းသိအောင် နည်းနည်းပါးပါး ပြလိုက်ချင်တယ်"

ထန်ကျင်းဗှာ၏စကားကို ကြားလိုက်ရသောအခါ တစ်ဖက်မိန်းကလေးက သဘောကျစွာဖြင့် ...

"နင် တစ်ယောက်တည်းတိုက်နေတာ အားမရသေးရင် နင့်လူကိုပါ ဝိုင်းတိုက်ခိုင်းလိုက်၊ တကယ်လို့ ငါကသာ နင့်ကို ဒဏ်ရာအနာတရဖြစ်အောင် တိုက်ခိုက်ချင်ရင် နင်တို့ ဒဏ်ရာရနေတာ ကြာလှပြီ"

မိန်းမပျိုလေးနှစ်ယောက် စကားအချေအတင်ပြောနေသည်ကိုကြားကာ ဖန်ဝေး အားနာလာမိသည်။

အားနာလာသည်ဆိုသည်ထက် ...

မိန်းမချောလေး ထန်ကျင်းဗှာကို မိမိစိတ်ဝင်စားနေသည်ဆိုပါက ပို၍မှန်ကန်ပေလိမ့်မည်။

အမှန်တကယ်တွင်မူ ...

မိန်းမချောလေး ထန်ကျင်းဗှာဘက်မှ မိမိကူတိုက်ပေးသင့်သည်။

တစ်ဖက်လူမှာ ...

မိန်းကလေးဖြစ်နေပြန်သဖြင့် ဖန်ဝေး အခက်တွေ့နေရခြင်းဖြစ်သည်။

ထို့ကြောင့် ...

အတတ်နိုင်ဆုံး လက်ခံလာကြအောင် ဖန်ဝေး ပြောလိုက်ရတော့သည်။

"ကဲ ... မင်းတို့နှစ်ယောက် တိုက်လိုက်နေကြတာတွေ ရပ်လိုက်ကြပါတော့၊ ဒီက မိန်းကလေး ထန်ကျင်းဝှာ( ) အဖြူရောင်သိုင်းသမားလေးဖြစ်တယ်၊ ဟိုကျန်တစ်ယောက်ကလည်း အဖြူရောင်သိုင်းသမားဆိုတာ ကျုပ်သိတယ်၊ ဒီတော့ ကိုယ့်အချင်းချင်းဘာလို့တိုက်ခိုက်ကြမှာလဲ၊ ကျုပ်တို့လို အဖြူရောင်ဥပဒေဘက်တော်သား သိုင်းသမားကောင်းလေးတွေကို လူတွေက အားကိုးတကြီးအထင်ကြီးလေးစားခဲ့ကြတယ် ...၊

ခုလို ကိုယ့်အချင်းချင်းတိုက်နေခိုက်နေတာ သူစိမ်းတစ်ယောက်ကသာ မြင်သွားရင် ကျုပ်တို့ သူများရဲ့ ကဲ့ရဲ့ခြင်းကို ခံနေရပါဦးမယ်"

မိန်းမချောလေး ထန်ကျင်းဝှာမှာ ဖန်ဝေး၏စကားကို အကောင်းမထင်။ ထို့ကြောင့် တမင်တကာပင် ဘုကျကျပြန်ပြောလိုက်၏။

"ထားပါတော့ ... ရှင်တို့နှစ်ယောက် တစ်ဂိုဏ်းတည်းသားတွေဖြစ်နေရင် လေပွေကျွန်းက ဘီလူးမအဘွားကြီးလက်အောက်က လူတွေပဲ ဖြစ်မယ်၊ ဒါကြောင့် ရှင်တို့ဟာ သိုင်းသမားကောင်းတွေ



မဖြစ်နိုင်ဘူး"

မျက်လုံးပြူးပြူး မိန်းကလေးက ထန်ကျင်းဝှာစကားကို ဆင်ဆင်ခြင်ခြင်မပြောဘဲ ထင်ရာစွပ်ပြောသောကြောင့် အနည်းငယ်အမြင်ကတ်လာကာ ပြန်ပြောလိုက်သည်။

"နင် ဒီလိုပြောလို့ ဘယ်ရမှာလဲ ... လေပွေကျွန်းက သိုင်းသမားတွေဟာ မကောင်းဘူးဆိုတာ သိုင်းလောကတစ်ခုလုံး သိကြတယ်၊ ဒါပေမဲ့ နင့်ဘေးက လူငယ်သိုင်းသမားကတော့ သူတို့နဲ့ တခြားစီပဲ၊ သိုင်းသမားကောင်းတစ်ယောက်ဖြစ်တယ်၊ သူက နင်ထင်တဲ့ မကောင်းတဲ့သိုင်းသမားမဟုတ်ဘူး"

မျက်လုံးပြူးပြူးမိန်းကလေး စကားဖြတ်ကာ ထန်ကျင်းဝှာကို တစ်ချက်ကြည့်လိုက်ပြန်သည်။

ပြီးမှ ...

ဆက်လက်ပြောဆိုလိုက်ပြန်သည်။

"ဒီလိုပြောကြစတမ်းဆိုရင် နင်တို့ရဲ့ မော်မေတောင်ဆရာကြီးရဲ့ တပည့်တွေအားလုံးဟာ သိုင်းသမားကောင်းတွေချည်း ဖြစ်တယ်၊ ဒါပေမဲ့ အဲဒီသိုင်းသမားကောင်းတွေကြားမှာ နင့်လို စုန်ပြူးပြီး မကောင်းတဲ့သိုင်းသမားတစ်ယောက်တလေတော့ ပါလာသေးတာပဲ မဟုတ်လား ...၊

သိုင်းသမားကောင်းဆိုတာ ဒီလိုကိုယ်ထင်ရာကိုယ် ဇွတ်တ

ရှုတ်မလုပ်ကြဘူး၊ နင်ဟာ ရှုတ်တရှုတ် ပြောဆိုလုပ်ဆောင်ပြီး ဒေါသ မောဟ သိပ်ကြီးတယ်”

ထန်ကျင်းဗွာမှာ ဘာပြန်ပြောရမည်မသိ ဖြစ်သွားသည်။

မိန်းမချောလေး ထန်ကျင်းဗွာမှာ သာမန်အချိန်များတွင်လည်း ဒေါသကြီး၍ ထင်ရာလုပ်တတ်သည်။

အပြောအဆိုလည်း ရိုင်းစိုင်း၏။

ယခု တစ်ဖက်မိန်းကလေးကဲ့သို့ စကားကို ချက်ကျလက်ကျ ပြောတတ်သူမဟုတ်။

ထို့ကြောင့် ...

တစ်ဖက်မျက်လုံးပြူးပြူးနှင့် မိန်းကလေး၏စကားများကို ထန်ကျင်းဗွာ မည်သို့ပြန်ပြောရမည်ကို မသိဖြစ်နေသည့်အတွက် အခက်တွေ့နေသည်။

တစ်ဖက်မိန်းကလေးလို အချက်ကျကျ ပြန်မပြောတတ်ချေ။

ထန်ကျင်းဗွာ ဒေါသခြောင်းခြောင်းထွက်ကာ အသားများ တဆတ်ဆတ်တုန်လာခဲ့၏။

“ကောင်းပြီ ... ဒါဆို နင့်ကို အရင်ရှင်းပြီးမှ ဟိုလေပွေ ကျွန်းက လူကို ဆက်ရှင်းမယ်”

မိန်းမချောလေး ထန်ကျင်းဗွာမှာ မိမိ၏ပညာအရည်အချင်းကို မချင့်ချိန်နိုင်တော့။



အမှားတစ်ခုကို ဆက်လက်ကျူးလွန်ရန်သာ ဆန္ဒစောနေမိသည်။

ဖန်ဝေး မတတ်သာသဖြင့် ထန်ကျင်းဗွာကို အချိန်မီ ဖျောင်းဖျပြောဆိုလိုက်သည်။

“ထန်ကျင်းဗွာ ... သိုင်းသမားကောင်းတွေဟာ ဒေါသကို ရှေ့တန်းတင်မထားကြဘူး၊ ဒေါသကြီးရင် အမှားတွေ့တတ်ကြတယ်၊ တော်ကြာ ဘာမဟုတ်တဲ့ ပြဿနာလေးနဲ့ တစ်ယောက်နဲ့တစ်ယောက် တိုက်ခိုက်ပြီး ထိခိုက်အနာတရဖြစ်ခဲ့ကြရင် မကောင်းပါဘူး၊ ဒီတော့ စိတ်အေးအေးထားပြီး အေးအေးဆေးဆေး ပြောဆိုကြရင် ကောင်းမယ်ထင်တယ်”

ဖန်ဝေး တစ်ဖက်မိန်းကလေးကို ကြည့်လိုက်သည်။

တစ်ဖက်မျက်လုံးပြူးပြူးနှင့် မိန်းကလေးက ထန်ကျင်းဗွာကို ခပ်အေးအေးအမူအရာဖြင့် ကြည့်နေသည်။

ဒေါသထွက် စိတ်ဆိုးပုံမပေါ်။

တစ်ဖက်မျက်လုံးပြူးပြူးနှင့် မိန်းကလေးမှာ ခြသေ့်နီရဲ တိုက်သို့ မီးလာလှုံဖူးသော တေလေဂိုဏ်း၏ဂိုဏ်းချုပ် မာစွမ်းစီ၏ တပည့်ဖြစ်ကြောင်း ဖန်ဝေး သိခဲ့ရ၏။

တေလေဂိုဏ်းမှာ သိုင်းလောကတွင် လူချစ်လူခင်ပေါသော ဂိုဏ်းတစ်ဂိုဏ်းဖြစ်သည်။

တစ်ဖက်မျက်လုံးပြူးပြူးနှင့်မိန်းကလေးမှာ ထိုတေလေဂိုဏ်း၏ဂိုဏ်းချုပ် မာစွမ်းစိ၏တပည့်တစ်ယောက်ဖြစ်သည်။

တေလေဂိုဏ်းချုပ်မာစွမ်းစိ၏သိုင်းပညာမှာ အလွန်အစွမ်းထက်မြက်ကြောင်း ဖန်ဝေး ကြားဖူးသည်။

မာစွမ်းစိ၏တပည့် မျက်လုံးပြူးပြူး မိန်းကလေးကလည်း ဆရာဖြစ်သူ၏ခြေရာကို ထက်ကြပ်မကွာနင်းသူဖြစ်၍ သူမ၏သိုင်းပညာလည်း အထင်သေး၍မရ။

မိမိကိုယ်တိုင် တီရောင်မြို့လေးရှိ တည်းခိုစားသောက်ဆိုင်တွင် မိန်းကလေး၏အတွင်းအား မည်မျှကောင်းမွန်ကြောင်း သိခဲ့ရသည်။

ထိုစဉ် ...

မျက်လုံးပြူးပြူးနှင့်မိန်းကလေးက ယောကျ်ားအသွင် ရုပ်ဖျက်ဟန်ဆောင်ကာ မိမိရှေ့တွင် လာရောက်ရပ်နေခဲ့သည်။

မိမိက သူ့အား ယောကျ်ားလေးတစ်ယောက်ဟုထင်၍ တွန်းဖယ်လိုက်ရာ မိမိသာ နောက်သို့ ခြေသုံးလေးလှမ်းမျှ လွင့်ထွက်သွားသည်။

ထို့ကြောင့် ...

ဤမိန်းကလေး၏သိုင်းပညာနှင့် အတွင်းအားပညာမှာ မိမိထက်သာလွန်ကြောင်း ဖန်ဝေးစဉ်းစားမိသည်။



ဖန်ဝေး စဉ်းစားနေသလိုပင် ထန်ကျင်းဗှာကလည်း စဉ်းစားနေသည်။

ထန်ကျင်းဗှာမှာ ဖန်ဝေးနှင့် အသက်မတိမ်းမယိမ်းရှိသည်။

သို့သော် ...

ထန်ကျင်းဗှာ၏အသိဉာဏ်နှင့် စိတ်နေစိတ်ထားက ဖန်ဝေးလို တည်ကြည်ခိုင်ခန့်မှုမရှိ။

စောစောက မိမိ လူငယ်သိုင်းသမားနှင့် မျက်လုံးပြူးပြူးမိန်းကလေးတို့နှစ်ယောက်အား ထိခိုက်စေသောစကားများ ပြောခဲ့သည်။

ထို့ကြောင့် ...

သူတို့နှစ်ယောက် မိမိအား ပူးပေါင်းတိုက်ခိုက်လာကြလျှင် မလွယ်ဟုတွေးမိလာသည်။

သူမ တွေးသာတွေးသည် ...

အမှန်တွင်မူ ...

မျက်လုံးပြူးပြူးမိန်းကလေးနှင့် လူငယ်သိုင်းသမားတို့ ပူးပေါင်း၍ မိမိအား တိုက်ခိုက်စရာမလို။

တစ်ယောက်ချင်းကိုပင် မိမိက နိုင်မည်မဟုတ်။

ဤသို့တွေးမိသောကြောင့် ...

မိန်းမချောလေး ထန်ကျင်းဗှာ စိတ်ဓာတ်ကျသွားကာ

ထိုနေရာမှ ကိုယ်ဖော့ပညာသုံး၍ အပြေးအလွှား ထွက်ခွာသွားတော့သည်။

ထန်ကျင်းဟှာ ပြေးလွှားထွက်ခွာသွားခဲ့သော်လည်း မျက်လုံးပြူးပြူးနှင့်မိန်းကလေးကိုမူ အငြိုးကြီးစွာ တေးမှတ်ထားလိုက်၏။

ထန်ကျင်းဟှာ ပြေးလွှားသွားရာနောက်သို့ မည်သူမျှ လိုက်မလာကြ။

ထိုသို့ပြေးလွှားထွက်ခွာလာသော ထန်ကျင်းဟှာနောက်မှ လှမ်းခေါ်သံ ကြားလိုက်ရသည်။

"ထန်းကျင်ဟှာ နေဦး ... ငါ့ကို ခဏစောင့်ပါဦး"

ပြောပြောဆိုဆို ထန်ကျင်းဟှာရှေ့သို့ လူရိပ်တစ်ခုရောက်လာသည်။

ရောက်လာသောလူရိပ်မှာ ဖန်ဝေးဖြစ်နေသည်။

ထို့ကြောင့် ထန်ကျင်းဟှာ ဖန်ဝေးကို အေးစက်စက်ကြည့်ကာ ...

"ရှင် ဘာဖြစ်လို့ ကျွန်မနောက်ကို လိုက်လာရတာလဲ"

ထန်ကျင်းဟှာ၏အမေးကို ဖန်ဝေး မဖြေတတ်။

မိမိ ဘာကြောင့် လိုက်လာရသည်မသိ။

ဖန်ဝေး ပြောရခက်နေစဉ် ဖန်ဝေးနှင့် ထန်ကျင်းဟှာတို့ရှေ့သို့ လူရိပ်တစ်ခု ဆီးကြိုရောက်ရှိလာပြန်သည်။



ရောက်လာသူမှာ မျက်လုံးပြူးပြူးနှင့် မိန်းကလေးဖြစ်နေကြောင်း တွေ့လိုက်ရ၏။

မျက်လုံးပြူးပြူးနှင့်မိန်းကလေးသည် သိုင်းပညာ ကောင်းရုံမက ကိုယ်ဖော့ပညာကလည်း အဆင့်မြင့်လှသူဖြစ်သည်။

မိမိနှင့်ထန်ကျင်းဟှာတို့နှစ်ယောက် ကိုယ်ဖော့ပညာဖြင့် ပြေးလွှားနေကြရင်း စကားပြောနေကြခြင်းဖြစ်သည်။

မျက်လုံးပြူးပြူးမိန်းကလေးမှာ မိမိတို့နှစ်ယောက် နောက်အတော်ကြာမှ ပြေးလွှားတလိုက်လာခဲ့ခြင်းဖြစ်ရာ တဒင်္ဂအချိန်အတွင်းမှာပင် မိမိတို့ကျော်ကာ ရှေ့မှပိတ်ဆို့ရပ်နေကြောင်း နှစ်ယောက်သား တွေ့လိုက်ကြရ၏။

ဖန်ဝေးက ...

မျက်လုံးပြူးပြူးမိန်းကလေးကို ထန်ကျင်းဟှာနှင့်ဝေးရာသို့ မျှားခေါ်သွားပြီး မျက်ခြည်ပြတ်ခဲ့ရန် စိတ်ကူးလိုက်၏။

ထို့ကြောင့် ...

ဖန်ဝေးက ရုတ်တရက် ရှေ့သို့ ကိုယ်ဖော့ပညာကို အစွမ်းကုန်အသုံးပြု၍ ပြေးထွက်သွားတော့သည်။

မျက်လုံးပြူးပြူး မိန်းကလေးလည်း ဖန်ဝေး မည်မျှ ကိုယ်ဖော့ပညာသုံး၍ ပြေးသည်ဖြစ်စေ ...

ဖန်ငေး၏ရှေ့သို့ အမြဲတမ်း ရောက်ရှိနေသည်ချည်းပင်။

ဖန်ဝေး ကိုယ်ဖော့ပညာသုံး၍ မည်မျှပင်ပြေးပြေး ...

မိန်းကလေးက သူ့ရှေ့သို့ရောက်နှင့်သည်ချည်းပင် ဖြစ်နေသောကြောင့် ...

ဖန်ဝေး အနည်းငယ် စိတ်ဆိုးလာကာ မျက်လုံးပြူးပြူးမိန်းကလေးကို လှမ်းပြောလိုက်၏။

"မင်း ဒီလိုလုပ်တာ မကောင်းပါဘူး"

"ဟုတ်တယ် ... ကျွန်မ ရှင့်ကို ဟိုမိန်းကလေး ထန်ကျင်းဗှာနောက် လိုက်မသွားစေချင်လို့ ခုလိုတားဆီးရတာပါ"

"ဘာဖြစ်လို့ ကျုပ်ကို လိုက်မသွားစေချင်တာလဲ"

"မိန်းကလေး ထန်ကျင်းဗှာ ရုပ်ရည်ချောမောလှပပေမယ့် သူ့ရဲ့စိတ်ထား,သဘောထားက ရှင်နဲ့မထိုက်တန်ဘူး၊ ကြမ်းတမ်းခက်ထန်တဲ့စိတ်ရှိတယ်"

ဖန်ဝေး ရိပ်စားမိလိုက်ပေပြီ။

ထိုမျက်လုံးပြူးပြူးနှင့်မိန်းကလေး မိမိအား စိတ်ဝင်စားနေကြောင်း ဖန်ဝေး သိလိုက်ရ၏။

ထို့ကြောင့် ...

ဖန်ဝေးက စကားလမ်းကြောင်းပြောင်း၍ ပြောလိုက်သည်။

"မိန်းကလေး ... မင်းဟာ မာစွမ်းစိရဲ့ တပည့်ဖြစ်တဲ့အတွက် ကိုယ်ဖော့ပညာသိပ်တော်တာပဲ"



"ဒါတော့ ရှင် ကျွန်မကို မြှောက်ပြောတာနေမှာပါ"

ဖန်ဝေး နောက်မှာကျန်ရစ်ခဲ့သော ထန်ကျင်းဗှာကို လှမ်းမျှော်ကြည့်လိုက်သောအခါ ... ထန်ကျင်းဗှာမှာ ထိုနေရာတွင်မရှိတော့။

ထန်ကျင်းဗှာ မိမိတို့နှစ်ယောက်ကို အထင်မှားကာ ထွက်ခွာသွားပြီဖြစ်ကြောင်း ဖန်ဝေး သိလိုက်သည်။

နောက်မှ ထန်ကျင်းဗှာအား ဖန်ဝေး လိုက်ရှာရန် ဆုံးဖြတ်လိုက်တော့သည်။

မိမိတွင် ခွန်းလွန်သိုင်းကျမ်း ရှာဖွေရန်လည်း ရှိနေသေးသည်။

အကယ်၍ ...

မိန်းမချောလေး ထန်ကျင်းဗှာနောက်သို့ ဆက်လိုက်သွားပါက မိမိမှာ ခွန်းလွန်သိုင်းကျမ်းကိုရှာဖွေဖို့ အချိန်ကြန့်ကြာသွားပေမည်။

ထို့ကြောင့် ...

ထန်ကျင်းဗှာနောက်သို့ ဆက်မလိုက်တော့ဘဲ မျက်လုံးပြူးပြူးမိန်းကလေးနှင့် ဆက်၍စကားပြောနေသည်။

"မင်းကို ငါ ခြသေ့်နီရဲတိုက်မှာ တွေ့ခဲ့ဖူးတယ်၊ တေလေဂိုဏ်းချုပ်မာစွမ်းစိက မင်းကို အဲဒီတုန်းက ဖုန်ရင်လို့ခေါ်လိုက်သံ

ကိုလည်း ငါကြားလိုက်တယ် ... မင်းနာမည်ဟာ ဖုန်ရင်ပဲ မဟုတ်လား"

ဖန်ဝေး၏စကားကြောင့် မျက်လုံးပြူးပြူးမိန်းကလေး ရှက်သွေးဖြာသွားသည်။

မိန်းကလေးရှက်သွားပုံမှာ တစ်မျိုးကြည့်၍ပင် ကောင်းနေသည်။

ထန်ကျင်းဟွာ၏အလှနှင့် ဖုန်ရင်၏အလှတို့ကို ဖန်ဝေးစိတ်ထဲမှ နှိုင်းယှဉ်ကြည့်နေမိသည်။

မိန်းမချောလေးထန်ကျင်းဟွာ၏အလှက မြင်မြင်ချင်းစွဲမက်လောက်သည့် အလှပိုင်ရှင်တစ်ယောက်ဖြစ်သည်။

ဖုန်ရင်၏အလှမှာမူ ဣန္ဒြေရသည်။

ယဉ်သောအလှဟု ဆိုနိုင်သည်။

ထန်ကျင်းဟွာ၏ကိုယ်ခန္ဓာအချိုးအဆက်မှာ စိုပြည်တောင့်တင်း၍ ဖုန်ရင်၏ခန္ဓာအလှအပကမူ သွယ်လျလျဖြစ်သည်။

ဖုန်ရင်က အတန်ကြာမှ ...

"ဟုတ်ပါတယ် ... ကျွန်မရဲ့နာမည် ဖုန်ရင်လို့ ခေါ်ပါတယ်ရှင်"

ဖန်ဝေး ဖုန်ရင်၏နာမည်ကို မေးမိသည့်အတွက် မိမိနာမည်ကိုလည်း ထုတ်ဖော်ပြောဆို မိတ်ဆက်ရပေတော့မည်။



သို့သော် ဖုန် ရင်က မိမိ၏နာမည်ကို ကြိုတင်သိထားသည်။

ထို့ကြောင့် ဖန်ဝေးက အံ့သြသောအမူအရာဖြင့် ...

"မင်း ငါ့နာမည်ကို ဘယ်လိုလုပ်သိတာလဲ"

ဖုန်ရင်က အတန်ကြာစဉ်းစားလိုက်ပြီးမှ ...

"ကျွန်မရဲ့ဆရာက ရှင့်မျိုးရိုးကို ကြိုတင်သိထားတယ်၊ ရှင်လေပွေကျွန်းက အဘွားကြီးဆီမှာနေပြီး သိုင်းပညာသင်ကြားခဲ့တာကိုလည်း သိထားတယ်၊ ရှင်ဟာ လေပွေကျွန်းမှာနေပေမယ့် သိုင်းသမားကောင်းတစ်ယောက်ဖြစ်တယ်ဆိုတာလည်းသိတယ်၊ ကျွန်မဆရာက ရှင့်ကို တိတ်တဆိတ်စောင့်ရှောက်ဖို့ ကျွန်မကို မှာထားတယ်၊ ဒါကြောင့် ကျွန်မ ရှင့်နောက်ကွယ်မှာ အမြဲစောင့်ရှောက်နေခဲ့တယ်"

ဖန်ဝေးက မိမိ ခွန်းလွန်ဂိုဏ်းမှ လျှို့ဝှက်သိုင်းကျမ်းရှာဖွေရန်ရှိနေသေး၍ မိန်းမပျိုလေးဖုန်ရင်နှင့် လမ်းခွဲချင်နေသည်။

ဖန်ဝေးစကားကို အလိမ္မာသုံး၍ လမ်းခွဲရန်ပြောလိုက်သည်။

ဖုန်းရင်က ဖန်ဝေး၏စကားကို လက်မခံဘဲ ပြန်ပြောလိုက်သည်။

"ရှင်ပြောတာ တယ်လွယ်ပါလား၊ ရှင့်မှာရှိတဲ့ ခနစ်ပေါက်ဓားနဲ့ သိုင်းလောကကို ရင်ဆိုင်လို့ ရမယ်များထင်နေသလား၊ ရှင်က

သူများကို စိတ်ကောင်းထားပြီး ကိုယ့်ဘာသာကိုယ်နေပေမယ့် သူများက ရှင့်ကို မတိုက်ခိုက်ဘဲ နေမှာမဟုတ်ဘူး"

"ရှင် တခြားမကြည့်နဲ့ ... နေ့လယ်တုန်းက တီရောင်မြို့ တည်းခိုစားသောက်ဆိုင်ရှေ့မှာ ဆံဖြူအဘိုးကြီး တီလင်ကျိုကို ရှင်တွေ့ခဲ့တယ် မဟုတ်လား၊ ရှင် အဘိုးကြီးတီလင်ကျိုကို မကြောက်ဘူးလား"

"ငါ မကြောက်ပါဘူး ... ဘာလို့ သူ့ကို ကြောက်ရမှာလဲ၊ သူနဲ့ငါ သိကြတာလည်း မဟုတ်ဘူး၊ နောက် ဆံဖြူအဘိုးကြီး တီလင်ကျိုဟာ လူဆိုးလည်း မဟုတ်ဘူး၊ ရန်ငြိုးရန်စလည်း မရှိဘဲနဲ့ ဘာလို့ကြောက်ရမှာလဲ၊ ဆံဖြူအဘိုးကြီး တီလင်ကျို သိုင်းပညာ ထက်မြက်မှန်း ငါလည်းသိသားပဲ"

"ဒါကို အဲဒီတုန်းက ရှင့်ကိုယ်ရှင် ဖန်ဝေးဖြစ်တယ်ဆိုတာ ဘာလို့ဝန်မခံတာလဲ"

ဖန်ဝေး ဘာကြောင့် ဝန်ခံမိသည်ကို မပြောတတ်ချေ။

ထို့ကြောင့် ...

ဖုန်ရင်ကို သိလိုသဖြင့် ပြန်မေးလိုက်၏။

"တီလင်ကျိုက ငါ့ကို ဘာလို့တွေ့ချင်နေရတာလဲ"

ဖုန်ရင်က တည်ငြိမ်အေးဆေးစွာ ပြန်ပြောလိုက်၏။

"ရှင့်ကို တွေ့ချင်ပြီးလိုက်ရှာနေတာ ဆံဖြူအဘိုးကြီး တီလင်



ကျို တစ်ယောက်တည်း မဟုတ်ဘူး ... လုံရင်ကျို၊ တုတန်ကျို၊ တန်ဖုန်ကျို၊ ချင်မိန်ကျိုနဲ့ ဖုထန်ကျိုတို့လည်း ရှင့်ကို နေရာအနှံ့အပြား လိုက်ရှာနေကြတယ်"

"မင်း တကယ်ပြောနေတာလား ... ငါ့ကို သူတို့ခြောက်ယောက်က ဘာအကြောင်းကိစ္စ အရေးကြီးလို့ အပူတပြင်း လိုက်ရှာနေရတာလဲ"

"ကျွန်မ ရှင့်ကို ဘာလို့ လိမ်ညာပြောရမှာလဲ၊ ခွန်းလွန်ဂိုဏ်းဟာ အဖြူရောင်ဂိုဏ်းတစ်ကိုဏ်းဆိုတာတော့ မှန်ပါတယ် ... သူတို့အစ်ကိုကြီး ရုတ်တရက် လုပ်ကြံခံရပြီးတဲ့ နောက်ပိုင်းမှာ သူတို့ဟာ ဂိုဏ်းကိုဖျက်သိမ်းပစ်လိုက်ကြတယ်၊ ခွန်းလွန်ဂိုဏ်းရဲ့ စည်းကမ်းသတ်မှတ်ချက်တွေကိုလည်း သူတို့ အတည်မပြုကြတော့ဘူး ...၊

သူတို့ လိုချင်နေတာက ရှင့်အသက်ကိုပဲ၊ သူတို့ခြောက်ယောက် ရှင့်ကို လိုက်ရှာနေကြတာ ကိုးနှစ်လောက်ရှိသွားပြီ၊ ရှင့်အမေဟာ ရှင့်ကိုခေါ်ပြီး ထွက်ပြေးခဲ့တယ်၊ အဲဒီအတွက် ကျွန်မဆရာနဲ့ ကျွန်မတို့က ရှင့်တို့သားအမိနှစ်ယောက် နောက်ကွယ်က တိတ်တဆိတ်လိုက်ပြီး အကူအညီကာကွယ်ပေးခဲ့တယ်"

ဖန်ဝေးက စဉ်းစားမရဟန်ဖြင့် ...

"ဘာဖြစ်လို့ ငါ့ကို သူတို့ခြောက်ယောက်က ဒီလောက်မုန်းနေရတာလဲ"

"ဒါတော့ ကျွန်မလည်းမသိဘူး၊ ကျွန်မဆရာကတော့ တကယ်လို့ ရှင် အဲဒီလူခြောက်ယောက်လက်ထဲရောက်သွားရင် ကျွန်မဆရာရဲ့နာမည်ထုတ်ဖော်ပြောပြီး ရှင့်ကိုမသတ်ရအောင် တားဆီးရမယ်လို့ ပြောလိုက်တယ်"

"ဘာဖြစ်လို့လဲ"

"ဘာဖြစ်လို့လဲဆိုတော့ အဲဒီခွန်းလွန်ဂိုဏ်းသားခြောက်ယောက်နဲ့ ကျွန်မဆရာသမားက သိကျွမ်းရင်းနှီးခင်မင်ကြတယ်၊ နောက်တစ်ခုလည်း စီစဉ်ထားသေးတယ်၊ သိုင်းလောက အဖြူရောင်နယ်က လူစွမ်းကောင်းတွေစုပြီး ခွန်းလွန်ညီနောင် အဘိုးကြီးခြောက်ယောက်ကို ရှင့်ကိုယ်စား သွားရောက်တောင်းပန်ဖို့ စီစဉ်နေတယ်၊ အဲဒီလို သွားတောင်းပန်းရင်တော့ ရလိမ့်မယ်နဲ့တူတယ်"

မိန်းကလေးဖုန်ရင်၏စကားများ ဆုံးသွားသောအခါ ဖန်ဝေး အမျိုးမျိုးစဉ်းစားကြည့်နေမိသည်။

ခွန်းလွန်ဂိုဏ်းသားအဘိုးကြီးခြောက်ဦးတို့ မိမိအပေါ်ထားရှိသည့်သဘောထားများ ရက်စက်လွန်းရာကျသည်။

အကယ်၍ ရန်ငြိုးရန်စများ ရှိခဲ့မည်ဆိုပါကလည်း ဤရန်ငြိုးရန်စများသည် မိမိနှင့်သက်ဆိုင်မည်မထင်။

မိမိဘိုးဘွားလက်ထက်ကစခဲ့သည့်ကိစ္စများပင် ဖြစ်နိုင်သည်။



ထို့ကြောင့် ...

ဤကိစ္စများသည် မိမိနှင့်မဆိုင်ဟု ဖန်ဝေး သဘောပေါက်သည်။

ဖန်ဝေးက ...

"တစ်ခုတော့ရှိတယ် ... ဒီအဘိုးကြီးခြောက်ယောက်ရဲ့ သဘောထားက ခုထိမပြောင်းလဲသေးဘူးဆိုရင် ငါ သူတို့နဲ့ ရင်ဆိုင်ရမှာပဲ"

ဖန်ဝေး၏စကားကြောင့် ဖုန်ရင် မျက်လုံးပြူးသွားကာ ...

"အံမယ် ... သူတို့ခြောက်ယောက်ရဲ့သိုင်းပညာ ဘယ်လောက်တော်တယ်ဆိုတာ ရှင်မသိဘူး၊ ရှင်က လေပွေကျွန်းပေါ်မှာ ခြောက်နှစ်လောက်ပဲ သင်လာခဲ့တာ၊ ဒီတော့ သူတို့ကိုယှဉ်ပြိုင်လို့ ဘယ်ရနိုင်မှာလဲ၊ တကယ်တော့ ဒီကိစ္စတွေကို ကျွန်မ မပြောချင်ပါဘူး"

ဖန်ဝေး မိမိပြဿနာနှင့်ပတ်သက်၍ မိန်းကလေး ဖုန်ရင်ကို စိတ်အနှောင့်အယှက် မဖြစ်စေလို။

ရင်ဆိုင်ဖြေရှင်းစရာကိစ္စများ ပေါ်လာပါက မိမိတတ်နိုင်သလောက် ရင်ဆိုင်ဖြေရှင်းရန် စိတ်ကူးလိုက်သည်။

ထို့ပြင် ...

မိမိသည် လျှို့ဝှက်သိုင်းကျမ်းကို ဆက်လက်ရှာဖွေရမည့်

တာဝန်ကလည်း ရှိနေသေးသည်။

ဤအကြောင်းများကို မိန်းကလေးဖုန်ရင်အား ဖန်ဝေး ပေးမသိစေလို။

ထို့ကြောင့် ...

ဖန်ဝေးက စိတ်ကိုတည်ငြိမ်စွာထားကာ ဖုန်ရင်အား ပြော လိုက်သည်။

"မိန်းကလေး ... မင်းရဲ့စေတနာကို ငါ ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ငါ့မှာ အရေးကြီးတဲ့ ကိုယ်ရေးကိုယ်တာကိစ္စတစ်ခု ဆောင်ရွက်စရာတွေရှိနေသေးတယ်၊ ဒါကြောင့် မင်းနဲ့ငါ ဒီကနေ လမ်းခွဲကြရအောင်"

ဖန်ဝေး၏စကားကြောင့် ပြုံးရွှင်နေသော ဖုန်ရင်၏မျက်နှာလေးမှာ အပြုံးရိပ်များ ပျောက်ကွယ်သွားကာ ဝမ်းနည်းစိတ်မကောင်းဖြစ်သည့် အမူအရာများ ပေါ်လာခဲ့သည်။

ဖန်ဝေး မိမိအား တမင်မလိုက်စေလိုမှန်း ဖုန်ရင် ရိပ်မိလိုက်သည်။

ဖုန်ရင်က စိတ်မကောင်းဖြစ်မိသည်ကို ဖုံးကွယ်ကာ တည်ငြိမ်သောအမူအရာဖြင့် ပြန်ပြောလိုက်သည်။

"ကောင်းပြီလေ ... ရှင် မလိုက်စေချင်ရင်လည်း ကျွန်မ မလိုက်တော့ပါဘူး"



ပြောပြီးသည်နှင့် ဖုန်ရင်၏မျက်လုံးအိမ်မှ မျက်ရည်များ ရစ်ဝဲလာသည်။

ဖန်ဝေးအတွက်လည်း စိတ်မချပေ။

သို့သော် ...

ကာယကံရှင်ကိုယ်တိုင်ကမှ မိမိအား လိုလားခြင်းမရှိသဖြင့် ဖုန်ရင် ဘာမျှဆက်မပြောတော့။

ဖုန်ရင်သည် ...

ငယ်စဉ်ကတည်းကပင် ဆရာဖြစ်သူ မာစွမ်းစိထံ တပည့်ခံကာ ဆရာဖြစ်သူနောက် သွားလေရာရာ တကောက်ကောက် လိုက်ခဲ့သူဖြစ်သည်။

ယခု ...

မိမိဆရာသည် သိုင်းလောကဥ္စ နံပါတ်တစ်နေရာတွင် ရှိနေသည်။

မိမိဆရာ၏သိုင်းပညာအဆင့်က ...

မျက်မှောင်ခေတ်သိုင်းလောကတွင် ပြိုင်ဖက်မရှိသော အဆင့်ပင်ဖြစ်သည်။

ဖန်ဓဝးမှာမူ နှစ်တစ်ထောင်ဆေးမြစ်ကို သောက်ခဲ့ရဖူးသည်။

သိုင်းပညာကလည်း လေပွေကျွန်းတွင် ခြောက်နှစ်မျှသာ သင်ကြားလာခဲ့ရသူဖြစ်၏။



ပြီးခဲ့သည့်လက ဖန်ဝေးအတွက် ရွှေမျက်နှာကိုယ်တော် ကျင်လိုဟန်အား မိမိ ကြားဝင်၍ ဟန့်တားပေးခဲ့ဖူးသည်။

မိမိနှင့်ဖန်ဝေးတို့၏ အသက်အရွယ်မှာ မတိမ်းမယိမ်း ဖြစ်သည်။

သို့သော် ...

မိမိမှာ သိုင်းလောက၏နံပါတ်တစ်ဆရာဖြစ်သူထံမှ သိုင်းပညာများကို စနစ်တကျ ရယူထားနိုင်ခဲ့သည့်အတွက် ဖန်ဝေးထက် မိမိက သိုင်းပညာသာလွန်မြင့်မားသည်။

ထို့ကြောင့် ...

ဆရာဖြစ်သူမာစွမ်းစိက မိမိကို ဖန်ဝေးနောက် လိုက်၍ တိတ်တဆိတ် စောင့်ရှောက်ကာကွယ်ပေးရန် တာဝန်ပေးလိုက်ခြင်းဖြစ်သည်။

မိမိဆရာ၏ပြောပြချက်အရ ခွန်းလွန်ဂိုဏ်းသား အဘိုးကြီး ခြောက်ဦးကလည်း ဖန်ဝေး အသက်ကိုယူရန် ကြိုးစားနေကြောင်း ကြားရသည်တွင် မိမိမှာ ဖန်ဝေးအတွက် သနားစိတ်များ ဝင်လာခဲ့သည်။

အမှန်အတိုင်းဝန်ခံရလျှင် မိမိ ဖန်ဝေးကို သနားစိတ်ဝင်နေမိသည်။

တစ်နည်းအားဖြင့် ...

ဖန်ဝေးကို မိမိ တိတ်တခိုး မေတ္တာသက်ဝင်နေကြောင်း နားလည်လိုက်သည်။

ဖန်ဝေးကတော့ ဤကိစ္စကိုမသိ။

မိန်းမချောလေး ထန်ကျင်းဗှာအား ဖန်ဝေး စိတ်ဝင်စားနေကြောင်း ဖုန်ရင်သိရသောအခါ ဖုန်ရင် မနာလိုစိတ်များ ဖြစ်မိသည်။

ထန်ကျင်းဗှာ အဘွားကြီးသန်းချို့နှင့် တိုက်ခိုက်နေစဉ်က မိမိ ထန်ကျင်းဗှာ၏ရွှေပန်းလက်နက်ပုန်းကို လုယူလာခဲ့၏။

မိမိထင်သည့်အတိုင်းပင် မိမိနောက်သို့ ဖန်ဝေးနှင့်ထန်ကျင်းဗှာတို့ လိုက်လာကြကာ မိမိဆီမှ ရွှေပန်းလက်နက်ပုန်းကို လိုက်ယူကြသည်။

မိမိကလည်း ရွှေပန်းလက်နက်ပုန်းကို ထန်ကျင်းဗှာအား ပြန်ပေးလိုက်ကာ ဖန်ဝေးကို ထန်ကျင်းဗှာနှင့် ဆက်မလိုက်ရန် လုပ်ဆောင်ခဲ့၏။

လုပ်ဆောင်ခဲ့သည့်အတိုင်း ...

ထန်ကျင်းဗှာနှင့် ဖန်ဝေးတို့ လမ်းခွဲသွားကြပြီး ဖန်ဝေး မိမိနောက်သို့ လိုက်ပါလာခဲ့၏။

ယခု ...

ဖန်ဝေးနှင့်မိမိ လမ်းခွဲခဲ့ကြရလေပြီ။

မိမိ ဖန်ဝေးနှင့် ခွဲခွာမသွားလို။



ထို့ကြောင့် ...

ဖုန်ရင်၏ခြေလှမ်းများက မလှမ်းချင်လှမ်းချင်ဖြင့် ထွက်ခွာလာခဲ့ရ၏။

ဖုန်ရင် ဖြည်းညင်းစွာ လျှောက်လှမ်းနေရာမှ မိုးစုတ်စုတ်ချုပ်သွားပြီဖြစ်၍ တောထဲရှိသစ်ပင်ကြီးတစ်ပင်ပေါ်သို့တက်ကာ အိပ်စက်အနားယူလိုက်သည်။

နောက်နေ့ မိုးလင်းလာသော်လည်း ဖုန်ရင် သစ်ပင်ပေါ်မှ ဆင်းလာပြီး ကြောင်ငေးငေးဖြစ်နေသည်။

ဖုန်ရင် ရှေ့မည်သို့စခန်းသွားရမည်ကို ချီတုံချတုံဖြစ်နေသည်။

မိမိသည် ဆရာမှာထား သည့်အတိုင်း မလိုက်နာ၍ မဖြစ်၊ လိုက်နာရပေမည်။

ဖုန်ရင် ဆုံးဖြတ်ချက်တစ်ခု အခိုင်အမာ ချလိုက်သည်။

ဖန်ဝေးကို လိုက်ရှာရန်ပင်ဖြစ်၏။

ဖန်ဝေး ရှိနိုင်မည်ထင်သော မြို့တစ်မြို့သို့ ဖုန်ရင် ရောက်လာသည်။

ဖုန်ရင် မြို့ကို နှစ်ပတ်မျှပတ်၍ ဖန်ဝေးအား ရှာခဲ့သည်။ မတွေ့။

ထိုစဉ်မှာပင် ...

ဖုန်ရင် မိမိရှေ့ခပ်လှမ်းလှမ်းတွင် ဆရာဖြစ်သူမာစွမ်းစိကို အမှတ်မထင် တွေ့မြင်လိုက်ရသည်။

ကြည့်ရသည်မှာ ...

ဆရာသည် ကိစ္စတစ်ခုအတွက် အရေးကြီးပုံပေါ်နေဟန် တူ၏။

ဆရာမာစွမ်းစိသည် ခွန်းလွန်ကိုဏ်းသားခြောက်ဦးနှင့် မော်မေတောင်ရှင်တို့အား ယှဉ်လိုက်လျှင် မိမိဆရာက အနည်းငယ် သာလွန်မြင့်မားသည်။

ဤမှုသိုင်းလောကတွင် ပြိုင်ဖက်မရှိသော သိုင်းပညာများ တတ်ကျွမ်းထားသူ မိမိဆရာ အဘယ်ကြောင့် ဤမြို့တွင် အလော တကြီးဖြစ်နေသည်ကို စဉ်းစားမရ။

ဖုန်ရင် ဆရာ့နောက်သို့ လျင်မြန်စွာ ပြေးလွှားလိုက်သွား သည်။

သို့သော် ...

ဆရာဖြစ်သူ မာစွမ်းစိကို မျက်ခြည်ပြတ်သွားခဲ့၏။

ထိုစဉ် ...

ဖုန်ရင်ဘေးမှ လူရိပ်တစ်ခု ဖြတ်သွားသည်ကို သတိထားမိ ၍ ကြည့်လိုက်သောအခါ ဆရာဖြစ်သူအား ထူးဆန်းစွာ တွေ့မြင်လိုက် ရသည်။



သူမ ရုတ်တရက် လှမ်းခေါ်လိုက်သည်။

"ဆရာ"

ဖုန်ရင် လှမ်းခေါ်လိုက်ရန် မာစွမ်းစိက လမ်းတစ်ခုထဲသို့ ချိုးကွေ့ဝင်သွားသည်နှင့် ကြုံလိုက်သောကြောင့် ဖုန်ရင်၏ခေါ်သံကို မကြားလိုက်မိ။

အသံမြှင့်၍ ခေါ်လိုက်ပြန်လျှင် သူစိမ်းသူရံများ ကြားသွား မည်စိုး၍ ဆက်မခေါ်တော့ဘဲ နောက်မှလျင်မြန်စွာ ပြေးလွှားလိုက် ပါသွားခဲ့သည်။

ဤသို့ဖြင့် ဖုန်ရင်မှာ လူရှင်းသော လမ်းတစ်လမ်းသို့ ရောက် လာခဲ့၏။

ထိုလမ်းထဲတွင် ခန့်ညားထည်ဝါသော အိမ်ကြီးတစ်လုံးကို တွေ့လိုက်ရသည်။

ဖုန်ရင် ရှေ့ဆက်လျှောက်လှမ်းသွားကာ ထိုအိမ်ကြီးခြံဝင်း ထဲမှ အသံတစ်သံကြားလိုက်ရ၏။

အသံမှာ မိမိဆရာ၏အသံဖြစ်ကြောင်း ဖုန်ရင် သိရှိလိုက် သည်။ •

ဖုန့်ရင် အသာရပ်၍ နားစွင့်ထောင်လိုက်သည်။

မိမိဆရာ ဤအိမ်ကြီးထဲတွင် မည်သည့်ကိစ္စများ အရေး တကြီးရှိ၍ ဝင်ရောက်သွားသည်မသိ။

ထို့ကြောင့် ဖုန်ရင် အိမ်ကြီးထဲသို့ ဝင်လိုက်ကြည့်ရန် ဆုံးဖြတ်လိုက်သည်။

ဆုံးဖြတ်ပြီးသည်နှင့် ဖုန်ရင် အိမ်ကြီး၏အုတ်တံတိုင်းကြီးရှိရာသို့ တဖြည်းဖြည်းချဉ်းကပ်လာခဲ့လေသည်။

**



အိမ်ကြီး၏ဝန်းကျင်တွင် လူခြေတိတ်ဆိတ်နေသည်။

ဖုန်ရင် အုတ်နံရံကြီးဆီသို့ ချဉ်းကပ်သွား၏။

အုတ်နံရံနားရောက်သည်နှင့် ...

အိမ်ကြီးအတွင်းမှ အသံဗလံများကို နားစွင့်ထောင်ကြည့်လိုက်ပြန်သည်။

အိမ်ကြီးဆီမှ ဘာသံမျှ မကြားရ။

ထို့ကြောင့် ဖုန်ရင် အုတ်နံရံတံတိုင်းပေါ်သို့ ခုန်တက်လိုက်သည်။

အပေါ်ရောက်သည်နှင့် ချက်ချင်း ခြံတွင်းသို့ ခုန်ဆင်းလိုက်၏။

ဖုန်ရင် အိမ်ကြီးဆီသို့လှမ်း၍ အကဲခတ်ကြည့်လိုက်ရာ အိမ်ကြီးတစ်ခုလုံး ပြတင်းတံခါးများက ပိတ်လျက်ရှိနေ၏။

ရှေ့ဝင်ပေါက်မှ ကြီးမားလှသော အနီရောင်ဆေးများ သုတ်ထားသည့် တံခါးမကြီးနှစ်ချပ်မှာလည်း ပိတ်ထားကြောင်း တွေ့လိုက်

ရသည်။

ဖုန်ရင် အိမ်ကြီးကို အသေအချာ ကြည့်ရှုအကဲခတ်လိုက်ပြန်သည်။

အိမ်ကြီး၏ပြတင်းတံခါးများမှာ ဖုန်အလိမ်းလိမ်း တက်လျက် ကာလရှည်ကြာစွာ ပြတင်းပေါက်များကို မဖွင့်ဘဲ ပိတ်ထားဟန် တူသည်။

အိမ်ကြီး၏အဝင်ပေါက် အနီရောင်တံခါးမကြီးမှာမူ ဖုန်များ မတက်ဘဲ ပြောင်လက်တောက်ပနေ၏။

ဖုန်ရင် အိမ်ကြီးနားသို့ တရွေ့ရွေ့ ချဉ်းကပ်သွားနေသည်။

အိမ်ဘေးရှိ ပြတင်းပေါက်မှန်မှဖုန်များကို လက်ဖြင့် သုတ်သင်ဖယ်ရှားလိုက်ပြီး အိမ်ကြီးအတွင်းသို့ ချောင်းမြောင်းကြည့်ရှုလိုက်၏။

အတွင်းတွင် ဘာမျှမမြင်ရ။

မည်းမှောင်နေသည်။

အိမ်ကြီးမှာ လူသူတစ်ဦးတစ်ယောက်မျှ ရှိမနေမှန်း ဖုန်ရင် အကဲခတ်လိုက်မိသည်။

သို့သော် ...

စောစောက ဤအိမ်ကြီးရှေ့တွင် မိမိဆရာ၏အသံကို သဲသဲကွဲကွဲ ကြားလိုက်ရသည်။



ထို့အတွက် ဖုန်ရင် အံ့သြနေမိ၏။

ဖုန်ရင် အိမ်ရှေ့တံခါးမကြီးရှေ့သို့ ပြန်လျှောက်လာခဲ့သည်။

တံခါးမကြီးရှေ့ရောက်သောအခါ တံခါးမကြီးကို ဖုန်ရင် အသေအချာ စစ်ဆေးကြည့်ရှုလိုက်ပြန်သည်။

ဖုန်ရင် မျက်နှာပျက်သွားသည်။

ပြောင်လက်သောတံခါးမကြီးတွင် ဖုန်ရင် မမျှော်လင့်ဘဲ လက်ရာကြီးတစ်ခု ခပ်ရေးရေး တွေ့လိုက်ရသည်။

လက်ရာရှင်၏လက်မှာ တံခါးမဖွင့်မီ ဖုန်များ ပေကျံနေဟန် ရှိသည်။

ထို့ကြောင့် ပြောင်လက်သောတံခါးကြီးပေါ်တွင် ထိုလက်ရာကြီးထင်နေခြင်း ဖြစ်သည်။

ထူးခြားချက်မှာ ...

ပြောင်လက်သောတံခါးမကြီးတွင် ထင်နေသောလက်ရာသည် သာမန်လူတစ်ယောက်၏လက်ရာထက် အတန်ငယ် ပိုမိုကြီးနေသည်။

ထို့ပြင် ...

လက်ချောင်းငါးချောင်းရာမှာလည်း လူ့လက်ချောင်းများထက် လက်နှစ်ဆစ်ခန့် ပိုရှည်နေသည့်အတွက်ကြောင့် ဖုန်ရင် အံ့သြသွားရ၏။

ဖုန်ရင် ခါးမှ သံမဏိနန်းကြိုးများဖြင့် ပြုလုပ်ထားသော ကျာပွတ်ရှည်ကို ဆွဲဖြည်လိုက်၏။

အိမ်ကြီးထဲတွင် မည်သို့သောထူးခြားသည့် ပုဂ္ဂိုလ်မျိုးဖြင့် တွေ့ရမည်မသိ။

ထို့ကြောင့် ...

ဖုန်ရင် ကြိုတင်၍ လက်နက်ကို ထုတ်ကိုင်ထားခြင်း ဖြစ်သည်။

ဖုန်ရင် အိမ်တံခါးမကြီး မည်ကဲ့သို့ဖွင့်ရမည်ကို ကြည့်ရှုစစ်ဆေးနေပြန်သည်။

အတန်ကြာသောအခါ ...

ဖုန်ရင်က အိမ်တံခါးမကြီးကို အသာအယာ တွန်းဖွင့်ကြည့်လိုက်၏။

အနီရောင်တံခါးမကြီးမှာ မမျှော်လင့်ဘဲ ဖုန်ရင် တွန်းလိုက်သောကြောင့် ပွင့်သွားသည်။

တံခါးမကြီးကို အထဲမှ သော့ခတ်ထားခြင်းမရှိ၍ တံခါးပွင့်သွားခြင်းပင်။

ဖုန်ရင် ပွင့်သွားသောတံခါးမှ အိမ်ကြီးထဲသို့ လှမ်းကြည့်လိုက်သည်။

အိမ်ကြီးထဲတွင် ဖျောင်မည်းလွန်းနေဂဘာ မိမိရှေ့၏လက်



တစ်ကမ်းကိုပင် မမြင်ရလောက်အောင် ရှိနေသည်။

ထို့ကြောင့် ...

ဖုန်ရင် မီးခြစ်ကိုထုတ်၍ ခြစ်ကြည့်လိုက်သည်။

'ရှဲ'

'ဟုပ်'

ဖုန်ရင် မီးခြစ်လိုက်သည်နှင့် ရုတ်တရက် 'ဟုပ်' ခနဲ ငြိမ်းသွားသည်။

ဖုန်ရင် ဒုတိယအကြိမ် မီးခြစ်လိုက်ပြန်သည်။

'ရှဲ'

'ဟုပ်'

'ဟုတ်' ခနဲ ငြိမ်သွားပြန်၏။

ဖုန်ရင် သကာမကင်းရှိသောကြောင့် မိမိလက်ထဲမှ သံမဏိနန်းဆွဲကျာပွတ်ဖြင့် ရှေ့သို့လှမ်းရိုက်သည်။

'ဘုန်း'

အမှန်တွင် မိမိမီးခြစ်သောဘယ်လက်ကို မှောင်ထဲမှ တစ်စုံတစ်ယောက်က လှမ်း၍ သေးကြောပိတ်ဆို့တိုက်ခိုက်နေခြင်း ဖြစ်သည်။

ဖုန်ရင် လှမ်းရိုက်လိုက်သော ကျာပွတ်မှာ 'ဘုန်း' ဆိုသော အသံကြီးမြည်သွားပြီး ခပ်ပျော့ပျော့အရာတစ်ခုကို သွားရောက်ရိုက်

မိဟန်တူသည်။

ဖုန်ရင်၏ရှေ့ခုနစ်ပေ ရှစ်ပေခန့်အကွာတွင် အမည်းရောင် လိုက်ကာကြီးတစ်ခု ကာဆီးနေသည်ကို ဖုန်ရင် မသိ။

ထိုအချိန်မှာပင် ...

ဖုန်ရင်၏ကျာပွတ်ကိုင်လက်အား စူးရှသော လေတိုက်ခတ်ခြင်း ခံလိုက်ရ၏။

ဖုန်ရင် သိလိုက်ရပြန်ပြီ။

မိမိ၏ရှေ့တွင် မိမိထက် သိုင်းပညာမြင့်မားသူတစ်ယောက် ရှိနေရမည်။

ထိုလူက မိမိအား မှောင်ထဲမှ လှမ်းမြင်နေရဟန် တူသည်။

သို့သော် ...

ဖုန်ရင် မကြောက်။

လက် ထဲမှ သံမဏိနန်းဆွဲကျာပွတ်ဖြင့် နှစ်ချက်သုံးချက်ခန့် ဇွေ့ယမ်းတိုက်ခိုက်လိုက်ပြန် သည်။

'ဘုန်း ... ဘုန်း'

လိုက်ကာအမည်းရောင်နှင့် ကျာပွတ်နှစ်ချက် ဆက်တိုက် ထိသွားကာ 'ဘုန်း ဘုန်း' ဟူသော အသံကြီးနှစ်ချက် ဆင့်၍ထွက်ပေါ် လာသည်။

ထိုစဉ်မှာပင် ဖုန်ရင်ရှိနေရာသို့ လေခွင်းသံများကို ကြား



လိုက်ရ၏။

'ဒိုး'

တစ်ဖက်ရန်သူက မိမိအား လက်ဝါးချက်ဖြင့် ရိုက်နှက် တိုက်ခိုက်နေခြင်းဖြစ်ကြောင်း ဖုန်ရင် သိလိုက်သည်။

လေခွင်းသံကြားလိုက်ရသည်နှင့် ...

ဖုန်ရင်မှာ ညာဘက်ဘေးသို့ ခြေသုံးလေးလှမ်းခန့် ဘေးတိုက်ခုန်ထွက်သွားသည်။

မိမိရပ်နေခဲ့သောနေရာမှ လေတိုးသံကြီးတစ်ခု ဒိုးခနဲ ဖြတ်သန်းသွားကြောင်း ဖုန်ရင် ကြားလိုက်ရ၏။

တစ်ဖက်ရန်သူဆီမှ လှုပ်ရှားသံ လုံးဝမကြားရဘဲ အတိုက်ခံနေရခြင်းအတွက် ဖုန်ရင် အနည်းငယ် ထိတ်လန့်လာမိသည်။

ထို့ကြောင့် ...

ရန်သူ ရှိမည်ထင်ရသည့်ဘက်သို့ မျက်နှာမူ၍ ဖုန်ရင် လှမ်းမေးလိုက်သည်။

"ကျွန်မရှေ့က မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ ... ဘာကြောင့် ကျွန်မကို အကြောင်းမဲ့ တိုက်ခိုက်နေရတာလဲ"

နောက်ထပ် ...

"ကျွန်မရှေ့က မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ ... ဘာကြောင့် ကျွန်မကို အကြောင်းမဲ့ တိုက်ခိုက်နေရတာလဲ"

တစ်ဖန် ...

"ကျွန်မရှေ့က မိတ်ဆွေရဲ့နာမည် ဘယ်လိုခေါ်ပါသလဲ ... ဘာကြောင့် ကျွန်မကို အကြောင်းမဲ့ တိုက်ခိုက်နေရတာလဲ"

ဖုန်ရင် သုံးကြိမ်မျှ အော်ဟစ်မေးလိုက်သည်။

တစ်ဖက်မှ မည်သည့်အသံမျှ ထွက်ပေါ်မလာ။

ဖုန်ရင် ဆက်လက်မမေးတော့ဘဲ မှောင်ထဲတွင်သာ ရှေ့လျား၍ ရန်သူကိုသာ ရှာဖွေနေသည်။

မှောင်ထဲတွင် သုံးထောင့်ပုံသဏ္ဍာန် စားပွဲစွန်းတစ်ခုကို ဖုန်ရင်လက်ဖြင့် စမ်းမိလိုက်၏။

ဖုန်ရင် ဝမ်းသာသွားသည်။

ထိုသုံးထောင့်စွန်းစားပွဲပေါ် တက်ကာ ရန်သူအား တိုက်ခိုက်ပြီး ရန်သူ ပြန်လည်တိုက်ခိုက်လာသောအခါ စားပွဲအောက်သို့ ခုန်ဆင်းရန် စိတ်ကူးလိုက်သည်။

ဖုန်ရင် စဉ်းစားနေစဉ်မှာပင် ...

သူမ၏ရင်ဘတ်တည့်တည့်သို့ လက်ဝါးရိုက်ချက်တစ်ချက် ဝင်ရောက်လာပြန်သည်။

ဖုန်ရင်က ဘယ်ဖြင့် ပြန်လည်ခံဆောင်မည်အပြုတွင် တစ်ဖက်လက်ဝါးအား အရှိန်ပြင်းထန်လွန်းသည့်အတွက် ဖုန်ရင် ခံဆောင်ခြင်းမပြုနိုင်တော့။



နောက်သို့ ခြေလှမ်း လေးငါးလှမ်းမျှ လွင့်စဉ်ထွက်သွားခဲ့သည်။

တစ်ဆက်တည်း ဖုန်ရင် သတိထားမိသည်။

ထိုလက်ဝါးရိုက်ချက်ထုတ်လိုက်သောလက်ကြီးမှာ ကြမ်းတမ်းသောယောကျ်ားလက်ကြီးတစ်ချောင်းလိုလို ရိပ်ခနဲ မြင်လိုက်ရ၏။

ဖုန်ရင်မှာ ကိုယ်ဖော့ပညာကောင်း၍သာ ယိမ်းယိုင်သွားသောကိုယ်ခန္ဓာကို အချိန်မီပြန်ထိန်းလိုက်နိုင်ခြင်း ဖြစ်သည်။

ဖုန်ရင် ရှေ့ဘက်ရှိ သုံးထောင့်စားပွဲစွန်းပေါ်သို့ ပြန်ခုန်တက်ရန် ကြိုးစားလိုက်ပြန်သည်။

ထိုစဉ်မှာပင် ...

နောက်ထပ်လက်ဝါးရိုက်ချက်တစ်ချက်က ဖုန်ရင်အား ထပ်မံတိုက်ခိုက်လာသောကြောင့် ဖုန်ရင် စားပွဲပေါ်သို့ တက်၍မရ ဖြစ်နေသည်။

လက်ဝါးရိုက်ချက် ထုတ်လိုက်သည့်လက်ကို ဖုန်ရင် မှောင်ထဲတွင် ခပ်ရေးရေးမြင်လိုက်ရ၏။

လက်ဝါးရိုက်ချက် ထုတ်လိုက်သည့်လက်မှာ မိန်းမတစ်ဦး၏ လက်ဖြစ်ကြောင်း ဖုန်ရင် မှန်းဆသိရှိလိုက်ရသည်။

စောစောက လက်ဝါးရိုက်လိုက်သည့်သူ၏လက်မှာ သစ်

သားတုံးကြီးတစ်တုံးကို ထိတွေ့သလိုခံစားလိုက်ရ၍ ထိုလက်ဝါးရှင်သည် အသက်အရွယ်ကြီးရင့်သော အဘိုးကြီးတစ်ဦးလက်နှင့် တူနေသည်။

ထို့ကြောင့် ...

တစ်ဖက်တွင် လူတစ်ယောက်မက ရှိနေကြောင်းပါ ဖုန်ရင် ထပ်မံသိရှိလိုက်ရပြန်သည်။

ဖုန်ရင် တစ်ဖက်ရန်သူကို အမိဖမ်းရန် ထပ်မံကြိုးစားလိုက်ပြန်သည်။

ထိုနည်းတူ ...

တစ်ဖက်လူကလည်း ဖုန်ရင်အား ဖမ်းဆီးရန် ကြိုးစားလာသဖြင့် လမ်းခုလတ်တွင် လက်ချောင်းဆယ်ချောင်း ထိတွေ့သွားကြ၏။

တစ်ဖက်ရန်သူက လက်ကို အမြန်ပြန်ရုပ်သွားသည်။

ဤအခိုက်မှာပင် ...

ဖုန်ရင်၏ နောက်ကျောပြင်ကို လက်ဖြင့်လှမ်းပုတ်သလို ခံစားလိုက်ရပြန်သည်။

မိမိရှေ့ သုံးထောင့်စားပွဲနားတွင်လည်း သူတို့အချင်းချင်းမှားပြီး တိုက်ခိုက်နေသံများ ကြားလိုက်ရသည်။

ရုတ်ခြည်း ...



ဖုန်ရင် မိမိနောက်ကျောဘက်သို့ ဆတ်ခနဲ လှည့်၍ ဖမ်းလိုက်ရာ လူတစ်ယောက်၏ခေါင်းတွင် ပေါင်းထားသော ပဝါစတစ်ခု ဖုန်ရင့်လက်ထဲ ရောက်လာခဲ့၏။

ထို့ကြောင့် ...

ဤအိမ်ကြီးထဲတွင် အနည်းဆုံး ရန်သူသုံးယောက်ထက်မနည်း ရှိနေမှန်း ခန့်မှန်းသတိပြုမိလိုက်သည်။

တိုက်ခိုက်မှုများက ထိုအချိန်တွင် ရှုပ်ယှက်ခတ်နေရာ သူ့လူကိုယ့်လူပင် မခွဲခြားနိုင်သောအခြေအနေ ဖြစ်နေသည်။

'ဝုန်း'

ရုတ်တရက် ဖုန်ရင့်အနားမှ 'ဝုန်း'ခနဲ လက်ဝါးရိုက်ချက်တစ်ချက် ပေါ်ထွက်လာသောကြောင့် ဖုန်ရင် ကြောက်လန့်တကြား ဖြစ်ကာ အပေါ်သို့ ကိုယ်ဖော့ပညာသုံး၍ ခုန်တက်ရှောင်ရှားလိုက်ရသည်။

ဖုန်ရင် အပေါ်သို့ ခုန်တက်လိုက်စဉ် ဖုန်ရင်၏လက်တစ်ဖက်က ထုတ်တန်းလိုလို ကြီးမားသော သစ်သားတန်းကြီးတစ်ခုကို ဆုပ်ကိုင်မိလျက်သား ဖြစ်သွားသည်။

ထို့ကြောင့် ...

ဖုန်ရင်က ထိုသစ်သားတန်းကြီးပေါ်သို့ လက်နှစ်ဖက်ဖြင့် ခိုတက်သွားကာ အသင့်ရှိနေသောမီးခြစ်ဖြင့် ခြစ်၍ အနီးတစ်ဝိုက်ကို

ကြည့်လိုက်သည်။

'ရှဲ'

မီးခြစ်၏အလင်းရောင်ကြောင့် သူမ၏ရှေ့တည့်တည့် သစ်သားချောင်းကြီးတစ်ခုပေါ်တွင် အဘိုးကြီးတစ်ယောက် အသွားနှစ်ဖက်ပါသော ဓားရှည်ကိုကိုင်လျက် ရပ်နေကြောင်း တွေ့ရပြန်သည်။

'ဟုတ်'

ဖုန်ရင်၏မီးခြစ်မီးမှာ 'ဟုတ်'ခနဲ အသံမြည်၍ ငြိမ်းသွားပြီး မိမိခေါင်းပေါ်သို့ လက်ဝါးကြီးတစ်ဖက် ကျရောက်လာသဖြင့် ဖုန်ရင် ကပျာကယာ အောက်သို့ ခုန်ဆင်းလိုက်ရသည်။

ဖုန်ရင် မီးခြစ်လိုက်မှုကြောင့် အသွားနှစ်ဖက်ပါ ဓားကိုင် အဘိုးကြီး ဖုန်ရင်ကိုတွေ့မြင်သွားကာ အောက်သို့ခုန်ဆင်းပြီး ဖုန်ရင်အား ဓားရှည်ဖြင့် တိုက်ခိုက်လာသည်။

ဖုန်ရင်ကလည်း လက်တွင်အသင့်ရှိနေသော သံမဏိနန်းဆွဲ ကျာပွတ်ရှည်ဖြင့် ဓားကိုင်အဘိုးကြီးကို ခုခံတိုက်ခိုက်နေသည်။

'ချွင်'

'ချွင်'

ဓားနှင့်သံမဏိနန်းကြိုး ကျာပွတ်ထိခိုက်မိသံများ တချွင်ချွင် ပေါ်ထွက်နေသည်။



အိမ်ကြီးထဲရှိ သိုင်းသမားများအားလုံး အဆင့်မြင့်သိုင်းသမားများ ဖြစ်ကြဟန်တူသည်။

တစ်ယောက်နှင့်တစ်ယောက် မတွေ့မမြင်ရသော်လည်း လှုပ်ရှားထိတွေ့သံများကို မှန်းဆကြည့်ခြင်းအားဖြင့် အနည်းဆုံး ရန်သူငါးယောက်ခြောက်ယောက်ခန့်ထက်မနည်း အိမ်ကြီးထဲတွင် ရှိနေကြောင်း ရိပ်စားမိသည်။

ဖုန်ရင်သည် မိမိဆရာဖြစ်သူ၏နာမည်ကို ပြောပြလိုက်ပါက တိုက်ခိုက်မှုများ ရပ်တန့်သွားလိမ့်မည်ဟု သဘောရကာ ဆရာ၏ နာမည်ကို ပြောမည်ကြံလိုက်သည်။

သူကြံလိုက်စဉ်မှာပင် အသံများအားလုံး တိတ်ဆိတ်ငြိမ်သက်သွား၏။

လူတစ်ယောက်မျှမရှိသည့်အလား ဘာသံမျှ မကြားရတော့။

ဖုန်ရင် သံသယစိတ်ဝင်လာမိသည်။

အိမ်ကြီးထဲမှ အမည်မသိ သိုင်းသမားများ ရုတ်တရက် အကြောင်းတစ်ခုခုကြောင့် ထွက်ခွာသွားကြလေပြီလား။

သို့မဟုတ် ...

မည်သည့်အတွက် အပ်ကျသံပင်ကြားရမတတ် တိတ်ဆိတ်နေရသနည်း။

ဖုန်ရင် အမျိုးမျိုးတွေးတောရင်း ရှေ့သို့ လျှောက်လှမ်းသွားရာ ...

အိမ်ကြီးတစ်နေရာအရောက် တိုင်ကြီးတစ်တိုင်ကို လက်ဖြင့် ကိုင်စမ်းမိလိုက်တော့သည်။

စာစဉ် (၂) ပြီး၏။

စာစဉ် (၃) ဆက်လက်ဖတ်ရှုပါရန်။ ။